မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြ၏**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၄)

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက် ၂၀၁၇ ခုနှစ်၊ ဧပြီ ၃ ရက်၊ တနင်္လာနေ့ အတွဲ (၅၆)၊ အမှတ် (၁၈၅)

# ပြည်သူနှင့်အတူ

## နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

**နေပြည်တော် ဧပြီ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)



## ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲရလဒ်များ ကြေညာ

**နေပြည်တော် ဧပြီ ၂**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲရလဒ်များကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးက ယနေ့နံနက် ၉ နာရီမှစတင်၍ ထုတ်ပြန်ကြေညာခဲ့ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သုံးဦးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လေးဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၊ ရခိုင်အမျိုးသားပါတီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတို့ ရွေးချယ်ခံရကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✽

**ကမ္ဘာ့ဘဏ်က ကူညီပံ့ပိုးပေးနေတဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေ အောင်မြင်နေတာဟာ မြန်မာနိုင်ငံအစိုးရနဲ့ ပြည်သူတွေရဲ့ အောင်မြင်မှုရလဒ်ပဲ ဖြစ်တယ်**

စာ » ၉

**ကန်အမျိုးသား လုံခြုံရေး အကြံပေးဟောင်း ရုရှားကုမ္ပဏီများထံမှ ဝင်ငွေရရှိမှုကို ထုတ်ဖော်ပြောကြားနိုင်ခြင်းမရှိ**

စာ » ၁၀



KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး

အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁) စတင်ဆောင်ရွက်မှု အခမ်းအနားကို မတ် ၃၁ ရက်က နေပြည်တော်၌ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများ၏ ကျန်းမာရေးကောင်းမွန်ခြင်းသည် နိုင်ငံတစ်ခုအတွက် အကောင်းဆုံး လာဘ်လာဘဖြစ်ကြောင်း၊ သို့သော် ထိုလာဘ်လာဘမှာ လွယ်လွယ်နှင့် ရသော လာဘ်လာဘမျိုးမဟုတ်ဘဲ ဉာဏ်ပညာ၊ ဝီရိယတို့နှင့်ယှဉ်ပြီး စနစ်တကျရယူသည့် ဆုလာဘ်မျိုးဖြစ်ရမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

လက်ရှိ မြန်မာနိုင်ငံ၏ အမျိုးသားကျန်းမာရေးအဆင့်သည် အကောင်းဆုံးအခြေအနေတွင် ရှိမနေသည်ကို အားလုံးပင်သိကြသည်။ မြန်မာနိုင်ငံသည် ကင်ဆာရောဂါနှင့် အသည်းရောဂါအဖြစ်အများဆုံး နိုင်ငံများစာရင်းတွင် ပါဝင်နေပါသည်။ အဓိကအားဖြင့် လူနေမှုအဆင့် အတန်းနိမ့်ကျမှုနှင့် ကျန်းမာရေးအသိ မပြည့်စုံမှုတို့ကြောင့် ထိုသို့ဖြစ်နေရခြင်းဖြစ်သည်။ ထို့ကြောင့်ပင် အမျိုးသားကျန်းမာရေးစီမံကိန်းကို ရေးဆွဲရခြင်း ဖြစ်ပါသည်။ ဤစီမံကိန်းသည် စိတ်ကူးယဉ်၍သော် လည်းကောင်း၊ ယေဘုယျအားဖြင့်သော် လည်းကောင်း ရေးဆွဲထားခြင်းမဟုတ်ဘဲ တစ်နှစ်ပြီးတစ်နှစ် ဘယ်လိုဆက်လက်ဆောင်ရွက်သွားမည်ဆိုသည်ကို စဉ်းစားဆုံးဖြတ်ပြီး ရေးဆွဲထားခြင်းဖြစ်သည်။ အမျိုးသားကျန်းမာရေး စီမံကိန်း(၂၀၁၇ - ၂၀၂၁)၏ အဓိကပန်းတိုင်သည် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံသားအားလုံးအတွက် အခြေခံအကျဆုံးသော မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုများကို ငွေကုန်ကြေးကျ နည်းပါးစွာဖြင့် နေရာမရွေး၊ ဒေသမရွေး ပေးစွမ်းနိုင်ရေးဖြစ်သည်။ ထိုပန်းတိုင်ကိုရောက်ရှိရေးအတွက် အမျိုးသားကျန်းမာရေးစီမံကိန်းကို ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်သူများကြား ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရန် ရည်မှန်းကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ဆရာဝန်မလုံလောက်မှု၊ အထူးသဖြင့် ကျေးလက်တောရွာများတွင် ဆေးရုံ၊ ဆေးပေးခန်း မလုံလောက်မှုကြောင့် ငွေကုန်ကြေးကျခံ၍ အိမ်နီးချင်းနိုင်ငံများတွင် ဆေးဝါးကုသမှုခံယူသူများလာခဲ့သည်။ ထို့အတွက် နိုင်ငံခြားငွေ ယိုဖိတ်မှုများ ဖြစ်နေရသည်။ မြန်မာပြည်မှ အထူးကုဆရာဝန်များဆိုလျှင်လည်း တစ်နေ့လျှင် လူနာပေါင်းများစွာကို ကြည့်ရှုနေရသဖြင့် လူနာများအနေဖြင့် ကျေနပ်မှုမရနိုင်သလို ရောဂါအကဲဖြတ်ချက် မပြည့်စုံမှုများရှိနေပါသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် ယခုအခါ ပညာရေးနှင့် ကျန်းမာရေးကို အထူးဂရုစိုက်၍ အားပေးမြှင့်တင်ခြင်း ပြုလုပ်နေသည်ကို တွေ့ရသည်။ ယခုပြဋ္ဌာန်းလိုက်သော ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ပညာရေးအသုံးစရိတ်ကျပ်ငွေ ဘီလီယံ ၁၇၀၀ ကျော်နှင့် ကျန်းမာရေးအသုံးစရိတ်ကျပ်ငွေ ဘီလီယံ ၁၀၀၀ ကျော် သုံးစွဲရန်လျာထားသည်ကို တွေ့မြင်ရသည်။ ဤပမာဏသည် ယခင်ကထက် အလွန်များပြားစွာ တိုးတက်သုံးစွဲလာခြင်း ဖြစ်ပေသည်။ ၂၀၁၇ ဘတ်ဂျက်ကိုကြည့်လျှင် ဝန်ကြီးဌာနအလိုက် အသုံးစရိတ်များတွင် ပညာရေးသည် ဒုတိယအများဆုံးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် စတုတ္ထအများဆုံး သုံးစွဲထားသည်ကို တွေ့နိုင်ပါသည်။

ပညာတတ်သည့်၊ ကျန်းမာသည့် ပြည်သူ ပြည်သားများသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အတွက် အကောင်းဆုံးအာမခံချက်ပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတိုးတက်သည် မတိုးတက်သည်ကို နိုင်ငံ၏ကျန်းမာရေး၊ ပညာရေးအခြေအနေကိုကြည့်ပြီး အကဲဖြတ်၍ ရနိုင်ပါသည်။ တစ်ချိန်က မြန်မာနိုင်ငံကို တစ်ကမ္ဘာလုံးက လေးစားရသည့်အကြောင်းရင်းတစ်ခုမှာ မိမိတို့နိုင်ငံသားများသည် ကျန်းမာရေးနှင့် ပညာရေးကို အလေးထားပြီး အောင်မြင်အောင်လုပ်နိုင်ခဲ့၍ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

ယခုမြန်မာနိုင်ငံ၏ ငှက်ဖျား၊ တီဘီနှင့် **HIV/ AIDS** ရောဂါတိုက်ဖျက်ရေးလုပ်ငန်းစဉ် လျင်မြန်စွာ တိုးတက်အောင်မြင်မှုရှိသည့်အတွက် ကမ္ဘာက အသိအမှတ်ပြုချီးကျူးလာရသည်။ ထို့ကြောင့် ၂၀၁၇-၂၀၂၁ အမျိုးသားကျန်းမာရေးစီမံကိန်းသည်လည်း နိုင်ငံတော်အစိုးရ၏ အလေးထားအာရုံစိုက်မှု၊ ပြည်သူပြည်သားများနှင့် အဖွဲ့အစည်းပေါင်းစုံတို့၏ ပူးပေါင်းကူညီပါဝင်မှုကြောင့် အောင်မြင်မှုပန်းတိုင်ကို ရောက်ရှိမည်ဟု ယုံကြည်ပါကြောင်း တင်ပြရပါသည်။

# ပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၇ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ ဖြေဆိုကြရာ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်) ပဉ္စမနေ့ကို စာရင်းသွင်းသံဃာ၊ သီလရှင် စုစုပေါင်း ၄၄၀၉၃ ပါးအနက် ၃၅၉၅၉ ပါးဖြေဆိုကြသဖြင့် ၈၁ ဒသမ ၅၅ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

မေ ၁ ရက်က ကျင်းပခဲ့သည့် ၂၀၁၇ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ ဖြေဆိုကြရာ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလ) စတုတ္ထနေ့ကို စာရင်းသွင်းသံဃာ၊ သီလရှင် စုစုပေါင်း ၆၃၅၉၂ ပါးအနက် ၅၀၄၂၂ ပါး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၂၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ နှစ် (၈၀)ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂**



ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ နှစ် (၈၀) ပြည့် အဖွဲ့စတင်ဖွဲ့စည်းတည်ထောင်သောနေ့(Foundation Day) အထိမ်းအမှတ် အခမ်းအနားကို မေ ၁ ရက် နံနက် ၁၀ နာရီက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးအမှတ်(၁၇)ရှိ စုပေါင်းခန်းမ၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်ပြီး အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါအခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးနိုင်သက်လွင်၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးမော်သန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးဝင်းမော်၊ ဦးသန်းထွန်း၊ ဒေါက်တာဦးပွား၊ ဦးစောဗယ်လင်တိုင်းနှင့် ၎င်းတို့၏ဇနီးများ၊ အဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အဖွဲ့ဝင်(ငြိမ်း)များ၊ အမြဲတမ်းအတွင်းဝန်များ၊ အဖွဲ့ရှိ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်နှင့် ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အရာထမ်း၊ အမှုထမ်းများ၊ အထူးဖိတ်ကြားထားသော တက္ကသိုလ်အကြံပေးအဖွဲ့များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက အဖွဲ့နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှာစကားပြောကြားပြီး အဖွဲ့နှစ်(၈၀) ပြည့် ဗီဒီယိုမှတ်တမ်းပြသခြင်း၊ ဝန်ထမ်းများသို့ အမှတ်တရလက်ဆောင်ဝတ်စုံများ ပေးအပ်ခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီဖွင့်လှစ်ရာ၌ ပါဝင်ပံ့ပိုးပေးခဲ့သော ပုဂ္ဂိုလ်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်ခဲ့သော သင်တန်းများတွင် ထူးချွန်ဆုရရှိသူဝန်ထမ်းများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်း၊ ဝန်ထမ်းလုပ်သက်(၃၀)နှစ်ပြည့်သူများကို ဆုများချီးမြှင့်ပေးခဲ့ပြီး နှစ်(၈၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကာ ဝန်ထမ်းများအား ကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံစိတ်ပညာအသင်း၌ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် မေ ၂**

မြန်မာနိုင်ငံစိတ်ပညာအသင်းတည်ရှိရာ လမ်းမတော်မြို့နယ် ၉ လမ်း အမှတ်(၂၁) ခန်းမ၌ မေ ၈ ရက် နံနက် ၁၀ နာရီတွင် ဆရာချစ်နိုင်က "အောင်မြင်ရေးအတွက် သော့ချက်ဖြစ်သော လူမှုဆက်ဆံရေး" အကြောင်းအရာကို ဟောပြောမည်ဖြစ်သည်။

ဆရာဝန်၊ သူနာပြု၊ ရှေ့နေ၊ သတင်းထောက်၊ ရဲအရာရှိ၊ စျေးသည်၊ ကုန်သည်၊ လုပ်ငန်းရှင်၊ အုပ်ချုပ်ရေးမှူး၊ ဝန်ထမ်းများ၊ နိုင်ငံရေးသမားများအားလုံးနှင့် သက်ဆိုင်ပြီး လက်တွေ့အသုံးချနိုင်မည့် စိတ်ပညာဆိုင်ရာဗဟုသုတများကို အခမဲ့ဟောပြောမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တစ်ဦးချင်းဖြစ်စေ၊ အသင်းအစုဖြင့်ဖြစ်စေ နံနက် ၉ နာရီခွဲအရောက် တက်ရောက်နိုင်ကြောင်း သိရသည်။အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံစိတ်ပညာအသင်းရုံးဖုန်း ၀၁-၂၁၂၂၄၃ နှင့် ၀၁-၂၃၁၆၈၆၁ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

၂-၄-၂၀၁၇ ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၅၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၈၀၀၀ |

စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၆၈၅/၇၀၅ ကျပ် | (လက်ကားစျေး) |
| အောက်တိန်း ၉၂ | ၆၉၅/၇၁၀ ကျပ် | (လက်ကားစျေး) |
| အောက်တိန်း ၉၅ | ၇၃၅/၇၆၀ ကျပ် | (လက်ကားစျေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၃၀ ကျပ် | (လက်ကားစျေး) |

နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ . ၀၀ |
| ဥရောပ | တစ်ယူရို | ၁၄၇၂ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၅ . ၁၂ |
| ထိုင်း | တစ်ဘတ် | ၃၉ . ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၉၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ . ၉၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၈ . ၂၅ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

## ငြိမ်းချမ်းရေးမရရှိဘဲ ဖွံ့ဖြိုးတိုးတက်ဖို့မဖြစ်နိုင်

**ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ဟာ အပြန်အလှန်ချိတ်ဆက် အမှီသဟဲပြုနေပါတယ်။ ငြိမ်းချမ်းရေးမရရှိဘဲ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ မဖြစ်နိုင်ပါ။ ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ငြိမ်းချမ်းရေး မတည်မြဲနိုင်ပါ။ ဆင်းရဲနွမ်းပါးမှုကို အမြစ်ပြတ်သုတ်သင်နိုင်ရေးဟာ ဒီနေ့ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုအများအပြားကို ဖြေရှင်းနိုင်မယ့် နည်းလမ်းများအနက် တစ်ခုဖြစ်ပါတယ်။**

(၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်တွင် ကျရောက်သည့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## အမှန်တရားကို ရှေးရှု

**ကျွန်မတို့ အမျိုးသားရင်ကြားစေ့ရေးရရှိဖို့၊ ငြိမ်းချမ်းရေးရရှိဖို့ဆိုလို့ရှိရင် အဂတိတရားကင်းစင်ရမယ်။ ကျွန်မတို့ဟာ ကျွန်မတို့နိုင်ငံအတွင်းမှာရှိတဲ့ အဖွဲ့အစည်း၊ အစုအဖွဲ့အသီးသီးနဲ့ ဆက်ဆံတဲ့နေရာမှာဆိုရင် ကိုယ်ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ အမှန်တရားကို ရှေးရှုပြီးတော့ လုပ်ကိုင်ဖို့လိုပါတယ်။**

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၅/၂၀၁၇)**
၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂ ရက်)

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း**

၂၀၁၇ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | |
| (၁) ဦးညွှန့်အောင် | ၅/အရတ (နိုင်)၀၀၃၂၀၆ | မုံရွာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မွန်ပြည်နယ်** | | | |
| (၂) ဦးအောင်ကြည်သိန်း | ၁၂/မရက (နိုင်) ၀၁၈၁၅၀ | ချောင်းဆုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ရခိုင်ပြည်နယ်** | | | |
| (၃) ဒေါက်တာအေးမောင် | ၁၃/နခန (နိုင်)၀၀၉၉၉၉ | အမ်း | ရခိုင်အမျိုးသားပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | |
| (၄) ဦးမြစိန် | ၁၂/ဒပန (နိုင်) ၀၁၅၆၂၉ | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) ဦးနေကျော် | ၁၂/တမန (နိုင်)၀၄၅၈၁၈ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) ဦးကျော်ဆွေဝင်း (ခ) ဦးအာလူး | ၁၂/ကမန (နိုင်) ၀၀၂၅၆၉ | ကော့မှူး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) ဦးဝင်းမင်း | ၁၂/ကမတ (နိုင်) ၀၄၀၇၃၆ | လှိုင်သာယာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | |
| (၈) စိုင်းဝင်းအေး(ခ) စိုင်းထွန်းအေး | ၉/မကန (နိုင်)၀၀၀၀၀၁ | မိုင်းရှူး | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) စိုင်းအောင်ကျော် | ၁၃/ကသန (နိုင်)၀၀၀၅၆၃ | ကျေးသီး | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၆/၂၀၁၇)**
၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂ ရက်)

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း**

၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|
| **ချင်းပြည်နယ်** | | | |
| (၁) ဦးဘွဲခိန်း (Pu Bawi Khing) | ၄/ထတလ (နိုင်)၀၀၁၈၄၂ | အမှတ်(၃) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | |
| (၂) ဒေါ်စန်းစန်းမြင့် | ၇/ညလပ (နိုင်)၁၂၃၅၀၁ | အမှတ်(၄) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | |
| (၃) ဒေါက်တာမောင်မောင် | ၉/ကပတ (နိုင်)၀၃၁၇၂၇ | အမှတ်(၆) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၇/၂၀၁၇)**
၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂ ရက်)

**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း**

၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင်ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|
| **ကယားပြည်နယ်** | | | |
| (၁) ဦးသဲရယ် | ၂/ဖရဆ (နိုင်)၀၁၂၉၂၄ | ဖရူဆို(၁) | လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်) |
| **ရှမ်းပြည်နယ်** | | | |
| (၂) စိုင်းစံမိုင်း | ၁၃/ကသန (နိုင်)၀၁၇၃၇၆ | ကျေးသီး(၁) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) ဦးခင်မောင်ညွှန့် | ၁၂/ရကန (နိုင်)၀၂၅၁၀၇ | ကျေးသီး(၂) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) စိုင်းလင်းမြတ် | ၁၃/တကန (နိုင်) ၀၀၀၉၂၇ | မိုင်းရှူး(၁) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) ဒေါ်နန်းကောင်ခမ်း | ၁၃/တယန (နိုင်)၀၀၁၁၃၉ | မိုင်းရှူး(၂) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) ဦးရှာမွေလရှုံ | ၁၃/မခန (နိုင်)၀၀၀၁၁၉ | ကျိုင်းတုံ(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) ဦးခင်မောင်ဝင်း | ၁၃/တကန (နိုင်)၀၄၁၅၀၇ | ညောင်ရွှေ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကမ္ဘာ့အော်တစ်ဇင်နေ့အခမ်းအနား ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး တက်ရောက်ဖွင့်လှစ်

**ရန်ကုန် ဧပြီ ၂**

ကမ္ဘာ့အော်တစ်ဇင်နေ့ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ရင်ပြင် တော်ဝင်နှင်းဆီကွင်း၌ ယနေ့ညနေပိုင်းတွင် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦး၊ ကမ္ဘာ့ဇအနာဂတ်အလင်းတန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နမ်းလိုင်းခမ်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် အော်တစ်ဇင်ကလေးများနှင့်ပတ်သက်၍ အခွင့်အရေးများ ဖော်ထုတ်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အော်တစ်ဇင်ကလေးများကို အထူးစောင့်ရှောက်ရန် လိုအပ်သောကလေးများဟု ခေါင်းစဉ်တပ်ပြီး ပြုစုစောင့်ရှောက်ပျိုးထောင်၍ ပါဝင်ခွင့်ရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိကအရေးကြီးသည့် ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးကိုလည်း ဆောင်ရွက်ရန် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အော်တစ်ဇင်ရောဂါနှင့် ပတ်သက်၍ စောစီးစွာသိရှိပြီး ကြိုတင်ပြုပြင်ပြုစုနိုင်သော နည်းလမ်းများကို ဖော်ထုတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦးက အော်တစ်ဇင်ကလေးများကို အားပေးစကား ပြောကြားပြီး အော်တစ်ဇင်ကလေးများ လမ်းလျှောက်ပွဲကို ကြည့်ရှုအားပေးကာ ကလေးများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



❀ ရှေ့ဖုံးမှ

ကြားဖြတ်ရွေးကောက်ပွဲရလဒ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက နံနက် ၉ နာရီ၊ မွန်းတည့် ၁၂ နာရီနှင့် ညနေ ၄ နာရီ မိနစ် ၅၀ တို့တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက် ရလဒ်များကို ထုတ်ပြန်ကြေညာခဲ့သည်။

**ပြည်သူ့လွှတ်တော်**

ထိုသို့ ထုတ်ပြန်ကြေညာရာတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၉၉၆၃၁ ဦးအနက် ၄၁၅၀၄ ဦးတို့ လာရောက်ဆန္ဒမဲပေးရာ ခိုင်လုံသော ဆန္ဒမဲ ၄၀၃၂၀ ရရှိခဲ့ကြောင်း၊ ၎င်းတို့အနက် **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးနေကျော်က ဆန္ဒမဲပေါင်း ၂၇၃၅၇ မဲ ( ၆၇ ဒသမ ၈၅ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း ရှစ်ဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၇၈၅၁၆ ဦးအနက် ၄၆၄၁၈ ဦးတို့ လာရောက်ဆန္ဒမဲပေးရာ ခိုင်လုံသော ဆန္ဒမဲ ၄၄၉၈၉ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးဝင်းမင်းက ဆန္ဒမဲပေါင်း ၃၁၃၆၉ မဲ (၆၉ ဒသမ ၇၃ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း ငါးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၉၉၈၀၇ ဦး အနက် ၂၆၂၅၀ တို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၂၅၂၇၁ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးမြစိန်က ဆန္ဒမဲပေါင်း ၁၅၇၅၆ မဲ (၆၂ ဒသမ ၃၅ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း ကိုးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၉၄၆၉၈ ဦး အနက် ၅၆၁၄၁ ဦးတို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသော ဆန္ဒမဲ ၅၄၃၄၈ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးကျော်ဆွေဝင်း(ခ) ဦးအာလူးက ဆန္ဒမဲပေါင်း ၃၈၀၂၈ မဲ (၆၉ ဒသမ ၉၇ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း ငါးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၅၀၀၄၀ အနက် ၁၁၉၂၇၂ ဦးတို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသော ဆန္ဒမဲ ၁၁၇၄၂၈ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးညွန့်အောင်က ဆန္ဒမဲပေါင်း ၉၅၉၂၃ မဲ (၈၁ ဒသမ ၆၉ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲရလဒ်များ ကြေညာစဉ်

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း ငါးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၂၆၂၂၅ ဦးအနက် ၄၈၅၃၅ ဦးတို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသော ဆန္ဒမဲ ၄၇၁၆၇ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးအောင်ကြည်သိန်းက ဆန္ဒမဲပေါင်း ၁၉၆၆၇ မဲ(၄၁ ဒသမ ၇၀ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း လေးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၇၆၀၈၆ ဦးအနက် ၄၆၆၆၉ ဦးတို့ လာရောက်ဆန္ဒမဲပေးကြကာ ခိုင်လုံသောဆန္ဒမဲ ၄၄၃၀၄ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရခိုင်အမျိုးသားပါတီမှ ဒေါက်တာအေးမောင်က ဆန္ဒမဲပေါင်း ၂၁၇၉၄ မဲ (၄၉ ဒသမ ၁၉ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း လေးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၃၉၆၄ ဦးအနက် ၂၁၁၀၉ ဦးတို့ လာရောက်ဆန္ဒမဲပေးကြကာ ခိုင်လုံသောဆန္ဒမဲ ၁၇၇၅၈ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ စိုင်းဝင်းအေး(ခ) စိုင်းထွန်းအေးက ဆန္ဒမဲပေါင်း ၁၀၂၁၆ မဲ (၅၇ ဒသမ ၅၃ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် ကျေးသီးမြို့နယ်၌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း လေးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြရာ ခိုင်လုံသောဆန္ဒမဲ ၂၄၅၂၀ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ စိုင်းအောင်ကျော်က ဆန္ဒမဲပေါင်း ၁၈၈၈၂ မဲ (၇၇ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

**အမျိုးသားလွှတ်တော်**

ချင်းပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၃) အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း သုံးဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၀၀၂၇ ဦး အနက် ၂၁၁၂၄ ဦးတို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၂၀၆၇၄ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးဘွဲ့ခိန်းက ဆန္ဒမဲပေါင်း ၉၂၄၂ မဲ ( ၄၄ ဒသမ ၇၀ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၄)အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၂၀၃၃၈ ဦးအနက် ၁၂၉၁၀၇ ဦးတို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၁၂၃၉၆၀ ရရှိခဲ့သည်။ ၎င်းတို့အနက် **အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါ်စန်းစန်းမြင့်က ဆန္ဒမဲပေါင်း ၇၁၀၄၂ မဲ (၅၇ ဒသမ ၃၁ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၆)အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၄၃၆၀၀ အနက် ၉၃၂၇၉ ဦးတို့ လာရောက်ဆန္ဒမဲပေးရာ ခိုင်လုံသော ဆန္ဒမဲ ၉၂၁၆၁ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါက်တာမောင်မောင်က ဆန္ဒမဲပေါင်း ၇၅၂၉၉ မဲ (၈၁ ဒသမ ၇၀ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

**ပြည်နယ်လွှတ်တော်**

ကယားပြည်နယ် ဖရူဆိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၌ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း သုံးဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၉၅၇၀ အနက် ၆၇၁၀ တို့ လာရောက်ဆန္ဒမဲပေးရာ ခိုင်လုံသော ဆန္ဒမဲ ၆၂၈၆ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ (ကယားပြည်နယ်)မှ ဦးသဲရယ်က ဆန္ဒမဲပေါင်း ၃၃၅၁ မဲ (၅၃ ဒသမ ၃၁ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၌ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်းသုံးဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၆၂၇၀၅ ဦးအနက် ၃၅၀၇၇ ဦးတို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၃၃၆၄၀ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးခင်မောင်ဝင်းက ဆန္ဒမဲပေါင်း ၁၇၂၀၄ မဲ (၅၁ ဒသမ ၁၄ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်၌ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၂)အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦးက ဝင်ရောက်ယှဉ်ပြိုင်ကြကာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၅၆၁၃၆ ဦးအနက် ၂၂၇၆၂ ဦးတို့ လာရောက်ဆန္ဒမဲပေးကြပြီး ခိုင်လုံသော ဆန္ဒမဲ ၂၀၆၂၈ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးရှာမွေလရှိန်က ဆန္ဒမဲပေါင်း ၇၀၂၆ မဲ (၃၄ ဒသမ ၁၆ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ်၌ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၁)အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း လေးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄၀၀၈ ဦးအနက် ၁၀၇၆၅ ဦးတို့ လာရောက်ဆန္ဒမဲပေးကြပြီး ခိုင်လုံသောဆန္ဒမဲ ၈၂၃၆ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ စိုင်းလင်းမြတ်က ဆန္ဒမဲပေါင်း ၄၇၆၄ မဲ (၅၇ ဒသမ ၈၄ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ်၌ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၉၉၅၆ ဦးအနက် ၁၀၃၄၄ ဦးတို့ လာရောက်ဆန္ဒမဲပေးကြပြီး ခိုင်လုံသော ဆန္ဒမဲ ၈၆၀၅ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါ်နန်းကောင်ခမ်းက ဆန္ဒမဲပေါင်း ၅၇၅၃ မဲ (၆၆ ဒသမ ၈၆ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် ကျေးသီးမြို့နယ်၌ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၁)အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း လေးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြရာ ခိုင်လုံသောဆန္ဒမဲ ၁၃၄၀၆ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ စိုင်းစံမိုင်းက ဆန္ဒမဲပေါင်း ၁၁၅၄၂ မဲ (၈၆ ဒသမ ၁၀ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် ကျေးသီးမြို့နယ်၌ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၂)အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြရာ ခိုင်လုံသော ဆန္ဒမဲ ၁၁၈၃၆ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးခင်မောင်ညွန့်က ဆန္ဒမဲပေါင်း ၇၈၃၂ မဲ (၆၆ ဒသမ ၁၇ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ပြည်သူများနှင့် ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

၂၀၁၇ ခုနှစ် ဧပြီ ၁ရက်တွင် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ၌ လစ်လပ်လျက်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကိုးနေရာ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သုံးနေရာနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်နေရာ စုစုပေါင်း နေရာ ၁၉ နေရာအတွက် နိုင်ငံရေးပါတီ ၂၄ ပါတီမှ ကိုယ်စားလှယ်လောင်း ၈၇ ဦးနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ခုနစ်ဦး စုစုပေါင်း ၉၄ ဦး တို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သူရဇော်၊ မွှေးကြူဇင်(သတင်းစဉ်)**

# မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်သို့ အလှူငွေပေးအပ်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၂**

မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်သို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ Novotel Yangon Max ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်လေး၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသည့် အသင်းအဖွဲ့အစည်းအသီးသီးမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးကိုယ်စား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်သို့ လှူဒါန်းငွေများ ပေးအပ်ရာ Gold Power Group of Companies က ငွေကျပ် သိန်း ၅၀၊ Diamonds Gems & Jewellery ကငွေကျပ်၄၅သိန်း၊ KSS Group of Companies က ငွေကျပ် သိန်း ၃၀ ၊ Great Merits Co., Ltd က ငွေကျပ် သိန်း ၂၀ ၊ Living Square Co.,Ltd က ငွေကျပ် သိန်း ၂၀ ၊ UMG Group of Company က ငွေကျပ် သိန်း ၂၀၊ AA Medical Products Ltd. က ငွေကျပ် ၁၅ သိန်း၊ Supreme Group က ငွေကျပ် ၁၅ သိန်း၊ New Star Gems & Jewellery က ငွေကျပ် ၁၀ သိန်း၊ Golden Pinya Investment Co.,Ltd က ငွေကျပ် ၁၀ သိန်း၊ ဝိသာခါဖောင်ဒေးရှင်းနှင့် လေးကျွန်းသူဖောင်ဒေးရှင်းတို့က ငွေကျပ် ၁၀ သိန်း ၊ A1 Construction Co.,Ltd က ငွေကျပ် ၁၀ သိန်း၊ Hightech Princess Co.,Ltd က ငွေကျပ် ၁၀ သိန်း၊ Golden Great Galaxy Co.,Ltd က ငွေကျပ် ၁၀ သိန်း၊ Mandalar Minn Trading & Trañsportation Co.,Ltd က ငွေကျပ် ၁၀ သိန်း၊ Waide International Trading Co., Ltd က ငွေကျပ် ၁၀ သိန်း၊ Cho Cho Phyu Industrial Manufacturing Co.,Ltd က ငွေကျပ် ၁၀ သိန်း၊ Cherry YOMA Groups Public Co.,Ltd က ငွေကျပ် ၁၀ သိန်း၊ AGRO BIO Product Co.,Ltd MKK Engineering & Constructing Co.,Ltd က ငွေကျပ် ၁၀ သိန်း၊ Kan Tun Thit Co.,Ltd က ငွေကျပ် ၁၀ သိန်း၊ Great Diamond Gems & Jewellery Ltd. 999 Construction Product Co.,Ltd က ငွေကျပ် ၁၀ သိန်း၊ Diamond Tree Co.,Ltd က ငွေကျပ် ၁၀ သိန်း၊ A1 Group of Companies က ငွေကျပ် ငါးသိန်း၊ Peace Smile Land Travels & Tours က ငွေကျပ် ငါးသိန်း၊ Diamond & Me Gems က ငွေကျပ် ငါးသိန်းတို့




ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ရွေးကောက်ခံကိုယ်စားလှယ်များ၏ ရင်တွင်းစကားသံများ

## မုံရွာမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင်နှင့် ခဏတာ



ဦးညွန့်အောင်

**မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၅၀၀၄၀ ရှိပြီး ၁၁၉၁၈၂ ဦး လာရောက်ဆန္ဒမဲပေးကြကြောင်း အဆိုပါဆန္ဒမဲများအနက် ခိုင်လုံသောဆန္ဒမဲ ၁၁၇၄၂၈ ရရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ဧပြီလ ၁ ရက်နေ့ထုတ် ကြေညာချက် အမှတ်(၁/၂၀၁၇) အရ သိရသည်။**

ပထမဦးဆုံးလုပ်ဆောင်မည်မှာ မြေယာကိစ္စများ ဖြစ်သည်ဟုဆိုထားသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင်ကို ဧပြီ ၂ ရက် မွန်းတည့်အချိန်က မုံရွာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီရုံးခန်းတွင် တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

**မေး။ ။ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖြစ်တဲ့ရည်ရွယ်ချက်ကို သိချင်ပါတယ်ဗျ။**

ဖြေ။ ။ ကြားဖြတ်ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖြစ်တဲ့ ရည်ရွယ်ချက်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီရဲ့ရည်ရွယ်ချက်နဲ့ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်တဲ့နေရာမှာ အမာခံအုတ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ ပါဝင်ချင်တဲ့အတွက်ကြောင့်ပါ။ နောက်တစ်ချက်က မုံရွာမြို့နယ်သူ မြို့နယ်သားတွေရဲ့ နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိလာအောင် ကျွန်တော်တတ်နိုင်သမျှ လုပ်ပေးချင်တယ်။ နိုင်ငံသားအခွင့်အရေးဆုံးရှုံးမှုမရှိအောင် တတ်နိုင်သမျှ ကာကွယ်ပေးချင်တဲ့အတွက် လစ်လပ်နေတဲ့ မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာမှာ ဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။

**မေး။ ။ အခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီဆိုတော့ ဘာတွေများလုပ်ပေးဖို့ ရှိပါသလဲဗျ။**

ဖြေ။ ။ ပထမဦးဆုံးအနေနဲ့ မုံရွာမြို့နယ်က ရပ်ကွက် ကျေးရွာပေါင်း ၂၂၀ လောက်ရှိတဲ့နေရာမှာ ဒေသတစ်ခုနဲ့ တစ်ခုကလည်း မတူဘူး။ တချို့ဒေသတွေက ကုန်းတွင်းပိုင်းတွေ ဖြစ်တယ်။ တောင်ကြားရွာ၊ နိဗ္ဗာန်ဝရွာ၊ ဘန်စီရွာတို့လိုပေ့ါ။ ခြောက်သွေ့ဒေသတွေဖြစ်တယ်ပေ့ါဗျာ။ နောက်ပြီး မြစ်နဲ့နီးတဲ့ ဘုဘရွာ၊ ညောင်ဖြူပင်ရွာ၊ သစ်စိမ့်ရွာ စတာတွေဘက်မှာကတော့ ရေဝင်ပိုင်းတွေဖြစ်တယ်။ ဒေသတစ်ခုနဲ့တစ်ခုက မတူဘူးလေ။ အခက်အခဲတွေကလည်း မတူဘူးပေ့ါ။ ကျွန်တော့်အနေနဲ့ ကျေးရွာတွေရဲ့အခက်အခဲတွေကို ကူညီဆောင်ရွက်ပေးနိုင်အောင်အတွက်ပါ။ အချက်အလက်တွေ စုဆောင်းနေတုန်းဖြစ်ပါတယ်။

**မေး။ ။ မနေ့ကကျင်းပတဲ့ ကြားဖြတ်ရွေးကောက်ပွဲအပေါ် ဦးညွန့်အောင်အနေနဲ့ ဘယ်လိုမြင်ပါသလဲဗျ။**

ဖြေ။ ။ ကြားဖြတ်ရွေးကောက်ပွဲကတော့ ပုံမှန်အတိုင်းပါပဲ။ ကျွန်တော်သွားခဲ့တဲ့နေရာတွေမှာတော့ ပုံမှန်အတိုင်းပါပဲ။ ဘာမှ အခက်အခဲမရှိပါဘူး။ ပုံမှန်ရွေးကောက်ပွဲတစ်ခုမှာ တွေ့နေကျအတိုင်းပါပဲ။ အားပြိုင်မှုတွေတော့ ရှိပေမယ့် တအားကြီး ထူးထူးခြားခြား မရှိပါဘူး။

**မေး။ ။ ဦးညွန့်အောင်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်သွားပြီဆိုတော့ ပထမဦးဆုံး ဘာစလုပ်မလဲဗျ။**

ဖြေ။ ။ စစချင်းမှာတော့ လောလောဆယ် မုံရွာမြို့နယ်မှာ ဖြစ်နေတာ မြေယာသိမ်းဆည်းခံနေရတာတွေရှိပါတယ်။ အဲဒါတွေက ပထမဆုံးလုပ်ရမယ့် ကိစ္စဖြစ်တဲ့အတွက် အဲဒါကို စတင်လုပ်ဆောင်ပါမယ်။

**မေး။ ။ ဘာများ ဖြည့်စွက်ပြောချင်ပါသေးသလဲဗျ။**

ဖြေ။ ။ နောင်ကျင်းပမယ့် ရွေးကောက်ပွဲတွေ ရွေးကောက်ပွဲတွေမှာ နိုင်ငံသားတွေဟာ ကိုယ့်ရဲ့ရပိုင်ခွင့် မဆုံးရှုံးအောင် ကိုယ်ရွေးချယ်ချင်တဲ့သူကို ရွေးချယ်ခွင့်ပေးနေတဲ့အချိန်မှာ မပျက်မကွက် မဲပေးကြဖို့ တိုက်တွန်းချင်ပါတယ်။

**မျိုးဝင်းထွန်း(မုံရွာ)**

## လယ်ယာလုပ်ငန်းဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကူညီမည်ဟု ရွေးကောက်ခံကိုယ်စားလှယ်ပြော

**မြန်မာနိုင်ငံတစ်နိုင်ငံလုံး၏ လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာတွင် လူအများစိတ်ဝင်စားမှုများခဲ့သည့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကြားဖြတ်ရွေးကောက်ပွဲကို ပြဿနာမရှိ အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။**



ဦးအောင်ကြည်သိန်း

“ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို အဆင်ပြေပြေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီမနက်မှာ ရွေးကောက်ပွဲမဲရလဒ်ကို အတည်ပြုကြေညာနိုင်ခဲ့ပါပြီ။ မဲလာပေးတဲ့ မဲဆန္ဒရှင်ပြည်သူတွေလည်း မဲပေးမှုမှာ ကျေနပ်မှုရှိကြတယ်လို့ သိရပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ၂၀၁၅ ထက်ပိုပြီး အဆင်ပြေပြေ ထိရောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်” ဟု မွန်ပြည်နယ်ရွေးကော်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ခံအရာရှိ ဦးဟိဏ်းလင်းထက်က ပြောသည်။

“ကျွန်တော် ကတိပေးထားတဲ့အတိုင်း ဦးစားပေးအနေနဲ့ လယ်ယာကဏ္ဍတိုးတက်ရေး ဒေသခံပြည်သူတွေရဲ့ အလုပ်အကိုင်ရရှိမှုစတာတွေမှာ ကူညီပေးသွားပါမယ်။ လယ်ယာစိုက်ပျိုးရေးမှာဆိုရင် မျိုးစပါးကိစ္စပိုင်းမှာ အရင်ဆုံးကူညီပေးပါမယ်။ အလုပ်အကိုင်ရရှိမှုမှာဆိုရင်တော့ ဘွဲ့ရအလုပ်လက်မဲ့ ဒေသခံတွေကို ဌာနဆိုင်ရာတွေ၊ ကုမ္ပဏီတွေနဲ့ ချိတ်ဆက်တဲ့နေရာမှာ ကူညီပေးပါမယ်။ ချောင်းဆုံဒေသရဲ့ SME လုပ်ငန်းတွေမှာ ကြိုးစားကူညီပေးပါမယ်။ လွှတ်တော်မှာ အတိုက်အခံအနေနဲ့ဆိုပေမယ့် ကျွန်တော်ကိုယ်တိုင်က ဝန်ထမ်းကနေလာတာလည်း ဖြစ်ပြီးတော့ ပါတီစွဲမရှိပါဘူး။ ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆို အားလုံးနဲ့ ပူးပေါင်းဖို့ အသင့်ပါပဲ။ ဥပမာဆို ကျွန်တော် မဲဆွယ်ကာလ စည်းရုံးရေးဆင်းကတည်းက ပါတီငါးခုလုံးကို အတူသွားကြမယ်။ တစ်ယောက်တစ်နာရီ ပြောကြမယ်။ ပြည်သူတွေလည်း အချိန်ကုန်ကျ သက်သာအောင်ဆိုပြီး ပြောဖူးပါတယ်။ အခုလည်း ကျွန်တော့်ရဲ့ ဒေသခံတွေဆီကို နှုတ်ဆက်ရင်း အကြံဉာဏ်တွေ တောင်းခံနေပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကတော့ ဒေသခံတွေရဲ့ ဆန္ဒကအဓိကပါပဲ”ဟု ရွေးကောက်ခံကိုယ်စားလှယ် ဦးအောင်ကြည်သိန်းက ပြောသည်။

ဦးအောင်ကြည်သိန်းသည် ၁၉၅၈ ခုနှစ် အဖ ဦးမြမွှေး၊ အမိ ဒေါ်လှမေတို့မှ ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာတွင် မွေးဖွားခဲ့သူ မွန်လူမျိုးဖြစ်သည်။ ၁၉၈၂ ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်မှ B.E (စက်မှု) ဘွဲ့ရရှိခဲ့ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (အငြိမ်းစား) တစ်ဦးလည်းဖြစ်သည်။

**မြတ်မွန်ထွေး၊ တင်ထွဋ်(မော်လမြိုင်)**

## အမ်းမဲဆန္ဒနယ်၌ ရခိုင်အမျိုးသားပါတီ ကိုယ်စားလှယ်လောင်း ဒေါက်တာအေးမောင် အနိုင်ရရှိ

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် မဲဆန္ဒနယ်၌ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအား ဧပြီ ၁ ရက်က ကျင်းပခဲ့ရာတွင် ရွေးကောက်ခံပါတီ သုံးပါတီ၊ တစ်သီးပုဂ္ဂလတစ်ခု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရခိုင်အမျိုးသားပါတီမှ ဒေါက်တာအေးမောင် အနိုင်ရရှိခဲ့သည်။



ဒေါက်တာ အေးမောင်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်နေရာဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်က “အမ်းမြို့နယ်သူ မြို့နယ်သားများ အပါအဝင် ရခိုင်ပြည်နယ် ပြည်သူပြည်သားများအပေါ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့လုပ်ဆောင်သွားမှာဖြစ်တဲ့အပြင် တိုင်းရင်းသားများဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မျိုးသားလုံး၏ ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးကို ကြိုးပမ်းလုပ်ဆောင်သွားရန်နဲ့ ပြည်တွင်းစစ်ရပ်စဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးစားပေး လုပ်ဆောင်သွားမယ်” ဟု ၎င်း၏ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

**အောင်လှဖြူ (မြို့နယ် ပြန်/ဆက်)**

## ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ဦးရှာမွေလရှန် အနိုင်ရရှိ

ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ် ဦးရှာမွေလရှန်က “အခု ရွေးကောက်ပွဲအပေါ် အမြင်သဘောထားမှာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်ပါတယ်” ဟု ပြောပြသည်။

“ကျွန်တော်က ပထမ ငါးနှစ်သက်တမ်းတုန်းက ပြည်ခိုင်ဖြိုးပါတီက အရွေးခံကာ အနိုင်ရပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့မှာ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

အဲဒီမတိုင်ခင် ပညာရေးဌာနမှာ လက်ထောက်ပညာရေးမှူး တာဝန်ထမ်းဆောင်ခဲ့တယ်။ ပြည်နယ်ဝန်ကြီးဖြစ်တဲ့အချိန် ဒေသတွင်းပညာရေး၊ ကျန်းမာရေးကိစ္စတွေ တတ်နိုင်သမျှ ဆောင်ရွက်ခဲ့တယ်။ သို့ပေမယ့် ဆောင်ရွက်စရာတွေ အများကြီးကျန်သေးတယ် အဲဒီအတွက် ဝင်ရောက်အရွေးခံတာပါ။ ၂၀၁၅ တုန်းက လားဟူတိုင်းရင်းသားပါတီကနေ အရွေးခံတယ် အနိုင်မရခဲ့ဘူး။

အခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ အစောကပြောတဲ့ကိစ္စတွေ ဆောင်ရွက်သွားမှာပါ” ဟု ၎င်းက ဆက်ပြောသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**



ဦးရှာမွေလရှန်

# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံရသူများ၏ စကားသံများ

ဆက်သွယ်မေးမြန်း- မင်းသစ်၊ ဇော်ကြီး၊ နန္ဒာဝင်းနှင့် သတင်းအဖွဲ့


ဦးမြစိန်


ဦးနေကျော်


ဦးကျော်ဆွေဝင်း (ခ) ဦးအာလူး


ဦးဘွဲ့ခိန်း


ဒေါက်တာ မောင်မောင်


ဦးသဲရယ်

**ဧပြီ ၁ ရက်တွင်ကျင်းပသည့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ရှေ့ဆောင်ရွက်မည့်လုပ်ငန်းစဉ်များသိရှိနိုင်ရန် ဆက်သွယ်မေးမြန်းထားပါသည် -**

**ဦးမြစိန်**
**(ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)**

လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်အနေနဲ့ လွှတ်တော်မှာ ဥပဒေရေးရာနဲ့ပတ်သက်လို့ ဆွေးနွေးမယ်၊ အကြံပြုမယ်၊ တင်သင့်တာတွေကို တင်သွင်းမယ်၊ ဥပဒေတွေမှာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနဲ့ လိုက်လျောညီထွေတဲ့ ပြည်တွင်းဥပဒေတွေ ရေးဆွဲရပါမယ်။ ကျွန်တော့် မြို့နယ်ပိုင်းအနေနဲ့ကတော့ မြေလွတ်မြေရိုင်းများတဲ့အတွက် မြေပြဿနာလေးတွေ များပါတယ်။ အဲဒါတွေအတွက် မြေကြီး၊ မြေပုံ၊ မြေရာဇဝင်တွေကို စနစ်တကျကောက်ယူ စုဆောင်းထားချင်ပါတယ်။ ဥပဒေဘွဲ့မရသေးတဲ့ လူငယ်ပညာတတ်တွေကို သင်တန်းလေးတွေ ဖွင့်ပေးချင်ပါတယ်။ ပြည်သူတွေရဲ့ဆန္ဒကို ကျွန်တော့်အနေနဲ့နိုင်သလောက် မေတ္တာထားပြီး လုပ်ဆောင်ပေးသွားမှာပါ။

**ဦးနေကျော်**
**(ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း )မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ )**

ပါတီရဲ့ဦးတည်ချက်အတိုင်း တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုတဲ့ ဦးတည်ချက်တွေကို အဓိကထားလုပ်ဆောင်သွားပါမယ်။ ဒါ့အပြင် ပါတီရဲ့ရွေးကောက်ပွဲကြေညာစာတမ်းအတိုင်း ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေကို ပါတီရဲ့မူဝါဒအတိုင်း အကောင်အထည်ဖော် လုပ်ဆောင်သွားဖို့ ပြင်ဆင်ထားပါတယ်။ ဒေသရဲ့အကျိုး၊ ဒေသခံတွေရဲ့လိုအပ်ချက်၊ လိုအင်ဆန္ဒ၊ အခက်အခဲပြဿနာတွေအားလုံးကို ဆောင်ရွက်ပေးသွားပါမယ်၊ တချို့အချက်အလက်တွေကို ရှာဖွေထားပြီးဖြစ်ပါတယ်၊ အဲဒီလို လုပ်ထားတဲ့အပေါ်မှာ ပြည်သူ့လွှတ်တော်ကို တက်ရောက်ခွင့်ရပြီဆိုတာနဲ့ တက်ရောက်ခွင့်ရတဲ့အခြေအနေ အချိန်အခါနဲ့ ကိုက်ညီပြီး အရေးကြီး၊ အရေးပါတဲ့အရာတွေကို အဓိကထား တင်ပြဆွေးနွေး၊ အဆိုပြုတာမျိုးတွေ အကောင်းဆုံး လုပ်ဆောင်သွားဖို့ ပြင်ဆင်ထားပါတယ်၊ ပြည်သူတွေအနေနဲ့ ကျွန်တော့်ကို အစေခံကောင်းတစ်ယောက်အနေနဲ့ ခိုင်းဖို့ သတ်မှတ်ရွေးချယ်ပေးလိုက်ပါပြီ။ ဒါ့ကြောင့် သူတို့ရဲ့လိုအပ်ချက်တွေ၊ ဆန္ဒတွေကို အကောင်းဆုံး လုပ်ဆောင်ပေးသွားပါ့မယ်၊ အစေခံကောင်းတစ်ယောက်ဖြစ်အောင် လုပ်ဆောင်ပေးသွားမှာပါ။

**ဦးကျော်ဆွေဝင်း (ခ) ဦးအာလူး**
**(ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)**

ကော့မှူးဒေသရဲ့အခြေအနေကို လေ့လာကြည့်မယ်ဆိုရင် နေထိုင်တဲ့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းက လယ်ယာလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။ ခေတ်မီလယ်ယာတွေဖြစ်စေချင်တာ ကျွန်တော့်ရဲ့ အဓိကအိပ်မက်ပါ။ အခုက တစ်နှစ်မှ တစ်ကြိမ်ပဲ လုပ်ကိုင်ကြတာဖြစ်ပါတယ်။ အနည်းစုကသာ နွေစပါး၊ မိုးစပါး တစ်နှစ်ကို နှစ်ကြိမ် လုပ်ကြတာပါ။ နည်းပညာတွေ လိုအပ်နေပါတယ်။ နောက်ပြီး ကျွန်တော်တို့ဆီက ချောင်း၊ မြောင်းတွေကို ကောင်းမွန်အောင် ပြန်လည်ပြုပြင်ချင်ပါတယ်။ လက်ရှိတာဝန်ယူနေတဲ့ ကိုယ်စားလှယ်တွေကလည်း ဒါတွေကို အကောင်အထည်ဖော်နေပါတယ်။ ကျွန်တော်ကလည်း သူတို့နဲ့အတူပူးပေါင်းပြီး လယ်သမားတွေအတွက် နှစ်သီးစားရနိုင်ဖို့၊ လယ်ယာချောင်း၊ မြောင်းတွေ ပြန်လည်တူးဖော်နိုင်ဖို့အပြင် ရေငန်အဝင်များနေတာတွေကို ပြုပြင်ချင်တာတွေလည်း ရှိပါတယ်။ ကျွန်တော့် မဲဆန္ဒနယ်က ပြည်သူတွေက ကျွန်တော့်ကို တာဝန်ပေးလိုက်ပြီ။ မဲဆန္ဒရှင်တွေဘက်ကတော့ တာဝန်ကျေသွားပြီ။ မဲဆန္ဒရှင်ပြည်သူတွေ အဆင်ပြေပျော်ရွှင်နိုင်အောင် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒနဲ့ ကိုက်ညီမယ့် တာဝန်ဝတ္တရားတွေကို ကျေကျေပွန်ပွန် လုပ်ဆောင်သွားမယ်လို့ ပြောချင်ပါတယ်။

**ဦးစိုင်းဝင်းအေး (ခ) စိုင်းထွန်းအေး**
**(ရှမ်းပြည်နယ်၊ မိုင်းရှူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)**

မဲဆန္ဒရှင်ပြည်သူလူထုရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားပါမယ်။ မဲဆန္ဒရှင်ပြည်သူတွေရဲ့အခက်အခဲ၊ အတားအဆီး၊ အဟန့်အတားတွေကို လွှတ်တော်ထဲမှာ တင်ပြဆွေးနွေးသွားမယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတာဝန် စတင်ထမ်းဆောင်တဲ့နေ့ကစပြီး ပြည်သူလူထုအကျိုးစီးပွားတွေကို ကာကွယ်စောင့်ရှောက်သွားမယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့အဓိကတာဝန်က လွှတ်တော်ထဲရောက်သွားတဲ့အခါ ဥပဒေပြဋ္ဌာန်းတဲ့ အလုပ်ကိုလုပ်ကြတယ်။ ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေမယ့်ကိစ္စတွေကို လွှတ်တော်မှာ တင်ပြမယ်။ ပယ်ဖျက်သင့်တာတွေကိုလည်း ပယ်ဖျက်မယ့်တာဝန်တွေကို ထမ်းဆောင်သွားမယ်။

ကျွန်တော့်မဲဆန္ဒနယ်မှာဆိုရင် စစ်ပွဲတွေ မကြာခဏ ဖြစ်ပွားလေ့ရှိတဲ့ နေရာဒေသဖြစ်တယ်။ နိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ လွှတ်တော်ပိုင်းကနေပြီးတော့ မိမိကျရာတာဝန်ကို ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ အကျိုးသက်ရောက်မှုဟာ ဒီမဲဆန္ဒနယ်မှာ လက်တွေ့ကျကျ အကျိုးသက်ရောက်နိုင်ဖို့ ကြိုးစားသွားပါမယ်။

**ဦးဘွဲ့ခိန်း**
**(ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)**

ရွေးကောက်ခံရတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ ပြည်နယ်ကောင်းကျိုးအတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။ မဲဆန္ဒရှင်များက အားတက်သရော လိုက်လိုက်လှဲလှဲ မဲပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ပြည်သူလူထုရဲ့ အမှန်တကယ်လိုအပ်ချက်များ၊ တင်ပြချက်များကို အတတ်နိုင်ဆုံး ဆောင်ရွက်ပေးသွားပါမယ်။ နယ်မြေဒေသဖွံ့ဖြိုးရေးအတွက် လည်းကောင်း၊ စားဝတ်နေရေးဖူလုံရေးအတွက် လည်းကောင်း၊ ပြည်သူလူထုရဲ့ ကျန်းမာရေး၊ ပညာရေးအစစအရာရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း ကျွန်တော့်အနေနဲ့ ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိ သရွေ့ အားကြိုးမာန်တက် ဆောင်ရွက်ပါမယ်လို့ ပြောလို ပါတယ်။

**ဒေါ်စန်းစန်းမြင့်**
**(ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၄)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)**

ကျွန်မအနေနဲ့ အထူးသဖြင့်တော့ အမျိုးသမီးတွေရဲ့ ဘဝလုံခြုံမှုတွေ၊ အမျိုးသမီးတွေ အကြမ်းဖက်ခံခဲ့ရတာတွေကို အဓိကထားပြီးတော့ ဆောင်ရွက်ပေးချင်တဲ့ဆန္ဒရှိပါတယ်။ ကျွန်မက ဥပဒေပညာရှင်တစ်ယောက်ဖြစ်တဲ့အတွက် ပြည်သူကိုအကျိုးပြုစေမယ့် ဥပဒေတွေ၊ နောက်ပြည်သူကို အကျိုးမပြုတဲ့ဥပဒေတွေကိုလည်း ကိုယ့်ရဲ့ရှေ့မှာ ရောက်ရှိနေပြီဖြစ်တဲ့ ဥပဒေရေးရာကော်မတီက လူကြီးများနဲ့အတူ ပူးပေါင်းပြီး ဆောင်ရွက်ပေးချင်တဲ့ဆန္ဒလည်း ရှိပါတယ်။ ကိုယ့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ညောင်လေးပင်နဲ့ ကျောက်တံခါးတင်မဟုတ်ဘဲ မဲဆန္ဒရှင်ပြည်သူတွေအားလုံးအတွက်ရော၊ ပြည်သူတွေအတွက် အကျိုးရှိစေမယ့် ဆောင်ရွက်ချက်တွေကို အတတ်နိုင်ဆုံးနဲ့ အကောင်းဆုံးဖြစ်အောင် ကူညီဆောင်ရွက်ပေးဖို့ ဆန္ဒရှိပါတယ်။

**ဒေါက်တာ မောင်မောင်**
**(ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၆)၊အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)**


စိုင်းစံမိုင်း


ဦးစိုင်းလင်းမြတ်


ဦးခင်မောင်ဝင်း

ကျွန်တော်တို့ရဲ့ခေါင်းဆောင်၊ လူထုခေါင်းဆောင်ကြိုးစားလုပ်ဆောင်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ကဏ္ဍတစ်ခုကနေ ပါဝင်ပြီးလုပ်ဆောင်ချင်ပါတယ်။ ငြိမ်းချမ်းရေးမရှိဘဲ နိုင်ငံတော်နဲ့ ပြည်သူ့ဘဝကို တိုးတက်ဖွံ့ဖြိုးအောင် လုပ်လို့မရပါဘူး၊ ဒါ့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ ကဏ္ဍတစ်ခုမှာ ပါဝင်ချင်တာပါ၊ ရှေ့ဆက်လုပ်ဆောင်သွားမယ့် လုပ်ငန်းစဉ်အနေနဲ့ အမျိုးသားလွှတ်တော်ကပေးအပ်တဲ့ တာဝန်တွေအပြင် ပြည်သူတွေအတွက် အကျိုးရှိတဲ့ ဥပဒေပြုရေးကိစ္စတွေမှာ အားတက်သရော လုပ်ဆောင်သွားမှာပါ၊ အခုလို အနိုင်ရရှိခဲ့ခြင်းဟာ ပြည်သူများရဲ့ယုံကြည်မှုကို ရရှိလိုက်တာပါပဲ။ ပြည်သူ့အကျိုးအတွက် လိုအပ်သလို တာဝန်များကို ထမ်းဆောင်သွားမှာပါ။

**ဦးသဲရယ်**
**[ကယားပြည်နယ်၊ ဖရူဆို မဲဆန္ဒနယ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ(ကယားပြည်နယ်)]**

ပြည်နယ်မှာရော၊ မဲဆန္ဒနယ်အတွင်းမှာရော ပြည်သူတွေလိုအပ်ချက်ကို တတ်နိုင်သလောက် လုပ်သွားမယ်။ ပြည်သူလူထုရဲ့ယုံကြည်မှု ဘယ်လောက်ရှိတယ်ဆိုတာ ကိုယ်တိုင်သိရလို့ ကျေးဇူးတင်တယ်။ ပြည်သူလူထု ယုံကြည်တဲ့ အတိုင်း၊ ထောက်ခံတဲ့အတိုင်း ဒေသဖွံ့ဖြိုးရေးကို လုပ်ဆောင်သွားမယ်။ လွှတ်တော်ထဲမှာ လုပ်ပိုင်ခွင့်ရှိသလောက် ကြိုးစားပြီး လုပ်သွားမယ်။ ကယားပြည်နယ်မှာလည်း ငြိမ်းချမ်းရေးက အရေးကြီးတဲ့အပိုင်းရှိနေတယ်။ ၂၁ ပင်လုံမှာလည်း ကိုယ့်ရဲ့ပြည်နယ်အရေးကို တတ်နိုင်တဲ့ဘက်က ဆောင်ရွက်သွားဖို့ ရည်ရွယ်ထားပါတယ်။ လက်ရှိအစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကြားမှာ တတ်နိုင်သလောက် ငြိမ်းချမ်းရေး ဖြစ်မြောက်အောင် ဆောင်ရွက်သွားဖို့ ရည်ရွယ်ထားပါတယ်။

**စိုင်းစံမိုင်း**
**(ရှမ်းပြည်နယ် ကျေးသီးမဲဆန္ဒနယ် အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)**

ကျေးသီးမြို့နယ်မှာ ပညာတတ် အလွန်နည်းပါးပါတယ်။ ဒါကြောင့် ပညာတတ်တွေများလာအောင် ဖြည့်ဆည်းပေးချင်ပါတယ်။ အခုလို ပြည်သူတွေက ယုံယုံကြည်ကြည်နဲ့ ရွေးချယ်ပေးခဲ့တာဖြစ်လို့ ပြည်သူတွေ ဖြစ်ချင်တဲ့ဆန္ဒကို ကြိုးစားဖြည့်ဆည်းပေးပြီး ကျေးဇူးဆပ်သွားမှာဖြစ်ပါတယ်။ လွှတ်တော်တွင်းရောက်သွားရင် ကျွန်တော်တို့မြို့နယ်ရဲ့ လိုအပ်ချက်တွေကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

**ဦးစိုင်းလင်းမြတ်**
**(ရှမ်းပြည်နယ် မိုင်းရှူးမဲဆန္ဒနယ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)**

ကျွန်တော်တို့ဒေသက ကျန်းမာရေး၊ ပညာရေးအပိုင်းမှာ နိမ့်ကျနေတာတွေရှိပါတယ်။ ဒါတွေကို အဓိကထားပြီး လုပ်သွားပါမယ်။ ပြည်သူ့ဘက်ကရပ်တည်ပြီး အလုပ်လုပ်သွားမယ်။ ပြည်သူ့လိုအပ်ချက်ကို လွှတ်တော်ထဲရောက်အောင် ပို့မယ်။ ပြည်သူ့အသံကို နားထောင်မယ်။ ပြည်သူ့လိုအပ်ချက်ကို တတ်စွမ်းသမျှ ဖြည့်ဆည်းပေးမယ်။ အဓိက ရည်မှန်းချက်က တန်းတူညီမျှ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်ရေးပါ။ အဲဒါ ပါတီရဲ့ပန်းတိုင်လို့ ပြောလို့ရသလို ကျွန်တော့်ရဲ့ ပန်းတိုင်လည်း ဖြစ်ပါတယ်။

**ဒေါ်နန်းကောင်ခမ်း**
**(ရှမ်းပြည်နယ်၊ မိုင်းရှူးမဲဆန္ဒနယ် အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)**

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ဒေသအကျိုးဖြစ်ထွန်းစေမယ့်အရာတွေ၊ ဖွံ့ဖြိုးတိုးတက်စေမယ့်အရာတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ဆတက်ထမ်းပိုး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူလူထုနဲ့လက်တွဲပြီး အဘက်ဘက်က ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ပြည်သူလူထုတွေရဲ့ ရင်ထဲကစကားကို အဓိကထားပြီး ပြည်သူနဲ့ လက်တွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း**
**(ရှမ်းပြည်နယ်၊ ညောင်ရွှေမဲဆန္ဒနယ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)**

ပြည်သူလူထုအားလုံး လိုအပ်နေတဲ့ လမ်း၊ မီး၊ တံတား၊ သောက်သုံးရေရရှိရေး လုပ်ဆောင်မှာဖြစ်ပါတယ်။ အဓိကအနေနဲ့ လျှပ်စစ်မီးရရှိရေးကို ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခုအချိန်မှာဆိုရင် အစိုးရအနေနဲ့ ဂျာမနီနိုင်ငံချေးငွေနဲ့ နေရာပေါင်း ၁၆၇ နေရာကို လျှပ်စစ်မီးရရှိရေး လုပ်ဆောင်ပေးနေပြီဖြစ်ပါတယ်။ လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ပြည်သူများက လိုလားတောင်းဆိုနေကြတဲ့အတွက် လွှတ်တော်မှာလမ်းအတွက် ဘတ်ဂျက်ချထားပေးခြင်း ရှိ မရှိ မေးမြန်းသွားပါမယ်။ အင်းလေးအမှိုက်ကင်းစင်ရေးအတွက် အမှိုက်မီးရှို့စက် တည်ဆောက်ဖို့ မြေနေရာ ၁၀ ဧကကို နန်းပန်ကျေးရွာမှာ ဝယ်ယူထားပြီးဖြစ်တယ်လို့ သိရှိရပါတယ်။ အင်းလေးကြည်လင်သန့်ရှင်းရေးအတွက် ပြည်သူတွေလည်း ပူးပေါင်းပါဝင်ဖို့လိုအပ်ပါတယ်။ အမှိုက်ကို စနစ်တကျစွန့်ပစ်ဖို့အတွက် စနစ်တစ်ခုကို ထူထောင်ဖို့လိုအပ်နေပြီလို့ ထင်မြင်ယူဆမိပါတယ်။

ပထမဆုံးလုပ်ဆောင်ရမှာကတော့ ဒေသတွင်း လိုအပ်ချက်တွေကို ပြည်နယ်လွှတ်တော်မှာ အဆိုတွေ တင်မယ်၊ မေးခွန်းတွေမေးမြန်းမယ်။ ပြည်ထောင်စုအဆင့်မှာတော့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပူးပေါင်းလုပ်ဆောင်သွားဖို့ ရည်မှန်းထားပါတယ်။ အင်းလေးကန်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းတွေရှိသလို အရပ်ဘက်လူမှုအဖွဲ့အစည်းတွေလည်းရှိပါတယ်။ အဖွဲ့အစည်းတွေ အများကြီးရှိပေမယ့် တစ်ယောက်တစ်မျိုး လုပ်ဆောင်နေမယ့်အစားအားလုံးပူးပေါင်းပါဝင်ပြီးတော့ ဆောင်ရွက်မှသာ ပိုမိုအောင်မြင်မယ်လို့ ထင်ပါတယ်။ အင်းလေးကန်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပူးပေါင်းပါဝင်ပြီး လုပ်ဆောင်သွားဖို့ရှိပါတယ်။

# ဆရာဝန်တင်ရွှေစာပေဆုချီးမြှင့်၊ တစ်သက်တာစာပေဂုဏ်ဆောင်ဆု ဆရာကြီးဦးဝင်းမောင်(မင်းယုဝေ)ရရှိ

ရန်ကုန် ဧပြီ ၂

**(၁၅)ကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ကမာရွတ်မြို့နယ် ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။**




အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာနိုင်ငံ၌ ယခုနှစ်အတွင်း စာပေနှင့်ပတ်သက်သည့် အစီအစဉ်များ၊ စာပေပွဲလမ်းသဘင် အခမ်းအနားများ စည်ကားများပြားလာသည်ကို တွေ့ရပါကြောင်း၊ မိမိအနေဖြင့် စာပေသမားဖြစ်သည့်အတွက် စာပေနှင့်ပတ်သက်ပြီး စာပေဖွံ့ဖြိုးတိုးတက်ရေး၊ စာပေနယ်ပယ်ထွန်းကားစည်ပင်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာပေလောကသားများကလည်း လွတ်လပ်ပွင့်လင်းလာသည့် အခွင့်အရေးကို အသုံးပြုပြီး စာပေနှင့်ပတ်သက်သည့် လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာသည်ကို တွေ့ရပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စာတမ်းဖတ်ပွဲများ၊ စာအုပ်ဈေးရောင်းပွဲတော်များ၊ ကလေးစာပေပွဲတော်များ ကျင်းပပေးလျက်ရှိပါကြောင်း၊ စာပေဆုဆိုသည်မှာ စာပေရေးသားသူများကို မြှောက်စားခြင်းဖြစ်သကဲ့သို့ စာပေကို ပိုပြီးထွန်းကားအောင်၊ စာပေပေါ်တွင် အများစိတ်ဝင်စားအောင်၊ အားပေးထောက်ပံ့ရာရောက်သည့်အတွက် စာပေသမားများအနေဖြင့် စာပေဆုချီးမြှင့်သူများ၊ စာပေဆုရွေးချယ်ရာတွင် ပါဝင်သည့် ဆရာကြီး၊ ဆရာမကြီးများကို ကျေးဇူးတင်ရှိပါကြောင်း၊ စာပေဆုအလှူရှင်များသည် ဆုများကို ယခုထက်မက ပိုမိုချီးမြှင့်နိုင်ကြပြီး ဆုရရှိသူများအနေဖြင့်လည်း ယခုထက် ပိုမိုပြောင်မြောက်သော စာပေအရေးအသားများကို ဆက်လက်ရေးသားကြစေလိုပါကြောင်း ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ဆရာဝန်တင်ရွှေစာပေဆုရွေးချယ်ရေးအဖွဲ့ဝင် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)က စာပေဆုချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ပြောကြားပြီး စာပေဆုရွေးချယ်ရေးအဖွဲ့ဝင် ဆရာမောင်ခင်မင်(ဓနုဖြူ)က ဆုရ မှတ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က တစ်သက်တာစာပေဂုဏ်ဆောင်ဆုရ ဆရာကြီး ဦးဝင်းမောင်(မင်းယုဝေ)၊ "ပုဂံဘုရား၊ ပုဂံစကား၊ ပုဂံသား" စာအုပ်ဖြင့် ဆုရရှိသူ မခင်နု(ဒဿန)၊ "နန်းကျဘုရင် (The King in Exile)" ဘာသာပြန်စာအုပ်ဖြင့် ဆုရရှိသူ ဝင်းငြိမ်း၊ "အိမ်မွေးအချစ်တော်များ" စာအုပ်ဖြင့်ဆုရရှိသူ ဒေါက်တာ ခင်စန်းမော်၊ "A Study of the Leadership Skills of Ancient Myanmar Monarchs" ဘာသာပြန်စာအုပ်ဖြင့် ဆုရရှိသူ Sun Thit Aung (KMA)တို့အား ဆုများချီးမြှင့်ကြသည်။

ယင်းနောက် စာပေအလှူရှင် ဆရာဝန် တင်ရွှေမိသားစုကိုယ်စား သမီးဖြစ်သူ KMD Group of Companies မန်နေဂျင်းဒါရိုက်တာ ဒေါ်တင်တင်အေးက ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား ဆရာဦးကြည်မင်းအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး သားဖြစ်သူ ဦးသက်လွင်ရွှေက သက်ကြီးစာရေးဆရာများ ပူဇော်ပွဲအတွက် ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး(၁) မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)က လက်ခံသည်။

ထို့နောက် ဆုရရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး ဆရာဝန်တင်ရွှေမိသားစု ကိုယ်စား သမီးဖြစ်သူ ဒေါ်သက်သက်ရွှေက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဆုရရှိသူများနှင့် စာပေအလှူရှင် မိသားစုများစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆရာဝန်တင်ရွှေစာပေဆုကို ၂၀၀၁ ခုနှစ်က စတင်ချီးမြှင့်ခဲ့ရာ ယခုဆိုလျှင် (၁၅)ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ-ဇော်မင်းလတ်၊ရဲထွဋ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုစဉ်

# စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း ယာယီရပ်နား

**ရန်ကုန် ဧပြီ ၂**

ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စီစဉ်ဆောင်ရွက်သည့် စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း ယာယီရပ်နားခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ စနေ-တနင်္ဂနွေရန်ကုန်စာအုပ်လမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရန်ကုန်မြို့၌ စာအုပ်စာပေစိတ်ဝင်စားသူတွေများစွာရှိသည်ကို သိရကြောင်း၊ စာပေချစ်မြတ်နိုးသူများအတွက် နေရာတစ်ခု သီးသန့်ရှိရန် လိုအပ်သည်ဟု ယုံကြည်သည့်အတွက်ကြောင့် ဤစာအုပ်လမ်းဖြစ်မြောက်ရန် ဆောင်ရွက်ခဲ့ကြကြောင်း၊ စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းကို မျှော်လင့်ထားသည်ထက် ပို၍စည်ကားသည်ကို တွေ့ရသည့်အတွက် ဝမ်းသာပါကြောင်း၊ စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းလေးမှာ စာပေလောကသားများ တွေ့ဆုံ၍ စာပေဆွေးနွေးခြင်းများနှင့် စာပေအငွေ့အသက်များ ထုံမွှမ်းသည့်နေရာတစ်ခုဖြစ်ရန် မျှော်လင့်ပါကြောင်း၊ စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းကို စည်ကားသိုက်မြိုက်အောင် ဝိုင်းဝန်းကူညီကြသူများအားလုံးကို ကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းဥက္ကဋ္ဌ ဒေါက်တာသာထွန်းဦးက စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရန်ကုန်စာအုပ်လမ်းတွင် ဖွင့်လှစ်ရောင်းချသော စာအုပ်ဆိုင်များကိုယ်စား ကိုနေ(မန်း)စာပေမှ ကိုနေ(မန်း)က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းဥက္ကဋ္ဌက စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းတွင် "ဝတ္ထုထဲက ဇာတ်ကောင်များ" အစီအစဉ်၌ ပါဝင်ကူညီခဲ့သူ လျှပ်တစ်ပြက်ဂျာနယ် အယ်ဒီတာချုပ် ဦးမြတ်ခိုင်ကိုယ်စား ပြည်သူ့အရေးဂျာနယ် သတင်းထောက်ချုပ် ဦးကျော်ကျော်ဦး၊ Idea Magazine အယ်ဒီတာချုပ် မောင်မျိုးနှင့် Lion Co., Ltd မှ ဦးမြင့်နိုင်တို့အား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

"စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းဟာ စာပေသမားတွေဖြစ်ချင်တဲ့ နေရာလေးပါ။ စာပေတိုက်ပေါင်းများစွာပါတဲ့အတွက် ကိုယ်လိုချင်တဲ့စာအုပ်ကို ရနိုင်တယ်။ စာဖတ်ပရိသတ်အတွက်၊ စာပေလောကသားများအတွက် အလွန်ကောင်းတဲ့နေရာလေးပါ"ဟု စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမျိုးညွန့်က ပြောသည်။

စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇၊ ၈ ရက်(စနေ-တနင်္ဂနွေ)နေ့မှ စတင်ဖွင့်လှစ်ခဲ့ရာ ရက်သတ္တ ၁၃ ပတ်(၂၆ ရက်)ရှိခဲ့ကြောင်း၊ မကြာမီကာလတွင် မိုးရာသီကျရောက်တော့မည်ဖြစ်သည့်အတွက် ယာယီရပ်နားခြင်းဖြစ်ကြောင်း၊ ပွင့်လင်းရာသီဖြစ်သည့် အောက်တိုဘာလကုန်တွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ-လှမိုး၊ ရဲထွဋ်**

# မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲစာစစ်လုပ်ငန်းဆောင်ရွက်မှု ပြည်ထောင်စုဝန်ကြီးကြည့်ရှု

**နေပြည်တော် ဧပြီ ၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့နံနက်ပိုင်းက မန္တလေးတက္ကသိုလ်၌ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (မန္တလေးတိုင်းဒေသကြီး) စာစစ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် မုံရွာတက္ကသိုလ်သို့ရောက်ရှိပြီး ၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စစ်ကိုင်းတိုင်းဒေသကြီး) စာစစ်လုပ်ငန်းများ လှည့်လည်ကြည့်ရှုသည်။

မန္တလေးတက္ကသိုလ်၌ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ လက်ထောက်ကထိက၊ နည်းပြနှင့် သရုပ်ပြဆရာ ဆရာမ စုစုပေါင်း ၁၁၂၆ ဦးနှင့်အတူ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အထက်တန်းပြ ဆရာ ဆရာမ စုစုပေါင်း ၂၅၉၈ ဦးတို့ကလည်းကောင်း၊ မုံရွာတက္ကသိုလ်၌ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ လက်ထောက်ကထိက၊ နည်းပြနှင့် သရုပ်ပြဆရာ ဆရာမ စုစုပေါင်း ၅၅၂ ဦးနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အထက်တန်းပြ ဆရာ ဆရာမ စုစုပေါင်း ၂၃၉၉ ဦးတို့ကလည်းကောင်း စာစစ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

● *ကျောဖုံးမှ*

"ဒီလုပ်ငန်းအစီအစဉ်အနေနဲ့ ကျုံးတောင်ဘက်အခြမ်းမှာ ၆၆ လမ်းကနေ ၆၉ လမ်းအထိ တိုင်းရင်းသားပေါင်းစုံ ပါဝင်တဲ့ လမ်းလျှောက်သင်္ကြန်အဖြစ် ကျင်းပမယ်။ ဒီလမ်းလျှောက်သင်္ကြန်မှာ တိုင်းရင်းသားအသီးသီးရဲ့ ရေကစားမဏ္ဍပ်တွေ ဖျော်ဖြေရေးမဏ္ဍပ်တွေအပြင် မည်သူမဆိုပါဝင်ဆင်နွှဲနိုင်တဲ့ ရေကစားမဏ္ဍပ်တွေလည်း တည်ဆောက်ထားမယ်။ ဒါ့အပြင် စတုဒိသာမဏ္ဍပ်တွေနဲ့ နိုင်ငံခြားသားတွေအတွက် အဓိကရည်ရွယ်ပြီး ဖွင့်ထားတဲ့စားသောက်ဆိုင်တွေလည်း စီစဉ်ထားမယ်"ဟု ၎င်းကပြောသည်။

ယခုအစီအစဉ်သည် ရိုးရာသင်္ကြန်ကို ခရီးသွားမြှင့်တင်ရေးလုပ်ငန်းအတွက် အစပျိုးစမ်းသပ်ဆောင်ရွက်ခြင်းဖြစ်၍ သီးသန့်ဖိတ်ခေါ်ထားသူများမရှိသော်လည်း သင်္ကြန်ပွဲတော်ကာလအတွင်း မန္တလေးမြို့သို့ ရောက်ရှိနေကြသော နိုင်ငံခြားသားများ လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲနိုင်စေရန် သီးသန့်ဝန်ဆောင်မှုပေးနိုင်စေရေးအတွက် မန္တလေးမြို့ရှိ ဟိုတယ်အသီးသီးသို့ အသိပေး အကြောင်းကြားထားကြောင်းနှင့် နောင်နှစ်များတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်အား ခရီးစဉ်တစ်ခုအဖြစ် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယမန်နှစ်သင်္ကြန်ပွဲတော်တွင် မန္တလေးမြို့သို့ ရောက်ရှိနေကြသော နိုင်ငံခြားသားဧည့်သည်များအနေဖြင့် ၎င်းတို့တည်းခိုနေထိုင်သည့် ဟိုတယ်များရှေ့ရှိ မဏ္ဍပ်များရှေ့၌ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အမှတ်တရပစ္စည်းများဖြစ်သည့် ရေဖလား၊ ရေသေနတ်များ၊ ရေပိုက်များ ကိုင်ဆောင်ကာ ပျော်ရွှင်စွာရေပက်ကစားခဲ့ကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်သည်။ **(မိုး/ဇလ)**

ပြည်သူတို့က တစ်ခဲနက်ထောက်ခံရွေးချယ်ပေးလိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူ့ဘဝလိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွား တိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်လည်း ပိုမိုဝင့်ထည်လာမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ အရေးကိစ္စများကို ပြည်သူ့ကိုယ်စား တာဝန်ယူဆောင်ရွက်နေသော နိုင်ငံ့အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို "ပြည်သူ့ဝန်ထမ်းကြိုးပမ်းကြည်ညီ" အခန်းကဏ္ဍဖြင့် ဖော်ပြလိုက်ပါသည်။

# နိုင်ငံ၏စွမ်းအင်ကဏ္ဍအတွက် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်လာတော့မည့် ရခိုင်ကမ်းလွန်မှလုပ်ကွက်အမှတ် (A-6)

## သတင်းအဖွဲ့

လျှပ်စစ်ဓာတ်အားအပါအဝင် အစားအစာ၊ အဝတ်အထည်၊ နေ့စဉ်အသုံးပြုနေရသည့် လူသုံးကုန်ပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးစသည့် ကဏ္ဍများစွာတို့အတွက် လောင်စာစွမ်းအင်ဖြစ်သည့် သဘာဝဓာတ်ငွေ့သည် အဓိကကျသောလိုအပ်ချက် တစ်ခုဖြစ်လာသည်။ မြန်မာနိုင်ငံ၏ လူဦးရေသိပ်သည်းမှုနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အားယူနေသည့် ယနေ့အချိန်တွင် စွမ်းအင်လိုအပ်ချက်သည် မဖြစ်မနေဖြည့်ဆည်းဆောင်ရွက်ရမည့် ကဏ္ဍဖြစ်လာသည်။

သဘာဝဓာတ်ငွေ့ကို သုံးစွဲခြင်းသည် လေထုညစ်ညမ်းမှုကို မဖြစ်ပေါ်စေသဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လုပ်မှုလည်း အနည်းဆုံးဖြစ်သည်။ သစ်တောပြုန်းတီးမှုများကိုလည်း ကာကွယ်ရာရောက်သည်။ ယခင်က ထင်း၊ မီးသွေးကိုအသုံးပြုကြ၍ ချက်ပြုတ်ရသဖြင့် လေထုညစ်ညမ်းမှုများကြောင့် ကျန်းမာရေးထိခိုက်စေခဲ့သည်။ ယခုအခါ သဘာဝဓာတ်ငွေ့ကို ထင်း၊ မီးသွေး အစားထိုးလောင်စာအဖြစ် သုံးစွဲလာကြရာ အချိန်ကုန်သက်သာသလို သန့်ရှင်းသပ်ရပ်သည့် ခေတ်မီနေထိုင်မှုပုံစံကိုလည်း ရရှိလာသည်။

မြန်မာနိုင်ငံသည် သဘာဝတရားကြီးကပေးအပ်ထားသည့် သယံဇာတရင်းမြစ်များစွာ ပိုင်ဆိုင်ထားသည်။ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းဖြစ်သည့် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်အော်တို့မှ လောင်စာစွမ်းအင်များစွာ ထုတ်လုပ်ပေးရာ ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်ကြီးဟုလည်း ဆိုကြသည်။ ထိုကဲ့သို့ မြန်မာ့ရေပိုင်နက်အတွင်း ကမ်းနီးကမ်းလွန်ဒေသများ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့များစွာ ထွက်ရှိနေသည့်အပြင် ကုန်းတွင်းပိုင်းဒေသများ၌လည်း ရေနံနှင့်သဘာဝဓာတ်ငွေ့များစွာထွက်ရှိနေသည့်အတွက် ရေရှည်အသုံးပြုနိုင်ရန်မျှော်လင့်ချက်များစွာရှိသည်။ ထို့ပြင် သဘာဝဓာတ်ငွေ့သည် ဓာတ်ဆီ၊ ဒီဇယ်အပါအဝင် အခြားလောင်စာများနှင့် နှိုင်းယှဉ်ကြည့်ပါက ဈေးနှုန်းလည်းချိုသာသည့် အားသာချက်ရှိပါသည်။

**စွမ်းအင်ကဏ္ဍရင်းနှီးမြှုပ်နှံမှုများ**

မြန်မာနိုင်ငံတွင် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ၁၉၇၄ ခုနှစ်မှစတင်၍ ကမ်းလွန်လုပ်ကွက်များကို ပြည်တွင်းစွမ်းအားနှင့်သာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုပါ ဖိတ်ခေါ်ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရက ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုတိုးတက်စေရန်နှင့် ပြည်ပမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (Foreign Investment)နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာအတွေ့အကြုံရှိ ပညာရှင်များထံမှ နည်းပညာ (Technology Transfer)ကိုလည်း ရရှိစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ၁၉၈၉ ခုနှစ်တွင် ကုန်းတွင်းလုပ်ကွက်များကို စတင်ဆောင်ရွက်စေခဲ့သည်။ စွမ်းအင်ကဏ္ဍ၏ ကုန်းတွင်းလုပ်ကွက်များအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ရာတွင် ရေနံမြေအသစ်ရှာဖွေ၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားမှု Production Sharing Contract (PSC) စာချုပ်ဖြင့်လည်းကောင်း၊ လက်ရှိထုတ်လုပ်နေသော ရေနံမြေများ၌ ရေနံအထွက်တိုးရေးအတွက် Improved Petroleum Recovery (IPR) စာချုပ်ဖြင့်လည်းကောင်း၊ Production Compensation Contract (PCC) စာချုပ်ဖြင့်လည်းကောင်း အသီးသီးချုပ်ဆို၍ အစိုးရနှင့် ဖက်စပ်ဆောင်ရွက်ကြရသည်။ ကမ်းလွန်လုပ်ကွက်များအားလုံးကိုမူ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရန်ဖြစ်သဖြင့် PSC စာချုပ်ချုပ်ဆို၍ ဖက်စပ်လုပ်ကိုင်ဆောင်ရွက်နိုင်သည်။ ချုပ်ဆိုထားသည့် စာချုပ်များသည် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ နစ်နာမှုမရှိအောင် နိုင်ငံတကာစံနှုန်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စာချုပ်များ ချုပ်ဆိုလုပ်ကိုင်လျက်ရှိသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင်ကုန်းတွင်းနှင့် ကမ်းလွန်ရေနံလုပ်ကွက်ပေါင်း ၁၀၄ ကွက် ဖော်ထုတ်သတ်မှတ်ထားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသည့် ကုမ္ပဏီ ၅၂ ခုနှင့်လည်း ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုခွဲဝေရေးသဘောတူစာချုပ် (Production Sharing Contract) များ ချုပ်ဆိုလုပ်ကိုင်ခွင့်ပြုထားသည်။

"ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းဟာ လုပ်ငန်းသဘာဝအရ စွန့်စားရှာဖွေလုပ်ဆောင်ရတဲ့လုပ်ငန်းပမာဏ အင်မတန်ကြီးမားတဲ့အတွက် ကုမ္ပဏီတွေရဲ့ ရင်းနှီးမြှုပ်နှံမှုဖြင့်သာ ရှာဖွေဖော်ထုတ်စေခြင်းဖြစ်ပါတယ်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းအနေနဲ့ ကမ်းလွန်နှင့် ကုန်းပိုင်းရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းတွေမှာ အဓိကအားဖြင့်တော့ Production Sharing Contract(PSC) လို့ခေါ်တဲ့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားမှုစာချုပ်နဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်နေရပါတယ်" ဟု မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက ပြောကြားသည်။

လက်ရှိအချိန်၌ ကမ်းလွန်ရေနံတွင်းများမှ သဘာဝဓာတ်ငွေ့ကို မုတ္တမကမ်းလွန်ဒေသ၌ ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းနှင့် ဇောတိကစီမံကိန်း၊ တနင်္သာရီကမ်းလွန်ဒေသ၌ ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်းများ၊ ရခိုင်ကမ်းလွန်ဒေသ၌ "ရွှေ" သဘာဝဓာတ်ငွေ့စီမံကိန်းအသီးသီးမှ သဘာဝဓာတ်ငွေ့များ ထုတ်ယူလျက်ရှိသည်။

မြန်မာ့ကမ်းလွန်တွင်တည်ရှိသော ရတနာ၊ ရဲတံခွန်၊ ဇောတိကနှင့် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းများမှ ထုတ်လုပ်ပေးနေသော သဘာဝဓာတ်ငွေ့များကို ပြည်တွင်းသုံးစွဲမှုသာမက ထိုင်း၊ တရုတ် စသည့် ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချနေသဖြင့် နိုင်ငံခြားဝင်ငွေများလည်း ရရှိနေသည်။

ရတနာသဘာဝဓာတ်ငွေ့မြေကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ၁၉၈၃ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပြီး ပြင်သစ်နိုင်ငံအခြေစိုက် TOTAL E&P ရေနံကုမ္ပဏီမှ ပါဝင်ရင်းနှီးမြှုပ်နှံကာ ၁၉၉၈ ခုနှစ်တွင် စတင်ထုတ်လုပ်နိုင်ခဲ့သည်။ ရတနာသဘာဝဓာတ်ငွေ့မြေ၏ ထုတ်လုပ်မှုတည်ငြိမ်ခြင်းကာလ (Plateau Period) မှာလည်း ၂၀၂၄ ခုနှစ်တွင် ပြီးဆုံးမည်ဟု (BMI Research)မှ (July 2015 Myanmar Times) တွင် ဖော်ပြထားသည်။ ပုံမှန်အားဖြင့် သဘာဝဓာတ်ငွေ့မြေများသည် ယင်းတို့၏ (Plateau Period) ကျော်လွန်သွားပါက အထွက်နှုန်း လျင်မြန်စွာ ကျဆင်းသွားလေ့ရှိသည်။

ထို့အတူ ၂၀၀၀ ပြည့်နှစ်က သဘာဝဓာတ်ငွေ့စတင်ထုတ်လုပ်ခဲ့သည့် ရဲတံခွန်သဘာဝဓာတ်ငွေ့မြေသည်လည်း ထုတ်လုပ်မှုကျဆင်းလာပြီဟု (May 2015, Myanmar Times)တွင် ဖော်ပြထားသည်။

ထို့ပြင် မုတ္တမကမ်းလွန်ဒေသ၌ ၂၀၀၅ ခုနှစ်တွင် စတင်တွေ့ရှိပြီး လွန်ခဲ့သည့် သုံးနှစ်ခန့်က သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်ခဲ့သည့် ဇောတိကမှ သဘာဝဓာတ်ငွေ့သည်လည်း နိုက်ထရိုဂျင်ပါဝင်မှုကြောင့် သင့်တင့်သော အရည်အသွေးသာရှိကြောင်းနှင့် အဆိုပါ ဇောတိကသဘာဝဓာတ်ငွေ့မြေမှ ခိုအောင်းနိုင်သောဓာတ်ငွေ့ပမာဏမှာ 3.1 Tcfသာရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**လုပ်ကွက်အမှတ် A-6**

မြန်မာနိုင်ငံအနေဖြင့် တစ်နှစ်လျှင် သဘာဝဓာတ်ငွေ့ကုဗပေသန်းပေါင်း ၂၀၀၀ ထွက်ရှိနေသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် သဘာဝဓာတ်ငွေ့ကို ကုဗပေသန်းပေါင်း ၄၀၀ နီးပါးသုံးစွဲနေပြီး ထို့ထက်လည်း ပိုမိုလိုအပ်ကြောင်း ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် (၇) ကြိမ်မြောက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့နီးနှောဖလှယ်ပွဲမှ သိရသည်။

MPRL E&P ကုမ္ပဏီသည် ရခိုင်ကမ်းလွန် A-6 တွင် ရေနံရှာဖွေရေးလုပ်ငန်းများကို လုပ်ဆောင်ရန် ၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် PSC စာချုပ်ချုပ်ဆိုခဲ့သည်။ ထို့နောက် မြေပြင်ကွင်းဆင်းလေ့လာရေးနှင့် ဘူမိဗေဒဆိုင်ရာ အချက်အလက်တိုင်းတာခြင်းလုပ်ငန်းများကို ရခိုင်ကမ်းရိုးတန်းတစ်လျှောက် စစ်တွေမြို့မှ ဟိုင်းကြီးကျွန်းအထိ ငါးကြိမ်တိုင်တိုင် လုပ်ဆောင်ခဲ့ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်သည့် အလားအလာများရှိကြောင်း MPRL E&P ကုမ္ပဏီအနေဖြင့် အတည်ပြုခဲ့သည်။




**ပြည်သာရှာဖွေရေးတွင်းများ**

ထို့ကြောင့် ကုမ္ပဏီသည် ရခိုင်ကမ်းရိုးတန်းတစ်လျှောက် မြေပေါ်ဘူမိဗေဒကွင်းဆင်းလေ့လာမှုဖြစ်သောအခြေခံမှစ၍ ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများကို ၂၀၀၉ ခုနှစ်တွင် နှစ်ဖက်မြင်ဆိုက်စမစ် (2D Seismic)ဖြင့်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် သုံးဖက်မြင်ဆိုက်စမစ် (3D Seismic)ဖြင့်လည်းကောင်း တိုင်းတာဆောင်ရွက်ခဲ့သည်။ ရရှိလာသည့် အချက်အလက်များ၊ လေ့လာတွေ့ရှိချက်များကို ပေါင်းစပ်ကာ A-6 ၏ ပထမဆုံးရှာဖွေရေးတွင်းဖြစ်သည့် ပြည်သာ-၁ ကို တူးဖော်နိုင်ရန်အတွက် သင့်လျော်သည့် နေရာကိုရှာဖွေနိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ် မတ်လတွင် ပြည်သာ (Pyi Thar)အမည်ဖြင့် ရှာဖွေရေးတွင်းများကို အမေရိကန်ဒေါ်လာ (၂၄ ဒသမ ၁၃ သန်း) အကုန်အကျခံကာ တူးဖော်ခဲ့သည်။ ယင်းကုမ္ပဏီတစ်ခုတည်းက ၁၀၀ ရာခိုင်နှုန်းစွန့်စားရင်းနှီးမြှုပ်နှံခဲ့ပြီး ရခိုင်ကမ်းလွန်တောင်ပိုင်း၏ ပထမဆုံးသော ရေနံနှင့် သဘာဝဓာတ်ငွေ့ သိုက်တည်ရှိမှုကို ကြေညာနိုင်ခဲ့သည်။ "ပြည်သာ" ရှာဖွေရေးတွင်းများသည်လည်း နိုင်ငံတော်စီးပွားရေးအတွက် အပြောင်းအလဲတစ်ခုဟု မှတ်ယူခဲ့ပါသည်။ မည်သူမျှ စိတ်ဝင်စားမှုမရှိသော မည်သူမျှလျှောက်ထား တောင်းဆိုခဲ့ခြင်းမရှိခဲ့ဖူးသော ကမ်းလွန်လုပ်ကွက် A-6 နေရာကို MPRL E&P ရရှိခဲ့သော်လည်း MPRL E&P အနေဖြင့် ရည်မှန်းချက်ကြီးစွာနှင့် အပြည့်အဝ တာဝန်ယူစွန့်စားလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ပြည်သာရှာဖွေရေးတွင်းမှာ သဘာဝဓာတ်ငွေ့တွေ့ရှိသောအောင်မြင်မှုရလဒ်ကြောင့် ရခိုင်ကမ်းလွန်၏အခြေအနေမှာ ပွင့်လင်းမြင်သာလာခဲ့ပြီး မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးတိုးတက်မှုတွင် အရေးပါသောစွမ်းအင်ကဏ္ဍအတွက် အင်အားတစ်ခုဖြစ်နိုင်သည့်အလားအလာကောင်းများကို မှန်းဆနိုင်ခဲ့သည်။ "ပြည်သာ" ရှာဖွေရေးတွင်းမှ သဘာဝဓာတ်ငွေ့တွေ့ရှိမှု (Gas Discovery) ကိုဖော်ထုတ်နိုင်ခဲ့သည့်အပြင် ထူးခြားချက်မှာ ရခိုင်ကမ်းလွန်ဒေသတွင် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်သည့် သဲကြောများအနက် အရှေ့မြောက်အနောက်တောင်အရပ်သို့ အနည်ပို့ချနိုင်သော (Southern Rakhine Depositional System) ဘူမိအခြေအနေများလည်းပါဝင်ကြောင်း သက်သေပြနိုင်ခဲ့သည်။ အဆိုပါရလဒ်ကြောင့် "ပြည်သာ"ရှာဖွေရေးအောင်မြင်စွာ တူးဖော်ပြီးနောက်ပိုင်းတွင် ရခိုင်ကမ်း လွန်တောင်ပိုင်းလုပ်ကွက်များကို ပြည်ပရေနံကုမ္ပဏီကြီးများမှ အထူးအလေးထားစိတ်ဝင်စားလာခဲ့ကြသည်ကို သတိပြုမိပါသည်။

**မြန်မာ့မော်ကွန်း ရွှေရည်ထွန်း**

ကုမ္ပဏီသည် စီးပွားဖြစ်ထုတ်လုပ်နိုင်သော သဘာဝဓာတ်ငွေ့သိုက်များကို အရှိန်အဟုန်မြှင့်လျက်ဆက်လက်ရှာဖွေဆောင်ရွက်ခဲ့သည်။ ဆိုက်စမစ်များ၏ ရလဒ်နှင့်ပြည်သာရှာဖွေရေးတွင်းတို့မှ သဘာဝဓာတ်ငွေ့ရှာဖွေတွေ့ရှိမှု အချက်အလက်များကိုပေါင်းစပ်၍ တွက်ချက်ရှာဖွေခဲ့ရာ ကမ်းလွန်ရေနက်ပိုင်းတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်မှု ပမာဏကြီးမားသော အလားအလာကောင်းများတွေ့ရှိခဲ့သည်။ ထို့ကြောင့် ဩစတြေးလျနိုင်ငံအခြေစိုက် Woodside Energy Ltd. နှင့်ပူးပေါင်းပြီး သုံးဖက်မြင်ဆိုက်စမစ် (3D Seismic) တိုင်းတာ လေ့လာခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့သည်။ ၂၀၁၃ ခုနှစ်ဇန်နဝါရီလတွင် Woodside Energy Ltd. သည်စွန့်စားရင်းနှီးမှု ၅၀ ရာခိုင်နှုန်းခွဲဝေကျခံကာ ပူးပေါင်းပါဝင်လာခဲ့သည်။

အဆိုပါစွန့်စားရင်းနှီးမြှုပ်နှံမှုများ၏ အကျိုးရလဒ်တစ်ခုအဖြစ်ကမ်းလွန်ရေနက်ပိုင်း ရေနက်ပေ ၆၅၀၀ ကျော်ခန့်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်တွေ့ရှိနိုင်မည့်နေရာကို ရွေးချယ်နိုင်ခဲ့သည်။ လေ့လာမှုများထပ်မံပြုလုပ်နိုင်ရန်နှင့် ရှာဖွေရေးတွင်းတစ်တွင်းလျှင် အမေရိကန်ဒေါ်လာသန်း ၁၀၀ ခန့် ကုန်ကျမည့် ရှာဖွေရေးတွင်းများ ထပ်မံတူးဖော်ရန် လိုအပ်သည့်အတွက် စွန့်စားရင်းနှီးမှုအားအချိုးကျမျှဝေရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီအသစ်များကို ထပ်မံဖိတ်ခေါ်ခဲ့သည်။ ၂၀၁၅ ခုနှစ်အောက်တိုဘာလတွင် ပြင်သစ်နိုင်ငံအခြေစိုက် TOTAL E&P နှင့် ထပ်မံပူးပေါင်းခဲ့သည်။

A-6 လုပ်ကွက်နှင့်ပတ်သက်၍ TOTAL E&P ကုမ္ပဏီထပ်မံပူးပေါင်းပါဝင်လာသဖြင့် MPRL E&P နှင့် Woodside ကုမ္ပဏီအပါအဝင် ကုမ္ပဏီစုစုပေါင်း သုံးခုပူးပေါင်းပါဝင်ဆောင်ရွက်သော လုပ်ငန်းဖြစ်လာသည်။

ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းပါဝင်မှုအကျိုးစီးပွား (Participating Interest) ကိုပြန်လည်စဉ်းစားသုံးသပ်ခဲ့ရသည်။ MPRL E&P အနေဖြင့် ၂၀၀၇ ခုနှစ်မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် PSC စာချုပ်ချုပ်ဆို လုပ်ကိုင်ခဲ့သည်မှစ၍ တာဝန်ယူဆောင်ရွက်သူ (Operator) အဖြစ်၁၀၀ ရာခိုင်နှုန်းရင်းနှီးမြှုပ်နှံပြီး အမေရိကန်ဒေါ်လာ ၄၁ သန်းအကုန်အကျခံကာ ၂၀၁၂ ခုနှစ်တွင် သမိုင်းတွင်သည့်ပြည်သာအစမ်းတွင်းကို အောင်မြင်စွာတူးဖော်ခဲ့ပြီး ဓာတ်ငွေ့သိုက်ငယ်ကိုတွေ့ရှိခဲ့သည်။ ယင်းနောက်ရေနက်ပိုင်း (Ultra Deep Water) ၌ ရှာဖွေရေးနှင့်စမ်းသပ်ကာလတွင် ဘူမိဗေဒဆိုင်ရာအချက်အလက်များရယူခြင်းနှင့် ရှာဖွေရေးတွင်းများတူးဖော်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၅၅ ဒသမ ၈၈ သန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိရင်းနှီးမြှုပ်နှံခဲ့ရာ Woodside နှင့် TOTAL E&P ကုမ္ပဏီတို့ကိုဖိတ်ခေါ်ပူးပေါင်းပါဝင်စေခဲ့သည်။ ထိုမှတစ်ဆင့် စီးပွားဖြစ် ထုတ်ယူရန်ဆန်းစစ်ဆောင်ရွက်ခြင်းတွင်းများတူးဖော်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာသန်းရာနှင့်ချီ၍ ထပ်မံကုန်ကျမည်ဖြစ်သည်။ ထို့အပြင် စီးပွားဖြစ်ထုတ်ယူနိုင်ကြောင်း ဆန်းစစ်တွေ့ရှိပါက Development အဆင့် Infrastructure များတည်ဆောက်ခြင်းနှင့် Production လုပ်ငန်းအဆင့်များ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာဘီလီယံသန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံရမည်ဖြစ်သကဲ့သို့ အချိန်ကာလအားဖြင့်လည်း ဆယ်စုနှစ်နှင့်ချီ၍ ကြာမြင့်ဦးမည်ဖြစ်သည်။ ရေနက်ပိုင်း (Ultra Deep Water)၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်း ဆောင်ရွက်ရာတွင် နိုင်ငံတကာကုမ္ပဏီကြီးများပင် တစ်ဦးတည်းဖြင့် ရင်းနှီးမြှုပ်နှံခြင်းကို မည်သို့သောအခါကမျှ မစွမ်းဆောင်နိုင်ခဲ့ချေ။ ထို့ကြောင့် MPRL E& P ကုမ္ပဏီသည်လည်း International Oil & Gas Industry Practice နှင့်အညီ နိုင်ငံတကာကုမ္ပဏီကြီးများကဲ့သို့ ပူးပေါင်းဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းပါဝင်မှုအကျိုးစီးပွား (Participating Interest) ခွဲဝေခြင်းကို MPRL E&P (20%)၊ Woodside (40%) နှင့် Total E&P (40%) အဖြစ် သတ်မှတ်ခဲ့သည်။ သို့သော်လည်း MPRL E&P သည် A-6 လုပ်ကွက်ကိုတာဝန်ယူ၍ ဆောင်ရွက်သူ PSC Operator အဖြစ် ယနေ့တိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက်ရရှိခဲ့သော အချက်အလက်များကိုအခြေခံကာ ရွှေရည်ထွန်းတွင်း အမှတ်-၁ ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ရေနက်ပေ ၆၆၆၀ ၌ စတင်တူးဖော်ခဲ့သည်။ စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် အနေအထားရှိသည့် သဘာဝဓာတ်ငွေ့သိုက်အသစ်ကို ရခိုင်ကမ်းလွန် တောင်ပိုင်းတွင် ရွှေရည်ထွန်း-၁ ရှာဖွေရေးတွင်းမှ ထပ်မံရှာဖွေတွေ့ရှိခဲ့သည်။ ရွှေရည်ထွန်း-၁ ကို တူးဖော်ခဲ့ပြီး သဘာဝဓာတ်ငွေ့သိုက်အသစ်ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း တစ်နိုင်ငံလုံးကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးနေ့တွင် အသိပေးကြေညာခဲ့ပါသည်။

*စာမျက်နှာ ၉ သို့*

# ကမ္ဘာ့ဘဏ်က ကူညီပံ့ပိုးပေးနေတဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေ အောင်မြင်နေတာဟာ မြန်မာနိုင်ငံအစိုးရနဲ့ ပြည်သူတွေရဲ့အောင်မြင်မှုရလဒ်ပဲ ဖြစ်တယ်

**မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များတွင် ကမ္ဘာ့ဘဏ်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေး၊ ကျန်းမာရေး၊ ပညာရေး အပါအဝင် ဖွံ့ဖြိုးရေးကဏ္ဍအသီးသီးတွင် ပံ့ပိုးကူညီလျက်ရှိပြီး ဆက်လက် ပံ့ပိုးကူညီသွားမည့်အစီအစဉ်များနှင့် ကမ္ဘာ့ဘဏ်နှင့် မြန်မာနိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် မြှင့်တင်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ကမ္ဘာ့ဘဏ် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ ဗစ်တိုးရီယားကွာကွာနှင့် တွေ့ဆုံ၍ ၎င်း၏ သဘောထားအမြင်များကို မေးမြန်းခဲ့ပါသည်။**

**တွေ့ဆုံမေးမြန်း- အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ - အေးသန်း**

**မေး။ ။ မြန်မာနိုင်ငံ ခရီးစဉ်နဲ့ပတ်သက်ပြီး သဘောထား အမြင်လေး ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ မြန်မာပြည်ကို လာရောက် လည်ပတ်ခွင့်ရတဲ့အတွက် အလွန်ဝမ်းမြောက်မိပါတယ်။ ဒါဟာ ကျွန်မရဲ့ ဒုတိယအကြိမ်မြောက် ခရီးစဉ်ဖြစ်ပေမယ့်လည်း သတင်းမီဒီယာနဲ့ တွေ့ဆုံခွင့်ရတာကတော့ ဒါဟာပထမဦးဆုံးအကြိမ်ဖြစ်လို့ ကျွန်မရဲ့ အတွေးအမြင်တွေကို မြန်မာနိုင်ငံပြည်သူလူထုနဲ့ ဖလှယ်ခွင့်ရမှာဖြစ်တဲ့အတွက် အထူးဝမ်းမြောက်မိပါတယ်။ ကမ္ဘာ့ဘဏ်အနေနဲ့လည်း မြန်မာနိုင်ငံ အစိုးရနဲ့ ပြည်သူတွေရဲ့တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်တွေကို အရောက်လှမ်းနေတဲ့ ခရီးစဉ်မှာ ပံ့ပိုးကူညီခွင့်ရတဲ့အတွက်လည်း အထူးဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

**မေး။ ။ မြန်မာနိုင်ငံမှာ ကမ္ဘာ့ဘဏ်အနေနဲ့ ပြည်သူအားလုံးပါဝင်နိုင်တဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ဖို့ ပံ့ပိုးကူညီလျက်ရှိတာကို သိရပါတယ်။ အခုလာရောက်တဲ့ ခရီးစဉ်ရဲ့ရည်ရွယ်ချက်ကိုလည်း သိလိုပါတယ်။**

ဖြေ။ ။ ဒီခရီးစဉ်ရဲ့အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အစိုးရတာဝန်ရှိသူတွေနဲ့တွေ့ဆုံပြီး မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်မှာ ကမ္ဘာ့ဘဏ်အနေနဲ့ ဘယ်လိုဆက်လက်ပြီး ပံ့ပိုးကူညီသွားနိုင်မလဲဆိုတာ ဆွေးနွေးနိုင်ဖို့၊ လက်ရှိ ကမ္ဘာ့ဘဏ်ရဲ့ အကူအညီနဲ့ ဆောင်ရွက်လျက်ရှိတဲ့ စီမံကိန်းလုပ်ငန်းတွေ အကြောင်းကို ကျွန်မအနေနဲ့ ပိုမိုနားလည်သိရှိနိုင်ဖို့နဲ့ စီမံကိန်းတွေ အကောင်အထည်ဖော်ရာမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုနဲ့ အခက်အခဲတွေကို လေ့လာနိုင်ဖို့ ဖြစ်ပါတယ်။ ဒါ့အပြင် အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်တွေနဲ့ တွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်းမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေကို ဆွေးနွေးဖို့နဲ့ လေ့လာဖို့ ဖြစ်ပါတယ်။

**မေး။ ။ ကမ္ဘာ့ဘဏ်အနေနဲ့ လက်ရှိမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေး၊ ကျန်းမာရေး၊ ပညာရေးအပါအဝင် ဖွံ့ဖြိုးရေးကဏ္ဍအသီးသီးမှာ ပံ့ပိုးကူညီလျက်ရှိတာကို သိရပါတယ်။ ယနေ့အထိ အောင်မြင်မှု ရလဒ်တွေက ဘာတွေလဲ။ ရလဒ်တွေအပေါ် ကျေနပ်အားရမှု ရှိပါသလား။**

ဖြေ။ ။ အောင်မြင်မှု ရလဒ်တွေလို့ ပြောရင် ဒါက ကျွန်မတို့ ကမ္ဘာ့ဘဏ်ရဲ့ အောင်မြင်မှု ဆိုတာထက် မြန်မာနိုင်ငံအစိုးရနဲ့ ပြည်သူတွေရဲ့ အောင်မြင်မှု ရလဒ်တွေလို့ ဆိုနိုင်ပါတယ်။ မြန်မာနိုင်ငံအစိုးရနဲ့ ပြည်သူတွေရဲ့ ဦးဆောင်ပါဝင်မှုမရှိဘဲနဲ့ အောင်မြင်မှု မရရှိနိုင်ပါဘူး။ ဥပမာအနေနဲ့ပြောရရင် ပညာရေးနဲ့ ကျန်းမာရေးလုပ်ငန်းမှာ ပြည်သူတွေကို ဝန်ဆောင်မှုတွေ တိုးမြှင့်ပေးနိုင်ဖို့ ဆောင်ရွက်နေတဲ့ အစိုးရရဲ့လုပ်ငန်းအစီအစဉ်တွေကို ပံ့ပိုးကူညီတဲ့ နေရာမှာ အောင်မြင်မှုတွေရရှိခဲ့ပါတယ်။ ကမ္ဘာ့ဘဏ်အနေနဲ့ ဒီလုပ်ငန်းတွေ အကောင်အထည်ဖော်ရာမှာ ဘဏ္ဍာရေးအရ ပံ့ပိုးကူညီလျက်ရှိပါတယ်။ ဒီလုပ်ငန်းတွေကြောင့် ကျောင်းတက်တဲ့ ကလေးအရေအတွက်တွေ တိုးလာပါတယ်။ စာသင်ကျောင်းတွေမှာ အတန်းပြီးဆုံးအောင် ဆက်လက်တက်ရောက်တဲ့ ကျောင်းသား အရေအတွက်တွေ တိုးလာပါတယ်။ ကိုယ်ဝန်ဆောင်မိခင်တွေ၊ ကလေးငယ်တွေ အတွက် ကျန်းမာရေးစောင့်ရှောက်မှုတွေ တိုးတက်ရရှိလာအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါတွေက တစ်နိုင်ငံလုံးမှာ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ်။

ကျေးလက်ဖွံ့ဖြိုးရေးဘက်မှာ ကြည့်မယ်ဆိုရင် အစိုးရအနေနဲ့ လူထုဗဟိုပြုပြီး ဆောင်ရွက်လျက်ရှိတဲ့ စီမံကိန်းလုပ်ငန်းမှာ ကမ္ဘာ့ဘဏ်အနေနဲ့ ပံ့ပိုးကူညီခဲ့ပါတယ်။ ကျေးလက်နေပြည်သူတွေအနေနဲ့ သူတို့ရဲ့ ဖွံ့ဖြိုးရေး လိုအပ်ချက်ကို သူတို့ကိုယ်တိုင် စည်းဝေးတိုင်ပင်ဖော်ထုတ်ပြီး ကြီးကြပ်ဆောင်ရွက်ရတဲ့ လုပ်ငန်းအစီအစဉ် ဖြစ်ပါတယ်။ သူတို့ရပ်ရွာမှာ လိုအပ်တာက တစ်နေရာနဲ့ တစ်နေရာ မတူညီနိုင်ပါဘူး။ တချို့နေရာတွေမှာ ကျေးရွာချင်းဆက်လမ်း၊ တချို့နေရာတွေမှာ စာသင်ကျောင်းဆောင်၊ တချို့နေရာတွေမှာ ရေတွင်း စသည်ဖြင့် အမျိုးမျိုး ဖြစ်နိုင်ပါတယ်။ ဒီလိုလုပ်ငန်းတွေ ဆောင်ရွက်ဖို့ ဒီစီမံကိန်းက ငွေကြေးပံ့ပိုးပေးပါတယ်။ ကျေးလက်နေ ပြည်သူတွေက တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြပါတယ်။

သူတို့ရပ်ရွာမှာ ဆောင်ရွက်မယ့်လုပ်ငန်းတွေကို ဆုံးဖြတ်ရွေးချယ်တာ၊ ဒီဇိုင်းရေးဆွဲတာကနေ ဆောက်လုပ်ပြီးစီးတဲ့ အဆင့်ဆင့်မှာ ကိုယ်တိုင်ကြီးကြပ် ပါဝင်ခွင့်ရကြပါတယ်။ ဒါဟာ ကျေးရွာလူထုကို မိမိတို့ခြေထောက်ပေါ် မိမိတို့ရပ်တည်နိုင်စွမ်းရှိပြီး ကိုယ့်ကိုယ်ကို လေးစားမှုမြင့်တက်လာအောင်၊ တာဝန်ခံမှုမြင့်တက်လာအောင်နဲ့ မိမိတို့ရဲ့ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဦးဆောင်ပါဝင်နိုင်အောင် ပျိုးထောင်ပေးတာလို့ ဆိုနိုင်ပါတယ်။ အောင်မြင်မှုတွေအပေါ် အခြေခံပြီး ဒီစီမံကိန်းကို ဆက်လက် တိုးချဲ့ဆောင်ရွက်သွားဖို့လည်း ကျွန်မတို့ စီစဉ်နေပါတယ်။ နိုင်ငံတစ်ဝန်းမှာရှိတဲ့ ကျေးရွာ ထောင်ပေါင်းများစွာမှာ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးအပိုင်းမှာ ကြည့်မယ်ဆိုရင် ကမ္ဘာ့ဘဏ်အနေနဲ့ မဟာဓာတ်အားလိုင်း တိုးချဲ့ရေးနဲ့ မဟာဓာတ်အားလိုင်းပြင်ပ နည်းလမ်းများကို အသုံးပြုကာ လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးအတွက် ပံ့ပိုးကူညီလျက်ရှိပါတယ်။ မဟာဓာတ်အားလိုင်းပြင်ပ နည်းလမ်းများကို အသုံးပြုကာ လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးအတွက် ဆောင်ရွက်တဲ့နေရာမှာ ရလဒ်ကောင်းတွေ ရှိပေမယ့် မဟာဓာတ်အားလိုင်း တိုးချဲ့ရေးအပိုင်းမှာတော့ စိန်ခေါ်မှုတွေများစွာ ရှိနေပါတယ်။ ကျွန်မတို့အနေနဲ့ အစိုးရတာဝန်ရှိသူတွေနဲ့ ဆွေးနွေးပြီး ဒီစိန်ခေါ်မှုတွေကို ဖြေရှင်းဆောင်ရွက်နိုင်အောင် အလေးထားကြိုးစားလျက်ရှိပါတယ်။ ဒါ့အပြင် မွန်ပြည်နယ် သထုံမြို့နယ်မှာရှိတဲ့ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ အဆင့်မြှင့်တင်ဖို့လည်း အစိုးရကို ကူညီလျက်ရှိပါတယ်။ ရှေ့ဆက်ပြီး လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးကဏ္ဍမှာ တိုးချဲ့လုပ်ဆောင်သွားဖို့လည်း တိုင်ပင်ဆွေးနွေးမှုတွေပြုလုပ်လျက်ရှိပါတယ်။

**မေး။ ။ နေပြည်တော်မှာရှိစဉ်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် အစိုးရတာဝန်ရှိသူတွေနဲ့ တွေ့ဆုံခဲ့တာကိုလည်း သိရပါတယ်။ အစည်းအဝေးတွေမှာ ဆွေးနွေးသဘောတူညီခဲ့တဲ့အချက်တွေကို သိလိုပါတယ်။**

ဖြေ။ ။ ကျွန်မရဲ့ခရီးစဉ်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနတွေက ပြည်ထောင်စုဝန်ကြီးတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ ဒါ့အပြင် ဖွံ့ဖြိုးရေး အကူအညီများ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Development Aid Coordination Unit) အဖွဲ့ဝင်တွေနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ အဓိက ဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေကတော့ ကမ္ဘာ့ဘဏ်နဲ့ မြန်မာနိုင်ငံ ဆက်လက်ပြီး ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်သွားဖို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်မှာ ကမ္ဘာ့ဘဏ်အနေနဲ့ ဘယ်လို အကောင်းဆုံး ပံ့ပိုးကူညီနိုင်မလဲဆိုတာ သိနိုင်ဖို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအစိုးရရဲ့ ဖွံ့ဖြိုးရေးဆိုင်ရာ ဦးစားပေးအရာတွေက ဘာတွေလဲ။ အစိုးရအနေနဲ့ ကမ္ဘာ့ဘဏ်ကို ဘယ်လိုကဏ္ဍတွေမှာ ဆောင်ရွက်ဖို့ ဆန္ဒရှိသလဲဆိုတာကို နားလည်နိုင်ဖို့နဲ့ ရှင်းရှင်းလင်းလင်းသိနိုင်ဖို့ ဖြစ်ပါတယ်။ ဒါ့အပြင် လက်ရှိဆောင်ရွက်နေတဲ့ စီမံကိန်းလုပ်ငန်းတွေမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ စိန်ခေါ်မှု အခက်အခဲတွေနဲ့ ဒါတွေကို ဘယ်လိုဖြေရှင်းကျော်လွှားကြမလဲဆိုတာ ဆွေးနွေးခဲ့ကြပါတယ်။

**မေး။ ။ မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီစနစ်ကို ဦးတည်လျှောက်လှမ်းလျက်ရှိပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ နိုင်ငံရေးနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ကမ္ဘာ့ဘဏ်အနေနဲ့ ဒီဖြစ်စဉ်အပေါ် သဘောထားအမြင်ကို သိလိုပါတယ်။**

ဖြေ။ ။ ကျွန်မတို့ အဖွဲ့အစည်းရဲ့ဦးတည်ချက်ကတော့ စီးပွားရေးနဲ့ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုတွေကို ဖော်ဆောင်ဖို့ ဖြစ်ပါတယ်။ နိုင်ငံရေးကိစ္စရပ်တွေ အပေါ်မှာတော့ အဓိက အာရုံစိုက်လေ့မရှိပါဘူး။ ကျွန်မတို့ရဲ့ အတွေ့အကြုံအရ ပြောရမယ်ဆိုရင် ပြည်သူတွေရဲ့ အသံကို နားထောင်တာ၊ ပြည်သူတွေရဲ့ သဘောထားကို တိုင်းပြည်ရဲ့ အရေးကြီးတဲ့ ဆုံးဖြတ်ချက်ချတဲ့နေရာမှာ ပါဝင်စေတာ၊ ဖွံ့ဖြိုးရေးစီမံကိန်းတွေ ရေးဆွဲတဲ့နေရာမှာ၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ အကောင်အထည်ဖော်တဲ့နေရာမှာ ပါဝင်စေတာဟာ တိုင်းပြည်တစ်ခု အောင်မြင်နိုင်ဖို့အတွက် သော့ချက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှုလမ်းကြောင်းကိုကြည့်ခြင်းအားဖြင့် မြန်မာပြည်သူ ပြည်သားတွေက သူတို့လိုအပ်တာတွေ၊ သူတို့ကို အစိုးရက ဖြည့်ဆည်းပေးရမယ့်ဟာတွေကို အစိုးရကို တင်ပြပြောဆိုနိုင်စွမ်းရှိသူတွေလို့ ကျွန်မမြင်ပါတယ်။



ဗစ်တိုးရီယားကွာကွာ

---

*စာမျက်နှာ ၈ မှ*

"လုပ်ကွက် A-6 မှာ သဘာဝဓာတ်ငွေ့သိုက်အသစ်တွေ့ပြီ။ နိုင်ငံတော်ရဲ့ မင်္ဂလာတစ်ပါးပဲ။ မြေအောက် သယံဇာတတွေရဲ့ အဓိကပိုင်ရှင်ဖြစ်တဲ့ မြန်မာနိုင်ငံတော်နဲ့ မြန်မာပြည်သူ ပြည်သားအားလုံး အကျိုးဖြစ်ထွန်းစေမယ့် အောင်မြင်မှုတစ်ခုဖြစ်တယ်လို့ ယုံကြည်ပါတယ်" ဟု MPRL E & P ကုမ္ပဏီအမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်က ပြောသည်။

MPRL E & P အနေဖြင့် ရွှေရည်ထွန်း၏ ရှာဖွေတွေ့ရှိမှုကို အခြေခံ၍ A-6 ၌ ဇူလိုင်လတွင် ရှာဖွေရေးတွင်းများ ဆက်လက်တူးဖော်ရန် စီစဉ် ဆောင်ရွက်နေပါသည်။ ယင်းကိုအဓိက တူးဖော်ရခြင်း၏ ရည်ရွယ်ချက်မှာ ရွှေရည်ထွန်းရှာဖွေရေးတွင်းမှ တွေ့ရှိသော သဲကြောများမှ သဘာဝဓာတ်ငွေ့၏ ထုထည်ပမာဏကို စီးပွားဖြစ်ထုတ်ယူနိုင်မှုရှိ၊ မရှိကို ပိုမိုတိကျစေရန်ဖြစ်ကြောင်း သိရပါသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း ယူနစ် (၆၄၆၇) မဂ္ဂါဝပ်ပမာဏရှိခဲ့သော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သုံးစွဲမှုယူနစ်(၁၃၅၅၁) မဂ္ဂါဝပ်အထိရှိခဲ့ရာ သုံးစွဲမှုရာခိုင်နှုန်း ၂၀၀ ကျော်တိုးမြှင့်လာခဲ့သည်။ ထိုသို့ တိုးမြှင့်ရာ ပြည်သာနှင့် ရွှေရည်ထွန်းတွင်းများကို အခြေခံပြီး A-6 မှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့များသည် အနာဂတ်တွင် မြင့်တက်လာမည့် ပြည်တွင်းစွမ်းအင် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်သည်။

"မကြာခင်ဆောင်ရွက်မယ့် A-6 က ရှာဖွေရေးတွင်းနှစ်တွင်း အောင်မြင်ခဲ့ပြီဆိုရင် ဒီနေရာဟာ ဧရာဝတီတိုင်းဒေသကြီးနဲ့နီးသလို ပုသိမ်မြို့နဲ့လည်းနီးတာကြောင့် အနီးဆုံးဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်မှာ ပြည်တွင်းစွမ်းအင်သုံးစွဲမှုဖြစ်တဲ့ လျှပ်စစ်ဓာတ်အားရရှိမှာဖြစ်တယ်။ ပြည်ပတင်ပို့ဖို့အတွက်မှာတော့ ငရုတ်ကောင်းလိုနေရာမျိုးမှာ အခြေတည်ပြီး ပြည်ပကို ပို့လို့ရတယ်။ ဒီတွင်းတွေဟာ တကယ့်ရေနက်ပိုင်းမှာတွေ့တာဖြစ်ပြီး အောင်မြင်ရင် ပိုမိုအကျိုးအမြတ်ရရှိမှာဖြစ်သလို နိုင်ငံအတွက် အဖိုးတန်ဆုံးရတနာသိုက်ဖြစ်လာမှာပါ" ဟု ဦးစည်သူမိုးမြင့် (Country Manager) က ပြောသည်။

သဘာဝပတ်ဝန်းကျင်အန္တရာယ်ထိခိုက်မှုမရှိစေရန် MPRL E & P ကုမ္ပဏီသည် ယခင်ရခိုင်ကမ်းလွန်အစမ်းတွင်း "ပြည်သာ" ကိုတူးဖော်စဉ်က တွင်းတူးရာတွင်အသုံးပြုခဲ့သော တွင်းတူးရွှံ့ရည်များကို နိုင်ငံတကာစံချိန်၊ စံညွှန်းများနှင့်အညီစွန့်ပစ်ခဲ့သည်။ အဆိုပါ တွင်းတူးရွှံ့ရည်များတွင် ပါဝင်သောဓာတုဒြပ်ပေါင်းများသည် ရေနေသတ္တဝါနှင့်ပင်လယ်ရေကို ထိခိုက်ပျက်စီးစေသဖြင့်တွင်း၏ ပြင်ပ



ပင်လယ်သမုဒ္ဒရာထဲသို့မစွန့်ဘဲ တွင်း၏အနက်ပိုင်း ပေ ၄၀၀၀ ခန့်မြေလွှာထဲသို့ တွန်းကန်ဖိအားဖြင့်မောင်းထည့်ခဲ့သည်။ ထို့ပြင် တွင်းပေါက်မှတစ်ဆင့်သမုဒ္ဒရာကြမ်းပြင်သို့ ပြန်ထွက်လာမှုမရှိစေရန် စနစ်တကျပိတ်သိမ်းခဲ့သည်ဟု ဦးကိုကို (Technical Manager) က ပြောကြားခဲ့သည်။ ဦးကိုကိုက ဆက်လက်ပြောကြားရာတွင် MPRL E & P အနေဖြင့် မန်းရေနံမြေတွင်လည်း ထွက်ရှိသော ရေဆိုးအားလုံး၏ (၉၂%) ကျော်ကို ပိတ်သိမ်းထားသော တွင်းဟောင်းများအတွင်း ပြန်လည်ထည့်သွင်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများကို အခြေခံ၍လည်း A-6 တွင် ဆက်လက်အသုံးပြုဆောင်ရွက်သွားမည်ဖြစ်သည်။

MPRL E & P ကုမ္ပဏီအနေဖြင့် ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်နှင့်လူထုကို ထိခိုက်မှုမဖြစ်ပေါ်စေရန် ချမှတ်ထားသည့် အစီအမံများနှင့် ပတ်သက်၍ "မကြာခင်အကောင်အထည်ဖော်တော့မယ့်လုပ်ငန်းတွေမှာလည်း သဘာဝသယံဇာတအရင်းအမြစ်တွေ လျော့နည်းဆုံးရှုံးမှုမရှိစေဘဲ စဉ်ဆက်မပြတ် အကျိုးရှိစွာ အသုံးပြုနိုင်အောင် အစီအမံတွေချထားပါတယ်။ လူမှုပတ်ဝန်းကျင်နဲ့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိအောင် အထူးအလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ကျန်းမာရေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် စွန့်ပစ်ပစ္စည်းနဲ့အညစ်အကြေးတွေကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနဲ့အညီ စနစ်တကျစွန့်ပစ်သွားမယ့်အစီအစဉ်တွေလည်း ချမှတ်ထားပါတယ်" ဟု MPRL E & P ကုမ္ပဏီ၏ လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်တာဝန်ယူမှုဌာနက ပြောသည်။

**အနာဂတ်မျှော်လင့်ချက်**

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ဆွဲဆောင်မှုနှင့်တွေ့ကြုံနေရသည့်အခက်အခဲများနှင့်စပ်လျဉ်း၍ အာဆီယံ၊ မဲခေါင်ဒေသများမှ စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသော (သို့မဟုတ်) ရင်းနှီးမြှုပ်နှံလိုသူများအား စစ်တမ်းကောက်ယူခဲ့ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တစ်ဟုန်ထိုး တိုးတက်လာမည့် အခြေခံအဆောက်အအုံဖြစ်သော လျှပ်စစ်ဓာတ်အားကဏ္ဍသည် ရင်းနှီးမြှုပ်နှံသူတို့အတွက် အခက်အခဲကြုံတွေ့နေကြရသည်။ ရေအားလျှပ်စစ် ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းနှင့်အတူ သဘာဝဓာတ်ငွေ့နှင့်အခြားလောင်စာများမှ လျှပ်စစ်ဓာတ်အားထုတ်ယူမှုကို အခြေခံထားသော ဟန်ချက်ညီသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစနစ်ဖြင့် ဖြန့်ဖြူးရေးအပါအဝင် လျှပ်စစ်ကဏ္ဍတစ်ရပ်လုံး၏ တည်ငြိမ်မှုကို ပံ့ပိုးဆောင်ရွက်ပေးနိုင်သည့် စီမံကိန်းတစ်ရပ်ကို ရေးဆွဲဆောင်ရွက်နိုင်ရန်လည်း မျှော်လင့်ကြောင်း ဖော်ပြထားသည်။

စွမ်းအင်ကဏ္ဍကို တည်တည်ငြိမ်ငြိမ်နှင့် တိုးတက်အောင်ဆောင်ရွက်နိုင်ပါက နိုင်ငံတော်၏ စီးပွားရေးလည်းတိုးတက်၍ တည်ငြိမ်မည်ဖြစ်သည်။ ထို့ကြောင့် MPRL E & P ကုမ္ပဏီသည် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၊ အတွေ့အကြုံများကို မျှဝေဆောင်ရွက်နိုင်မည့် ရင်းနှီးမြှုပ်နှံသူများနှင့်အတူ နိုင်ငံ၏စွမ်းအင်ကဏ္ဍအတွက် သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ရေးကဏ္ဍတွင် နိုင်ငံတော်၏ ရေရှည်အကျိုးအတွက် စွန့်ပစ်ရင်းနှီးမြှုပ်နှံခဲ့သည်။ ထို့ကြောင့် သဘာဝဓာတ်ငွေ့အလားအလာကောင်းများရှိသည့် A-6 သည် မြန်မာနိုင်ငံ မြန်မာပြည်သူတို့အတွက် သဘာဝဓာတ်ငွေ့ ထိုမှတစ်ဆင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးလာနိုင်တော့မည်ဖြစ်သည်။

မကြာမီကာလအတွင်း စီးပွားဖြစ်ထုတ်ယူနိုင်ခြင်းရှိ/မရှိ ဆန်းစစ်ဆောင်ရွက်ခြင်း (Appraisal) လုပ်ငန်းများစတင်တော့မည့် ကမ်းလွန်လုပ်ကွက် A-6 မှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့သည် နိုင်ငံ၏စွမ်းအင်ကဏ္ဍကို ဖြည့်ဆည်းပေးခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးမောင်းနှင်အားကို ပံ့ပိုးတိုးမြှင့်ပေးနိုင်တော့မည်ဖြစ်သကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်၏ ခနအင်အားပိုမိုတောင့်တင်းခိုင်မာရေးအတွက် နိုင်ငံခြားဝင်ငွေများကိုလည်း တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနိုင်တော့မည်ဖြစ်သည်။ သို့ဖြစ်၍ ရခိုင်ကမ်းလွန် A-6 မှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့သည် နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် ရွှေရောင်အနာဂတ်မျှော်လင့်ချက်များဟုသာ ဆိုရမည်ဖြစ်ပါသည်။

# ကိုလံဘီယာ၌ မြေပြိုမှုကြောင့် လူနှစ်ရာကျော်သေဆုံး

**ဘိုဂိုတာ ဧပြီ ၂**

ကိုလံဘီယာနိုင်ငံ အနောက်တောင်ပိုင်း ပူတူမားယိုးအုပ်ချုပ်ရေးနယ်မြေ မြို့တော် မိုကိုအာ၌ ရေကြီးရေလျှံမှုကြောင့် စနေနေ့က မြေပြိုမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၂၀၆ ဦး အသက်ဆုံးရှုံးခဲ့ရပြီး ဒဏ်ရာရရှိသူ ရာနှင့်ချီ၍ရှိခဲ့ကြောင်း သိရသည်။

ကံဆိုးမိုးမှောင်ကျစွာ ဖြစ်ပွားခဲ့သည့် ပူတူမားယိုး မြေပြိုမှုကြောင့်ပြည်သူ နှစ်ရာကျော်သည် မိသားစုဝင်များနှင့် တကွဲတပြားဖြစ်ကာသေဆုံးသွားခဲ့ကြရကြောင်း ကိုလံဘီယာသမ္မတမန်နျူရယ် ဆန်တိုစ်က ၎င်း၏တွစ်တာအကောင့်တွင် ရေးသားခဲ့သည်။

ဒဏ်ရာရရှိသူအများစုကို နီးစပ်ရာ ဒေသဆေးရုံများသို့ ပို့ဆောင်ကာ ကုသမှုခံယူစေခဲ့ပြီး ၎င်းတို့အနက် ၂၂ ဦးကို အိမ်နီးချင်းမြို့များရှိ ကျန်းမာရေး စောင့်ရှောက်ရေးစင်တာများသို့ အလျင်အမြန် ပို့ဆောင်ခဲ့ရသည်။ မြို့အတွင်းနေထိုင်သူ ဒေသခံ ၄၃၇၀၀ ရှိပြီး ဒေသခံများစွာတို့မှာမြေပြိုမှုဖြစ်ပွားပြီးနောက် ပျောက်ဆုံးနေဆဲဖြစ်၍ သေဆုံးသူအရေအတွက်မှာ ထပ်မံမြင့်တက်လာနိုင်ဖွယ်ရှိနေသည်။ အသေအပျောက် အရေအတွက်ကို တရားဝင်အတိအကျ ထုတ်ပြန်ခြင်းမရှိသေးပေ။

မြေပြိုမှုဖြစ်ပွားရာ ဧရိယာအတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပွားခဲ့သောကြောင့် ရှာဖွေမှုများကို ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။ ကိုလံဘီယာ နေ့စဉ်သတင်းစာ EI Tiempo က မိုးသည်းထန်စွာရွာသွန်းမှုသည် မိကိုအာ၊ ဆန်ဂိုရာဂိုနှင့် မူလာတိုစ်မြစ်သုံးခုကို စနေနေ့တွင် ရေများလျှံထွက်စေခဲ့ပြီး ရွှံ့မြေပြိုကျမှုများက နေအိမ်များ၊ တံတားများနှင့် မော်တော်ယာဉ်များကို မျောပါသွားစေခဲ့သည်။

ဒေသ ၁၇ ခုတို့၌ မိုးသည်းထန်စွာရွာသွန်းခြင်းဖြစ်ပွားခဲ့ပြီး သမ္မတ ဆန်တိုစ်သည် စနေနေ့တွင် မြေပြိုမှုဖြစ်ပွားရာသို့ ချက်ချင်းသွားရောက်ခဲ့ကာ တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် လေကြောင်းအင်အားစုများကို ကယ်ဆယ်ရေး ဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။ ကယ်ဆယ်ရေးနှင့် အကူအညီပေးရေး ဆောင်ရွက်ရန်အတွက် မိုကိုအာမြို့ကို အရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။

(ဆင်ဟွာ)





## ကန်အမျိုးသား လုံခြုံရေးအကြံပေးဟောင်း ရုရှားကုမ္ပဏီများထံမှ ဝင်ငွေရရှိမှုကို ထုတ်ဖော်ပြောကြားနိုင်ခြင်းမရှိ

**ဝါရှင်တန် ဧပြီ ၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ အမျိုးသားလုံခြုံရေးအကြံပေးဟောင်းဖြစ်သူ မိုက်ကယ်ဖလင်းသည် ဖေဖော်ဝါရီလက ဘဏ္ဍာငွေရှင်းတမ်းပြုလုပ်ရာတွင် ရုရှားရုပ်မြင်သံကြားကွန်ရက်၊ ရုရှားနှင့် ချိတ်ဆက်နေသည့် နောက်ထပ်ကုမ္ပဏီ တစ်ခုတို့မှ ဝင်ငွေမည်မျှရရှိကြောင်းကို ထုတ်ဖော်ပြောကြားနိုင်ခဲ့ခြင်းမရှိကြောင်း စနေနေ့က အိမ်ဖြူတော်မှထုတ်ပြန်သည့်စာရွက်စာတမ်းများမှ သိရသည်။

မတ် ၃၁ ရက်က မိုက်ကယ်ဖလင်း လက်မှတ်ရေးထိုးခဲ့သည့် ငွေကြေးရှင်းတမ်းပုံစံတွင် အိမ်ဖြူတော်အာဏာပိုင်များသည် ကရင်မလင်က ငွေကြေးထည့်ဝင်ထားသည့် RT TVနှင့် Volga-Dnepr လေကြောင်းလိုင်း ကုမ္ပဏီများအပါအဝင် ရုရှားကုမ္ပဏီများနှင့် ကတိကဝတ်ပြောဆိုခဲ့မှုများကို စာရင်းပြုလုပ်ခဲ့သည်။

ယင်းငွေကြေးရှင်းတမ်းပုံစံအတွင်း၌ မိုက်ကယ်ဖလင်းအား အခကြေးငွေ မည်မျှပေးခဲ့သည်ကို ဖော်ပြထားခြင်းမရှိခဲ့ပေ။

ရုရှားနှင့်ချိတ်ဆက်နေသည့်ဝင်ငွေ တင်ပြချက်ကွဲလွဲမှုသည် မိုက်ကယ်ဖလင်းအား ထိခိုက်မှုဖြစ်လာစေနိုင်ဖွယ်ရှိသည်။ နှစ်ဆယ့်လေးရက်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ရာထူးမှနုတ်ထွက်ရန် အတင်းအကျပ်စေခိုင်းခံခဲ့ရသည့် အငြိမ်းစားဗိုလ်ချုပ် မိုက်ကယ်ဖလင်းသည် ရုရှားအာဏာပိုင်များနှင့် ၎င်း၏ပတ်သက်ဆက်နွယ်နေခဲ့မှုအပေါ် အနီးကပ်စုံစမ်းစစ်ဆေးမှုများနှင့် ရင်ဆိုင်ရလျက်ရှိသည်။

(ရိုက်တာ)

# အကျင့်ပျက်ခြစားမှုကို ကန့်ကွက်ဆန္ဒပြသူ အယောက်သုံးဆယ်ကျော် မော်စကိုရဲများ ဖမ်းဆီး

**မော်စကို ဧပြီ ၂**

မော်စကိုရဲများသည် တနင်္ဂနွေနေ့တွင် လမ်းများပေါ်တက်ကာ အကျင့်ပျက်ခြစားမှုကို ဆန့်ကျင်ဆန္ဒပြသူအယောက်သုံးဆယ်ကျော် ဖမ်းဆီးထိန်းသိမ်းမှုပြုလုပ်ခဲ့ကြောင်း သိရသည်။ ရုရှားနိုင်ငံမြို့တော်မော်စကို၌ ပြီးခဲ့သည့် ရက်သတ္တပတ်က စတင်ဖြစ်ပွားခဲ့သည့် လူအမြောက်အမြားဆန္ဒပြမှု၏ နောက်ဆက်တွဲ ဆန္ဒပြမှုများအတွင်း ထိုသို့ဖမ်းဆီးထိန်းသိမ်းမှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနမှ မျက်မြင်သက်သေက ပြောကြားခဲ့သည်။

ဆန္ဒပြဆူပူမှုသည် ပြီးခဲ့သည့် ရက်သတ္တပတ်ကထက် နည်းပါးသွားပြီဖြစ်သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်က ဆန္ဒပြမှုအတွင်း ဝန်ကြီးချုပ် ဒီမစ်ထရီမက်ဗီဒက် ရာထူးမှနုတ်ထွက်ရေးကိုတောင်းဆိုလျက် အကျင့်ပျက်ခြစားမှုကိုကန့်ကွက်သည့် ဆန္ဒထုတ်ဖော်မှုပြုလုပ်ခဲ့သော ကရင်မလင်အစိုးရအဖွဲ့အား ဝေဖန်သူ အလက်စီနာဗယ်လ်နီအပါအဝင် ဆန္ဒပြသူ ရာပေါင်းများစွာအား ဖမ်းဆီးထိန်းသိမ်းမှုများပြုလုပ်ခဲ့သည်။



တနင်္ဂနွေနေ့က လူစုလူဝေးပြုလုပ်ကာ ကရင်မလင်နန်းတော်ဆီသို့ ချီတက်ရန်ကြိုးစားနေကြသည့် လူသုံးဆယ်ကျော်ကို ရဲအရာရှိအချို့နှင့် ရဲတပ်ဖွဲ့ဝင်များက မော်စကိုမြို့လယ်ကောင်တွင် ဖမ်းဆီးခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

အများပြည်သူဆိုင်ရာဥပဒေ ထုတ်ပြန်မှုကိုချိုးဖောက်သည့်အတွက် ၎င်းတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း အင်တာဖက်စ်သတင်းအေဂျင်စီက ဖော်ပြထားသည်။ မော်စကိုမြို့လယ်ကောင်တွင် ဆန္ဒပြသူတစ်ရာကျော်ခန့် ကျန်ရှိနေသေးသော်လည်း ပြီးခဲ့သည့် ရက်သတ္တပတ်ကထက် အင်အားနည်းပါးသွားပြီဖြစ်သည်။ တနင်္ဂနွေနေ့က ဖြစ်ပွားသည့် ဆန္ဒထုတ်ဖော်မှုမတိုင်မီတွင် ရုရှားအာဏာပိုင်များသည် အကွက်ချစီစဉ်မှုပြုလုပ်ထားသည့် အစိုးရဆန့်ကျင်ဆန္ဒပြမှုများကို အားပေးသည်ဟုဆိုကာ အင်တာနက်ဝန်ဆောင်မှုအချို့ကိုပါ ပိတ်ဆို့မှုများပြုလုပ်ခဲ့ကြသည်။ (ရိုက်တာ)

## အိုင်အက်စ်စစ်သွေးကြွများအား ချေမှုန်းသည့် လေကြောင်းတိုက်ခိုက်မှုများအတွင်း အရပ်သား ၂၀၀ကျော် အသက်ဆုံးရှုံး

**ဝါရှင်တန် ဧပြီ ၂**

နှစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည့် အီရတ်နှင့်ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများအား အမေရိကန်ဦးဆောင်သော မဟာမိတ်အင်အား စုများ၏ လေကြောင်းတိုက်ခိုက်မှုများအတွင်း မရည်ရွယ်ဘဲ အရပ်သား ၂၂၉ ဦးထက်မနည်း အသက်ဆုံးရှုံးခဲ့ရပြီဖြစ်ကြောင်း အမေရိကန်တပ်မတော်က ပြောကြား ခဲ့သည်။

အမေရိကန်ဗဟိုညွှန်ကြားမှုအဖွဲ့က ဩဂုတ်လမှစတင်ကာ ဖေဖော်ဝါရီလတစ်လျှောက်လုံးအထိ ရေတွက်ခဲ့သည့်စာရင်းကို စနေနေ့က ထုတ်ပြန်ဖော်ပြခဲ့သည်။ မတ်လအတွင်းက အီရတ်မြို့တော်မိုဆူးလ်တွင် လုပ်ဆောင်ခဲ့သည့် လေကြောင်းတိုက်ခိုက်ခဲ့မှုများအတွင်း သေပျောက်ခဲ့သည့်စာရင်းဇယားများကိုပါ စုံစမ်းစစ်ဆေးကြည့်မည်ဆိုလျှင် အသေအပျောက်အရေအတွက်မှာ ယခုထက်မက ပိုမိုများပြားလာနိုင်သည်။

လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားသည့်ဧရိယာများအတွင်း အဆောက်အအုံများပြိုကျမှုကြောင့် သေဆုံးခဲ့သည့်အရပ်သားမှာ ၁၃၀ ကျော်ဖြစ်သည်။ အရပ်သားများသေဆုံးမှုသည် မဟာမိတ်လေကြောင်းတိုက်ခိုက်မှုများနှင့် များစွာသက်ဆိုင်မှုရှိကြောင်း၊ စုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်လျက်ရှိကြောင်း အမေရိကန်စစ်ဘက်က ပြောကြားခဲ့သည်။

သို့သော် နိုင်ငံရေးလေ့လာသုံးသပ်သူများက အရပ်သားသေဆုံးမှုသည် ဖော်ပြထားသည့် အရေအတွက်ထက်များပြားကြောင်း ပြောကြားခဲ့သည်။ စစ်ရေးထိန်းချုပ်မှုအဖွဲ့ကမူ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသည့်အရပ်သားအရေအတွက်မှာ ၂၈၃၁ ဦးထက်မနည်းဖြစ်သည်ဟု ဆိုသည်။

(ရိုက်တာ)

## နိုင်ငံတကာစည်းမျဉ်းများနှင့်အညီ ကုန်သွယ်ရေးကိုသုံးသပ်ရန် အမေရိကန်အား တရုတ်တိုက်တွန်း

**ပေကျင်း ဧပြီ ၂**

တရုတ်နိုင်ငံကို ရည်ရွယ်သည့် ကုန်သွယ်ရေးဆိုင်ရာသုံးသပ်မှုများပြုလုပ်ရာတွင် အမေရိကန်နိုင်ငံအနေဖြင့် နိုင်ငံတကာစည်းမျဉ်းများနှင့်အညီ ရှုမြင်သုံးသပ်ရန် တရုတ်နိုင်ငံက တိုက်တွန်းခဲ့ကြောင်း သိရသည်။ တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာန (MOC)သည် အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ပြီးခဲ့သည့်သောကြာနေ့တွင် ကုန်သွယ်ရေးဆိုင်ရာလိုငွေပြမှုကို လျှော့ချရေးအတွက် ရည်ရွယ် လုပ်ဆောင်ခဲ့သည့် အမိန့်ထုတ်ပြန်မှုတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက်တွင် ယင်းသို့မှတ်ချက် ထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

(ဆင်ဟွာ)

# ကျွန်တော် နဲ့ မီယာ



ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

မီယာဆိုတာက အချစ်လို့ အဓိပ္ပာယ်ရပါတယ်။ အီတာလျံစကားဖြစ်တယ်။ ကျွန်တော့်သမီး ငယ်ငယ်ကတည်းက အိမ်မွေးတိရစ္ဆာန်မွေးဖို့ အမြဲပူဆာတယ်။ နိုင်ငံခြားမှာနေတော့ အိမ်မွေးတိရစ္ဆာန်မွေးဖို့ မလွယ်တာမို့ မြန်မာပြည်ပြန်ရင် မွေးရမယ်လို့ သူ့ကို ဖျောင်းဖျခဲ့တယ်။ လွန်ခဲ့တဲ့ ၁၀နှစ် ၂၀၀၇ခုနှစ် ကျွန်တော် ကုလသမဂ္ဂက အငြိမ်းစားယူပြီး မိသားစုနဲ့ ရန်ကုန်ကို ပြန်လာခဲ့ကြတယ်။ ရောက်ပြီး မကြာမီပဲ ရွှေဝါရောင် တော်လှန်ရေးနဲ့ ကြုံရတယ်။ သမီးကို ပေးထားတဲ့ကတိအတိုင်း သူမွေးချင်လှတဲ့ခွေးကလေးကို နာနတ်တောလမ်းမှာရှိတဲ့ ပလူတို အိမ်မွေး တိရစ္ဆာန်ဆိုင်မှာဝယ်ဖို့ မိသားစု သွားခဲ့ကြတယ်။ ပလူတိုမှာ ခွေးတွေ၊ ကြောင်တွေ မျိုးစုံ။ ဆိုင်ကို ရောက်ရောက်ချင်း အဖြူရောင်ခွေးကလေးကို မြင်လိုက်ရတယ်။ မြင်မြင်ချင်း ချစ်ခဲ့တာ။ မျက်လုံးတွေက အကြီးကြီး၊ အမျိုးက တရုတ်နန်းတွင်းမှာ မွေးတဲ့ ပီကင်းနိ(စ်) အမျိုး။ ဆိုင်ရှင်က ရောင်းဖို့မရည်ရွယ်ပေမယ့် ကျွန်တော်တို့မိသားစု အထူးသဖြင့် သမီးလိုချင်မှန်းသိလို့ ဝယ်ခွင့်ပေးလိုက်တာ။ ဆိုင်ရှင်မိသားစုက ခွေးမလေးကို "ဝိုင်းချစ်"ဆိုတဲ့ နာမည်ပေးထားတယ်။ သမီးကတော့ အီတာလျံ စကားတတ်တာမို့ ချက်ချင်းပဲ "မီယာ" ဆိုတဲ့ နာမည်ကို ပေးခဲ့တာ။ ကျွန်တော့်မိသားစုက တိရစ္ဆာန်တွေကို သိပ်ချစ်တတ်တယ်။ အဖေလုပ်သူ တပ်မတော်မှာ တာဝန်ထမ်းဆောင်ရင်း ချောက်မြို့မှာရှိတဲ့ ခြေလျင်တပ်ရင်း(၁၀) ကို ပြောင်းတဲ့အခါ ရန်ကုန်ကတစ်ဆင့် ရောဝတီသင်္ဘောကြီးနဲ့ မိသားစုတွေ သွားခဲ့ကြတယ်။

သင်္ဘောခရီးမှာ ကျွန်တော်တို့ မောင်နှမ ခုနစ်ယောက်။ ဖေဖေမွေးထားတဲ့ အယ်ဇေးရှင်း ခွေးကြီး ခုနစ်ကောင်။ လူတွေက တပ်ရင်းမှူးကြီး ကလေးခုနစ်ယောက်၊ ခွေးခုနစ်ကောင်နဲ့ ဆိုပြီး မှတ်ချက်ပေးခဲ့ကြတယ်။ ဖခင်ရဲ့ဝါသနာကို ကျွန်တော့်ညီက ဆက်ခံခဲ့တယ်။ သူ့အိမ်မှာ တစ်ချိန်က ခွေးအကောင် ၂၀ ကျော်။ ကြောင်တွေကလည်း အများကြီး။ မျောက်တစ်ကောင်လည်း ပါတယ်။ ငှက်တွေလည်းရှိတယ်။ တိရစ္ဆာန်ရုံ သေးသေးတစ်ခု။ သမီးက သူ့ရဲ့ဦးလေးအိမ်သွားရင် တိရစ္ဆာန်တွေနဲ့ သိပ်ပျော်တာ။ ကျွန်တော့်ဇနီးက တိရစ္ဆာန်ကို မချစ်ရှာဘူး။ သူ့ မိဘအိမ်မှာ ခွေးကြီးတွေရှိပေမယ့် လက်ပွန်းတတီး မနေခဲ့ဘူး။ သမီးကိုချစ်တော့ မီယာကိုလည်း သူက ချစ်ရှာတယ်။

မီယာဟာ ခွေးဖြစ်ပေမယ့် လူလိုပဲ နားလည်တယ်။ လိမ္မာတယ်။ စိတ်ကောက်တတ်တယ်။ မနာလိုဖြစ်တတ်တယ်။ သမီးလုပ်တဲ့သူကို သူ့ရဲ့ပြိုင်ဘက်လိုသဘောထားပြီး သူ့ကိုပိုဂရုစိုက်မှ ကြိုက်တယ်။ ဒါကြောင့်လည်း သမီးက အမြဲတမ်း မီယာကို စတယ်။ စကားမပြောတတ်တာက လွဲလို့ အားလုံးကိုသိသလိုပဲ။ မီယာရောက်လာတော့ မိသားစုပိုပြီး ပြည့်စုံသလိုပဲ။ သူနဲ့ ပတ်သက်ပြီး ဝေယျာဝစ္စက မသေးလှဘူး။ တိရစ္ဆာန်ဆရာဝန်နဲ့ မိတ်ဆွေဖြစ်တဲ့ အထိ။ အိမ်မှာ ကူညီပေးတဲ့ ကလေးမက မီယာကို သိပ်ဂရုစိုက်တယ်။ အထူးသဖြင့် မီယာအကြီးအကျယ် နေမကောင်းဖြစ်တဲ့အချိန်မှာ ညအိပ်စောင့်ပြီး ကျန်းမာလာတဲ့ အထိ စောင့်ရှောက်ခဲ့တာ။ မီယာကျွန်တော်တို့ အိမ်ရောက်တုန်းက သမီးက ၁၀ နှစ်ကျော်ပဲရှိသေးတာ။ သမီးက ကျွန်တော်တို့ကို အမြဲပြောတယ်။ ခွေးအသက်ကိုခုနစ်နဲ့မြှောက်ရင် လူ့အသက်နဲ့ အတူတူပဲလို့ ပြောတယ်။ လွန်ခဲ့တဲ့ လေးနှစ်လောက်က သမီး ပညာသင်ဖို့ နိုင်ငံခြားသွားခဲ့တယ်။ သမီးဟာ သူ့မီယာကို သတိရနေသလို မီယာကလည်း သမီးကို တမ်းတနေတာ မြင်ရတယ်။ သမီးချစ်တတ်မှန်းသိလို့ သူ့ဦးလေးက မွေးနေ့လက်ဆောင်အဖြစ် ခွေးမလေး တစ်ကောင်ကို လက်ဆောင်ပေးခဲ့တယ်။ သမီးက မီယာနဲ့ အဖော်ရအောင် "မာယာ"လို့ နာမည်ပေး ပြန်တယ်။ ဒါကြောင့် ခွေးမချစ်တတ်တဲ့ ကျွန်တော့်ရဲ့ ဇနီးဟာ ခွေးနှစ်ကောင်ကို ပြုစုခဲ့ရတယ်။ မီယာနဲ့ မာယာဟာ တစ်ကောင်ကအဖြူ၊ တစ်ကောင်က အညိုရောင်၊ မီယာက အမွေးရှည်တယ်။ ရေချိုးပေးပြီးတဲ့အခါ သူ့ရဲ့အမွေးရှည်နဲ့ သိပ်လှတာ။ သူလှတဲ့အကြောင်းကိုလည်း လူသိအောင် ပြတတ်တယ်။ ကျွန်တော့်မိသားစုအခန်းထဲ တီဗွီရှေ့ထိုင်ပြီး အလုပ်လုပ်နေရင်း မီယာကနံဘေးမှာ ထိုင်ကာ အဖော်လုပ်တယ်။ ကျွန်တော်အခုလိုဆောင်းပါးတွေရေးရင်း သူ့ရဲ့ ဝမ်းဗိုက်ကို ပွတ်ပေးရင် သိပ်သဘောကျတာ။

ကျွန်တော်တို့ မိသားစုနဲ့ရင်းနှီးတဲ့ဆွေမျိုးတွေ၊ သူငယ်ချင်းတွေဟာ မီယာကို သိကြတယ်။ မီယာကို ချစ်ကြတယ်။ ဧည့်သည်တွေ သူ့အပေါ်အာရုံစိုက်အောင် နေတတ်၊ ထိုင်တတ်လှုပ်ရှားတတ်တယ်။ အထူးခြားဆုံးကတော့ သူ့ရဲ့မျက်လုံးတွေဖြစ်တယ်။ မျက်လုံးအိမ်ကြီးသလို ပြူးထွက်နေတာ။ သူ့ရဲ့ အလေးချိန်တက်လာရင် အစားကိုလျှော့စားတယ်။ ကျွေးသမျှ မစားတော့ဘဲ လျှော့စားတာ။ ညဘက်ဆို ကျွန်တော်တို့ နှစ်ယောက်ရဲ့ အိပ်ခန်းမှာပဲ သူ့ကိုသိပ်တယ်။

လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်က မီယာဟာ မာယာနဲ့ ဆော့ရင်း မာယာရဲ့လက်သည်းဒဏ်ကြောင့် မျက်လုံးမှာဒဏ်ရာ ရခဲ့တယ်။ တစ်ဖက်မှာလည်း သူ့ရဲ့မျက်စိမှာ တိမ်စွဲလာတယ်။ တိမ်ခွဲဖို့ ကျွန်တော့်ဇနီးရဲ့ငယ်သူငယ်ချင်း မျက်စိအထူးကုဆရာဝန်နဲ့ မီယာကို စောင့်ရှောက်ပေးတဲ့ ဆရာဝန်နဲ့ ဇနီးက ဆေးခန်းသွားပြီး ပြသတိုင်ပင်ခဲ့တယ်။ တိမ်ကိုခွဲလို့မရဘူးဆိုတာ သိမှလက်လျှော့ခဲ့ရတယ်။ အသက်ရလာလို့ ထင်ပါရဲ့ သူ့ရဲ့မျက်စိတွေ မှုန်ခဲ့တယ်။ မျက်စိမှုန်ရုံမက၊ သူ့ရဲ့နားကလည်း အားနည်းလာခဲ့တယ်။ ဇရာရဲ့ဒဏ်ကို ခံရတာ။ အခုဆို မျက်စိမမြင်၊ နားမကြားပေမယ့် အားလုံးကိုသိတယ်။ နားလည်တယ်။ တစ်နေ့က မီယာရုတ်တရက်အသက်ရှူကြပ်ပြီး ခြေလက်မသယ်နိုင်ဘဲ ဖြစ်ခဲ့တယ်။ ဖြစ်ဖြစ်ချင်း အိမ်က ကလေးမက ကျွန်တော်တို့အိပ်တဲ့ အခန်းကို ခေါ်လာခဲ့တယ်။ သူ့ကို ပွေ့ချီလိုက်တဲ့အခါ အခြေအနေ မကောင်းတော့မှန်း သိတယ်။ ကျွန်တော့်လက်ထဲမှာပဲ မီယာအသက်ထွက်ခဲ့တာ။ ဇနီးလုပ်သူက မကြည့်ရက်လို့ အနားမလာဘဲ ဆရာဝန်ဆီ လှမ်းဆက်တယ်။ သေမှန်းသိပေမယ့် စိတ်ကျေနပ်အောင် ဆေးခန်းသွားခဲ့တယ်။ အချိန်ကလည်း ည ၁၀ နာရီ ကျော်နေပြီ။ ဆရာဝန်ခဗျာလည်း ကျွန်တော်တို့ ဂရုစိုက်မှန်းသိလို့ စမ်းသပ်ပေးရှာတယ်။ အသက်ကြီးလို့ ဖြစ်တာပါလို့လည်း ဖြေသိမ့်တယ်။ မီယာကို ဆေးခန်းကပြန်ခေါ်လာပြီး ခြံထဲမှာပဲမြှုပ်ခဲ့တယ်။ မီယာအခုလို ဖြစ်တာကို ကျွန်တော့်ဇနီးက ယူကျုံးမရဖြစ်ရတယ်။ အစက တိရစ္ဆာန်ကိုမချစ်တတ်တဲ့သူဟာ မီယာကြောင့် စိတ်တွေပြောင်းခဲ့တယ်။ မီယာကို သိပ်ဂရုစိုက်ပြီး သမီးလေးတစ်ယောက်လို စောင့်ရှောက်ခဲ့တယ်။ မီယာအခုလို သေသွားခဲ့တဲ့အကြောင်းကို သူ့ရဲ့လူမှုရေး ကွန်ရက်ကတစ်ဆင့် ဖြန့်ဝေခဲ့တယ်။ သူ့ရဲ့ခံစားချက်တွေကိုဖတ်ရတဲ့သူတွေက ကိုယ်ချင်းစာကြပြီး ဖြေသိမ့်စကားတွေနဲ့ အားပေးခဲ့ကြတယ်။ ခံစားချက်တွေတူတဲ့သူတွေ အများကြီးရှိတာကို သိခဲ့ရတယ်။

မီယာဖြစ်တဲ့ အကြောင်းကို အဝေးရောက်နေတဲ့သမီးကို မပြောသေးဘူး။ သူသိရင် ဘယ်လောက်ခံစားရမလဲဆိုတာ စဉ်းစားပြီး စိုးရိမ်နေမိတာပဲ။ မကြာမီ သူဘွဲ့ရတော့မယ်။ ဘွဲ့ရပြီး မြန်မာပြည် ပြန်ရောက်မှ ပြောဖို့စဉ်းစားထားတာ။ ကျွန်တော့်အနေနဲ့ ဆုံးရှုံးမှုကြောင့် ကိုယ်ကိုယ်တိုင်ခံစားရသလို ဇနီးအတွက် သမီးအတွက်၊ စဉ်းစားပြီး သုံးဆခံစားရတာ။ ဇနီးအတွက်ကတော့ ပထမဆုံးအတွေ့အကြုံ အတော်လေး ခံရတယ်။ ကျွန်တော့်အနေနဲ့ အရင်တုန်းက မကြာခဏ အိမ်မှာမွေးထားတဲ့ ခွေးတွေဆုံးလို့ စိတ်မကောင်းဖြစ်ခဲ့ရပေမယ့် မီယာကြောင့် ခံစားရတဲ့အဖြစ်နဲ့ နှိုင်းယှဉ်လို့မရဘူး။ ကိုယ်ကြေကွဲနေတာကိုလည်း ဇနီးသိမှာ စိုးရိမ်နေမိတာ။ သူမသိအောင် မျိုသိပ်ထားတယ်။ ရုတ်တရက်စဉ်းစားလိုက်ရင် အိမ်မွေးတိရစ္ဆာန်ခွေးတစ်ကောင်အတွက် ဒီလောက်ဖြစ်ရသလားလို့ ဝေဖန်ကြမှာပဲ။ အပြစ်တင်ကြမှာပဲ။ ရှုတ်ချကြမှာ သေချာပါတယ်။ ဒါပေမယ့် သံယောဇဉ် ဆိုတာက အခက်သား။ လူမှ၊ တိရစ္ဆာန်မှ မဟုတ်ပါဘူး။ ကိုယ့်လက်ထဲမှာ ငယ်ငယ်ကတည်းက ကြီးပြင်းလာတာမို့ သံယောဇဉ်ဖြစ်မိတာ။ မီယာဟာ ကျွန်တော်တို့ ဘဝရဲ့အရေးပါလှတဲ့ တစ်ထောင့်တစ်နေရာက ပါဝင်ခဲ့တာ။ မြန်မာပြည် ပြန်ရောက်တဲ့အချိန်ကစပြီး ကျွန်တော်ရဲ့ဘဝဟာ ပုံစံအမျိုးမျိုးနဲ့ ပြောင်းလဲလာခဲ့ပြီး ဖြတ်သန်းလာခဲ့တာ။ အခုလို ဖြတ်သန်းခဲ့တဲ့အချိန်မှာ မီယာဟာ အဖော်ကောင်းဖြစ်ခဲ့တယ်။ သံယောဇဉ်မီးဟာ ကြီးမားလှတယ်။ ဘဝတစ်လျှောက်လုံးမှာ ကြုံကြ၊ ဆုံကြ၊ ကွဲကွာခဲ့ရ၊ လမ်းခွဲခဲ့ရ၊ ဒါတွေဟာ ဓမ္မတာပါပဲ ကြံ့ကြံ့ခံနိုင်အောင် ဆင်ခြင်ဖို့လိုတာသိပေမယ့် ခံစားရတာတော့အမှန်ပါပဲ။ ကျွန်တော့်ရဲ့စိတ်ဟာ ပျော့ညံ့လွန်းတယ်လို့ သုံးသပ်မိတယ်။ ကျွန်တော်ဟာ စဉ်းစားတွေးခေါ်မှုကို အမြဲပြုစုတယ်။

> **တစ်ဦးနဲ့တစ်ဦး မုန်းအောင်၊ နာကြည်းအောင်ပြောရတာ လွယ်တယ်။ ချစ်ဖို့၊ မေတ္တာထားဖို့၊ သည်းခံဖို့၊ နားလည်ဖို့ ပြောရတာခက်တယ်။ သိပ်လက်မခံချင်ကြဘူး။ မေတ္တာအခြေခံတဲ့ ယဉ်ကျေးမှုတစ်ရပ်ကို ဖော်ထုတ်ဖို့ လိုအပ်တယ်။ မေတ္တာမျှတဲ့ နေရာမှာလည်း သတ္တဝါအားလုံးမျှနိုင်ဖို့ အရေးကြီးလှတယ်**

အားထုတ်တယ်။ ဒါပေမယ့် ဦးနှောက်ကပြောတာ တစ်မျိုး၊ နှလုံးသားက ပြောတာတစ်မျိုး။ ဦးနှောက်နဲ့ စဉ်းစားရင် အဖြေကတစ်မျိုး ဖြစ်ပေမယ့် အရာရာမှာ အကြောင်းအကျိုး ပြည့်ဝအောင် မစဉ်းစားနိုင်ဘဲ ခံစားမှုက အရှေ့ကို ရောက်လာတာဖြစ်တယ်။ ကျွန်တော်တို့ မိသားစုရဲ့ခံစားချက်ကို အိမ်မွေးတိရစ္ဆာန်မွေးဖူးသူတွေ ကိုယ်ချင်းစာနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ မသိသူတွေကတော့ အလုပ်ရှုပ်လိုက်တာ၊ အပိုအလုပ်တွေ၊ သက်သက်ကိုယ့်ဒုက္ခကိုယ်ရှာကြတယ်လို့ ပြောကြမှာပဲ။ ဒါပေမယ့် ကျွန်တော်တို့ကိုနားလည်နိုင်တဲ့ သူတွေအများကြီး ရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။ အိမ်မွေးတိရစ္ဆာန်တွေဟာ ရယူခြင်းမရှိဘဲ အစဉ်ပေးဆပ်တဲ့ မေတ္တာကိုပြတတ်ကြတယ်။ စောင့်ရှောက်တဲ့သူ စိတ်ချမ်းသာအောင် ဖန်တီးပေးနိုင်တယ်။ သူတို့ဟာ အဖော်ကောင်းတွေ ဖြစ်တယ်။ အထီးကျန်မှုကို သူတို့ကြောင့် ဖြေဖျောက်နိုင်စွမ်းရှိတယ်။ မီယာဆုံးပြီး တစ်နေ့က အိမ်ကို ကျွန်တော့်ရဲ့ညီမနဲ့ ညီရဲ့ဇနီးရောက်လာကြတယ်။ ကားပေါ်ကဆင်းပြီး နောက်ခန်းဖွင့်လိုက်တော့ ခွေးကလေးနှစ်ကောင် လှောင်အိမ်ထဲမှာ။ ကျွန်တော့်ညီက ကျွန်တော်တို့ နှစ်ယောက် စိတ်သက်သာရာရအောင် မွေးဖို့လက်ဆောင်လာပေးတာ။ နှစ်ကောင်စလုံးက ချစ်စရာ။ တစ်ကောင်ရဲ့ မျက်လုံးက ဗိုလ်မလေးတစ်ယောက်လို ပြာနေတာ။ ဒါပေမယ့် ကျွန်တော်နဲ့ဇနီးက ငြင်းလိုက်တယ်။ သူတို့ရဲ့စေတနာ၊ သူတို့ရဲ့ မေတ္တာကို နားလည်ပေမယ့် အခုလို ချက်ချင်းလက်ငင်းမီယာကိုအစားထိုးဖို့ သတ္တိတွေ မရှိသေးဘူး။ အိမ်ကကလေးမတွေက မယူဖို့ ငြင်းကြတယ်။ သူတို့ခမျာ အခုထိ ငိုနေရတုန်း။ အမှန်တော့ သူတို့က အသေးစိတ်စောင့်ရှောက်ရတာမို့ ပိုပြီးခံစားကြရတယ်။ ငိုလိုက်ကြတာ။ ကျွန်တော့်ညီက သူ့ရဲ့ခံစားချက်နဲ့ ယှဉ်ပြီး အခုလိုလုပ်တာကိုသဘောပေါက်တယ်။ လွန်ခဲ့တဲ့ တစ်နှစ်လောက်က သူ့သားငယ်နဲ့ ချွေးမက အင်္ဂလိပ်ခွေးဘီလူး တစ်ကောင် ထိုင်းကဝယ်ပြီး မွေးတာ။ နာမည်က တုတ်တုတ်တဲ့ ချစ်စရာလေး၊ ကျွန်တော်တို့သွားတိုင်း ပွတ်သီးပွတ်သပ်နေတတ်တယ်။ သမီးကသိပ်သဘောကျတာ။ မျက်နှာပေါက်က ရုပ်ဆိုးပေမယ့် ချစ်စရာ။ တုတ်တုတ်အကောင်းပကတိကနေ လျှာတွေမည်းပြီး ရုတ်တရက် သေရှာတယ်။ သခင်နှစ်ယောက်က ခွေးဆုံးလို့ စားမဝင်အိပ်မပျော်ဖြစ်ခဲ့ရပြီး ချက်ချင်း ထိုင်းနိုင်ငံက ခွေးဘီလူးနှစ်ကောင် ထပ်ဝယ်လိုက်တယ်။

ကျွန်တော်တို့နှစ်ယောက်ကတော့ အစားမထိုးချင်တော့ဘူး။ ဆုံးရှုံးမှုဒဏ်က အတော်ကြီးမားတာမို့ အချိန်ကိုပဲ အားကိုးရတော့မှာ။ အရာရာကို အချိန်က ကုစားတယ်ဆိုတာ နားလည်ပါတယ်။ ဆုံးရှုံးမှုတစ်ရပ်နဲ့ ရင်ဆိုင်တဲ့အခါ တစ်ဦးနဲ့တစ်ဦး ခံယူမှု တုံ့ပြန်မှုမတူညီကြဘူး။ မိမိရဲ့ခံစားချက်တွေကို ဖွင့်ဟနိုင်တဲ့သူတွေရှိသလို တချို့ကတော့ မျိုသိပ်ထားတတ်ကြတယ်။ ချုံးပွဲချငိုကြသလို တချို့ကတော့ မျက်ရည်မကျဘဲ ငိုတတ်ကြတယ်။ ဘယ်လိုပဲတုံ့ပြန်တုံ့ပြန် တူညီတာကတော့ ခံစားမှုဖြစ်တယ်။ ခံစားမှုကို ကြောက်ရွံ့စိုးရိမ်ရင် အစကတည်းက သံယောဇဉ်မထားဖို့ မမွေးဖို့ပြောကြမှာ။ ဒါပေမယ့် ခံစားရမှာကြောက်လို့ သံယောဇဉ်မရှိရင် သံယောဇဉ်ထားခဲ့လို့ ရလာတယ်။ စိတ်ချမ်းသာမှုကို ကြုံရမှာမဟုတ်ဘူး။ ဒါကြောင့်လည်း မီယာအပေါ် သံယောဇဉ်ကြီးခဲ့တာကို နောင်တမရဘူး။ သံယောဇဉ်ထားခဲ့တာမို့ ရလာခဲ့တဲ့ ကြည်နူးမှုကိုပဲ အမှတ်ရမှာ ဖြစ်တယ်။

လူ့လောကကြီးမှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ မျိုးစုံ ကြုံတွေ့နေရတယ်။ အခုလို တွေ့ကြုံကြတဲ့အခါ မေတ္တာတရားကို ရှေ့တန်းတင်ပြီး ရင်ဆိုင်ဖို့ လိုအပ်ပါတယ်။ အမုန်းတရား မပွားအောင် ဆင်ခြင်ကြဖို့ လိုတယ်။ တစ်ဦးနဲ့တစ်ဦးမုန်းအောင်၊ နာကြည်းအောင် ပြောရတာ လွယ်တယ်။ ချစ်ဖို့၊ မေတ္တာထားဖို့၊ သည်းခံဖို့၊ နားလည်ဖို့ ပြောရတာခက်တယ်။ သိပ်လက်မခံချင်ကြဘူး။ မေတ္တာအခြေခံတဲ့ ယဉ်ကျေးမှုတစ်ရပ်ကို ဖော်ထုတ်ဖို့ လိုအပ်တယ်။ မေတ္တာမျှတဲ့ နေရာမှာလည်း သတ္တဝါအားလုံးမျှနိုင်ဖို့ အရေးကြီးလှတယ်။

ဒီဆောင်းပါးကိုရေးရင်း မီယာကို သိပ်သတိရနေမိတယ်။ ကိုယ့်အနားမှာ အမြဲရှိနေတာကို အမှတ်ရနေမိတယ်။ အခု မီယာမရှိတော့ပေမယ့် ကျွန်တော်တို့ဘဝမှာ မီယာအမြဲ ရှိနေမှာ ဖြစ်တယ်။ အမှန်တော့ လူတွေဟာ ကိုယ့်ကိုယ်ကိုယ်ချစ်ကြသူတွေ ဖြစ်ကြတယ်။ တစ်ကိုယ်ကောင်းဆန်တတ်ကြတယ်။ ကိုယ့်အတွက်သာ ကြည့်တတ်ကြတယ်။ အိမ်မွေးတိရစ္ဆာန်တွေကတော့ အခုလို မဟုတ်ဘဲ နှောင်ကြိုးမဲ့ သခင်တွေအပေါ် သစ္စာရှိတယ်။ ပေးဆပ်တယ်။ ရယူချင်းထက် ပေးဆပ်နိုင်တယ်။ မီယာရဲ့ကျေးဇူးကို အမှတ်ရနေမိတယ်။ ။



## မြန်မာနိုင်ငံဆန်စပါးနှင့် ဆက်စပ်သီးနှံများ တန်ဖိုးမြှင့်ထုတ်လုပ်ရေးဆိုင်ရာ မူဝါဒများဆွေးနွေး

**နေပြည်တော် ဧပြီ ၂**

မြန်မာနိုင်ငံဆန်စပါးနှင့် ဆက်စပ်သီးနှံများ တန်ဖိုးမြှင့်ထုတ်လုပ်ရေးဆိုင်ရာ မူဝါဒများ ဆွေးနွေးပွဲကို ဧပြီ ၁ ရက်က နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်၊ ဖိလစ်ပိုင်နိုင်ငံ South-East Asian Regional Center for Graduate Study and Research in Agriculture (AEARCA)၊ အပြည်ပြည်ဆိုင်ရာ စားနပ်ရိက္ခာမူဝါဒဆိုင်ရာ သုတေသနဌာနမှ ပညာရှင်များ (IFPRI)၊ လယ်ယာနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးမူဝါဒနှင့် မဟာဗျူဟာများဆိုင်ရာဌာန (IPSARD)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (CESD) တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်၍ ဆန်စပါးနှင့် ဆက်စပ်သီးနှံများ၊ တန်ဖိုးမြှင့်ထုတ်လုပ်ရေးဆိုင်ရာ မူဝါဒများအား ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။ ယင်းဆွေးနွေးပွဲမှ မြန်မာနိုင်ငံ စိုက်ပျိုးထုတ်လုပ်သူများနှင့် လုပ်ငန်းရှင်များအတွက် ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ တိုးမြှင့်ထုတ်လုပ်မှုဆောင်ရွက်နိုင်စေရန်နှင့် ရှေ့ဆက်ချမှတ်ဆောင်ရွက်မည့် မူဝါဒများ၊ လမ်းစဉ်များအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **သိမ့်သိမ့်မိုး၊ ဓာတ်ပုံ-သိန်း**

# မောင်တောကုန်သွယ်ရေးစခန်း၌ ကုန်သွယ်မှုလုပ်ငန်းများပုံမှန်လည်ပတ်လျက်ရှိ

**မောင်တော မေ ၂**



မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်း လှေဆိပ်ကို တွေ့ရစဉ်

ရခိုင်ပြည်နယ် မောင်တောမြို့ရှိ မောင်တော ကုန်သွယ်ရေးစခန်း၌ ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်လုပ်ဆောင်လျက်ရှိပြီး ကုန်တင်စက်လှေများ ပုံမှန်ကူးသန်းသွားလာလျက်ရှိကာ ယမန်နှစ်ကုန်သွယ်မှု အခြေအနေထက် တိုးတက်မှုများရှိကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလ အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်ပိုင်း နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် ကုန်သွယ်မှုလုပ်ငန်းများ ကျဆင်းခဲ့သော်လည်း ဇန်နဝါရီလမှစတင်၍ လက်ရှိကာလအထိကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်လျက်ရှိကြောင်း မောင်တောကုန်သွယ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းကျော်က ပြောသည်။

"မောင်တောကုန်သွယ်ရေးစခန်းက ပို့ကုန်ကိုအဓိကထားတဲ့စခန်းဖြစ်ပါတယ်။ သွင်းကုန်ကတော့ အရင်ကတည်းကနည်းခဲ့တာပါ။ ကုန်သွယ်မှုအနေနဲ့ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်ပြီး အဓိကတင်ပို့တာကတော့ ငါးခြောက်၊ ပုစွန်၊ ငါးသလောက်၊ ဝါးတွေ အများဆုံးတင်ပို့ရပါတယ်။ သွင်းကုန်ကတော့ နည်းပြီး ဒန်ရေတကောင်းတို့၊ ဖိနပ်၊ အဝတ်အထည်တို့လောက်ပဲ တင်သွင်းမှု ရှိတာပါ။ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ် ကုန်သွယ်မှုကတော့ ပုံမှန်အခြေအနေအတိုင်းရှိ နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မောင်တော ကုန်သွယ်ရေးစခန်း၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် လျာထားသည့် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၈ သန်းဖြစ်ပြီး ဆောင်ရွက်နိုင်ခဲ့သည့် ပမာဏမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၄၈ သန်းဖြစ်ကြောင်း၊ ဆောင်ရွက်နိုင်မှု ၇၄ ဒသမ ၃၅ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ယမန်နှစ်၏ ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၃၅ သန်းဖြစ်ခြင်းကြောင့် ယခင်ဘဏ္ဍာနှစ်ထက် သုည ဒသမ ၅၁၃ သန်းပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း မောင်တောကုန်သွယ်ရေး ဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**ရာမည၊ တင်စိုး**

# မောင်တောမြို့နယ်အတွင်း၌ အသိပညာပေးဟောပြောပွဲများပြုလုပ်

**မောင်တော မေ ၂**



မောင်တောမြို့နယ်အတွင်း၌ မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဉာဏ်ဝင်းဦး၊ မောင်တောမြို့နယ်ရဲတပ်ဖွဲ့မှူး ကျော်မြင့်၊ မောင်တောခရိုင် ပြန်/ဆက်ဦးစီးမှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ အသိပညာပေးဟောပြောပွဲများကို မေ ၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့လုပ်ဆောင်ရာတွင် မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ်တကျရှိစေရေး၊ မီးဘေးအန္တရာယ်တားဆီးနှိမ်နင်းရေးပညာပေးလုပ်ငန်းများကို မြို့မတောင်ရပ်ကွက်နာရီစင်လမ်းဆုံ၊ ရှိတ္တာရွာလမ်းဆုံ၊ စေတီပြင်ဈေးလမ်းဆုံ သုံးနေရာတို့၌ ပညာပေးဟောပြောခဲ့ပြီး ပြည်သူလူထု ၆၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**(သတင်းနှင့် ဓာတ်ပုံ-ရာမည၊ တင်စိုး)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်



ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့်များ ၈၈၈ ဂရမ်ခန့် တွေ့ရစဉ်

**နေပြည်တော် မေ ၂**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄၂ စီး၊ သွင်းကုန် ၆၄၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆ စီး၊ သွင်းကုန် ၁၅၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ ဒသမ ၈၇၂ သန်းခန့်နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅ ဒသမ ၀၆ သန်းခန့် စုစုပေါင်း သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁ ဒသမ ၉၃၂ သန်းခန့် ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁ ရက်တွင် မူဆယ်မြို့မှ လားရှိုးမြို့သို့ သွားရောက်မည့် Mitsubishi Pajero အမျိုးအစားယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရန်တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံတားဆီးပြီး ရေပူအမြဲတမ်း စစ်ဆေးစခန်းသို့ ခေါ်ဆောင်၍ စစ်ဆေးခဲ့ရာ မော်တော်ယာဉ် အနောက်ဘက်၌တပ်ဆင်ထားသော အပိုဘီးအတွင်းတွင် ဆပ်ပြာခွက် ၇၄ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့်များ ၇၄ ခွက်× ၁၂ ဂရမ် စုစုပေါင်း ၈၈၈ ဂရမ်ခန့်နှင့် သယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ ဒသမ ၈၇၂ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

**ရန်ကုန် မေ ၂**

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၅၉ မှုဖြစ်ပွားခဲ့ကာ ဒဏ်ရာရ ၈၃၈ ဦး၊ သေဆုံး ၁၃၂ ဦးရှိခဲ့ပြီး ဧရာဝတီတိုင်းဒေသ ကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး တို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်၍ ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်းမပြုရ။
၂။ အပျော်လွန်ကြူး စည်းကမ်းမဲ့ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်း မောင်းခြင်းမပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။
၄။ ယာဉ်၏ ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်းမပြုရ။
၆။ ယာဉ်ကြောပြောင်းပြန် စီးနင်းမောင်းနှင်ခြင်းမပြုရ။
၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်းမပြုရ။
၈။ မော်တော်ဆိုင်ကယ်များ အိတ်ဇောပိုက်ဖြုတ်၍ စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍ စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းများမပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သောပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# မြန်မာ့ရိုးရာမဟာသင်္ကြန် စည်ကားစွာကျင်းပရေး လုပ်ငန်းညှိနှိုင်း

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ၂၀၁၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးခြင်းနှင့် ဦးစီးကော်မတီနှင့်ဆပ်ကော်မတီဝင်များ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ကျင်းပနိုင်ရေး လုပ်ငန်းများညှိနှိုင်းအစည်းအဝေးကို မေ ၁ ရက် ညနေ ၃ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး၏ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ရှေးဦးစွာ မြို့နယ် မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမြင့်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက်ဆပ်ကော်မတီလုပ်ငန်းများအား ဆွေးနွေးညှိနှိုင်းကြသည်။

မြို့နယ်တွင်မဟာသင်္ကြန်ဖျော်ဖြေရေးနှင့်ရေကစားမဏ္ဍပ်များမှာ သုဝဏ္ဏဘောလုံးကွင်း၊ ရခိုင်ရေကစားမဏ္ဍပ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ရွှေဝါဆန်မြေရေကစားမဏ္ဍပ်၊ လေးထောင့်ကန်ရပ်ကွက် ကျာကျင်ကို မဏ္ဍပ်နှင့် ၉/မြောက်ရပ်ကွက်၌ နေမဝင်တဲ့ ရွှေစင်ဆုပေးမဏ္ဍပ်များနှင့် အုန်းလက်ရေကစားမဏ္ဍပ်များစွာတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟု အစည်းအဝေးဆုံးဖြတ်ချက်အရ သိရသည်။

**တင်ကြည်(သဃ်န်းကျွန်း)**



စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခမ်းပါတ်မြို့အတွင်းရှိ ကျေးရွာအချို့တွင် မေ ၂ ရက်က မိုးသက်လေပြင်းများတိုက်ခတ်ခဲ့ပြီး မိုးသီးများကြွေကျခဲ့သည်ကို တွေ့ရစဉ် (မြို့နယ် ပြန်/ဆက်)

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

**ဥပဒေ၏ပူးတွဲပါဇယားများ**

(ယမန်နေ့မှအဆက်)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ရငွေများ - နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | ရငွေများ - အခြားသာမန်ရငွေ | ရငွေများ - အတိုးရငွေ | ရငွေများ - ထောက်ပံ့ငွေရငွေ | ရငွေများ - ငွေလုံးငွေရင်းရငွေ | ရငွေများ - ပြည်ပအကူအညီရငွေ | ရငွေများ - ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ရငွေများ - ကြွေးမြီ - ချေးယူရငွေ | ရငွေများ - အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | ရငွေများ - စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၇၈,၇၈၀.၀၀၀ | | | | | | | | | ၇၈,၇၈၀.၀၀၀ |
| | ပေါင်း | | | | ၇၈,၇၈၀.၀၀၀ | | | | | | | | | ၇၈,၇၈၀.၀၀၀ |

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | သုံးငွေများ - အတိုးပေးငွေ | သုံးငွေများ - ထောက်ပံ့ငွေ | သုံးငွေများ - ငွေလုံးငွေရင်းသုံးငွေ | သုံးငွေများ - ကြွေးမြီ - ထုတ်ချေးငွေ | သုံးငွေများ - ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | သုံးငွေများ - အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | သုံးငွေများ - စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၃,၀၇၅.၀၀၀ | | | ၂,၁၈၂.၃၃၉ | | | | | ၁၅,၂၅၇.၃၃၉ |
| | ပေါင်း | | ၁၃,၀၇၅.၀၀၀ | | | ၂,၁၈၂.၃၃၉ | | | | | ၁၅,၂၅၇.၃၃၉ |

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၇)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ရငွေများ - နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | ရငွေများ - အခြားသာမန်ရငွေ | ရငွေများ - အတိုးရငွေ | ရငွေများ - ထောက်ပံ့ငွေရငွေ | ရငွေများ - ငွေလုံးငွေရင်းရငွေ | ရငွေများ - ပြည်ပအကူအညီရငွေ | ရငွေများ - ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ရငွေများ - ကြွေးမြီ - ချေးယူရငွေ | ရငွေများ - အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | ရငွေများ - စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၁၉,၉၄၄.၁၀၀ | | | | | | | | | ၁၉,၉၄၄.၁၀၀ |
| ၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၆၅,၀၀၀.၀၀၀ | | | | | | ၂၇,၂၅၅.၀၀၀ | | | ၉၂,၂၅၅.၀၀၀ |
| ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၂၄၆,၄၂၀.၇၇၈ | | | | ၁၄,၅၆၅.၉၄၀ | | ၂၁၁,၀၀၄.၇၃၀ | | | ၄၇၁,၉၉၁.၄၄၈ |
| ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၂၉၆,၀၇၃.၀၅၀ | | | | ၇၉.၂၅၀ | | | | | ၂၉၆,၁၅၂.၃၀၀ |
| ၅ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၃,၇၀၆,၄၉၈.၃၃၇ | | | | ၁,၉၁၀.၆၆၃ | | ၂၁၅,၀၄၅.၆၈၈ | | | ၃,၉၂၃,၄၅၄.၆၈၈ |
| ၆ | စက်မှုဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၁၄၅,၂၀၃.၉၈၀ | | | | | | | | | ၁၄၅,၂၀၃.၉၈၀ |
| ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၄၂၃,၉၅၂.၄၄၈ | | | | ၃,၅၂၀.၃၂၇ | | ၂၀,၅၆၉.၅၁၁ | | | ၄၄၈,၀၄၂.၂၈၆ |
| | ပေါင်း | | | | ၄,၉၀၃,၀၉၂.၆၉၃ | | | | ၂၀,၀၇၆.၁၈၀ | | ၄၇၃,၈၇၄.၉၂၉ | | | ၅,၃၉၇,၀၄၃.၈၀၂ |

ဆက်လက်ဖော်ပြပါမည်



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ မတ်လနောက်ဆုံးပတ်က ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ရွှေနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးသီဟမျိုးနှင့် တပ်ဖွဲ့ဝင်များ ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ယာဉ် တစ်စီး၊ ရေဂါလန် ၁၂၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီး စုစုပေါင်း နှစ်စီးဖြင့် နန်းလုံအုပ်ကြီးကျောင်း၊ နန်းသာယာအေးကျေးရွာနှင့် နန်းလုံကျေးရွာတို့တွင် ရေများဖြန့်ဝေပေးစဉ်

အတ်ကလေး

## မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး

**ရန်ကုန် ဧပြီ ၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲမှူးချုပ် ဝင်းနိုင်၏မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မတ်လနောက်ဆုံးပတ်က အမှတ်(၃၇) ရပ်ကွက် ပင်လုံလမ်းမပေါ်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့၌ ပြခန်းအားပြသခဲ့ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါ လေ့လာသူများအား ဒဂုံမြောက်မြို့နယ်ရဲတပ်ဖွဲ့မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သီတာဝင်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းထွန်းအောင်၊ ယာဉ်ထိန်းတပ်ဖွဲ့ တပ်ဖွဲ့စု ၃၀ မှ ဒုတိယရဲမှူး ကျော်အောင်တို့သည် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်ကိုသိရှိစေရန်၊ ပြစ်မှုကျူးလွန်ခြင်းမခံရစေရန်၊ လူကုန်ကူးမှုအန္တရာယ်တားဆီးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး မှုခင်းအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**

# မွန်ပြည်နယ်တွင် သစ်တောမြေကျူးကျော်မှုမှာ ရော်ဘာစိုက်ခင်းအများဆုံးဖြစ်

**မော်လမြိုင် ဧပြီ ၂**

မွန်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ၅သိန်းခန့်ရှိပြီး သစ်တောမြေကျူးကျော်မှုများမှာ အများအားဖြင့် ရော်ဘာစိုက်ခင်းများသာဖြစ်ကြောင်း ပြည်နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ နိုင်ကျန်ရစ်က ပြောသည်။

"ရော်ဘာစိုက်ခင်းတွေက သစ်တောမြေ၊ မြေစာရင်းမြေတွေမှာ ကျူးထားတာတွေရှိပါတယ်။ သစ်တောမြေမှာ ဘယ်လောက်၊ မြေစာရင်းမြေမှာ ဘယ်လောက်ဆိုတာတော့ တိတိကျကျ မသိသေးပါဘူး"ဟု ၎င်းကပြောသည်။

ကျိုက်မရောနှင့် မုဒုံရှိ ရော်ဘာတောင်သူများသည် မည်သည့်မြေအမျိုးအစားမှန်းမသိဘဲ စိုက်ထားကြခြင်းဖြစ်ပြီး မြေယာဥပဒေထွက်ပေါ်လာချိန် ပုံစံ(၇)လျှောက်ထားချိန်၌ သစ်တောမြေများဖြစ်ကြောင်းသိရပြီး သစ်တောဥပဒေအရ ပုံစံ(၇)မရခြင်းဖြစ်ကြောင်းသိရသည်။ သစ်တောမြေတွင် မြေအမျိုးအစား အမျိုးမျိုးရှိပြီး ရိုးရိုးသစ်တောမြေတွင် ကျူးထားသူများအနေဖြင့် သစ်တောဦးစီးဌာနက နှစ် ၃၀ မြေငှားဂရမ်များချပေးခွင့်ရှိပြီး စီမံကိန်းမြေ၊ ကြိုးဝိုင်းမြေများတွင် ကျူးထားသူများအနေဖြင့် ဥပဒေအရ မြေငှားဂရမ်မရနိုင်ကြောင်း၊ သစ်တောဥပဒေကို နားမလည်၍ တောင်သူများအနေဖြင့် သစ်တောမြေချင်းတူသော်လည်း အဘယ့်ကြောင့် ဖြေလျှော့ခွင့်မတူရသလဲဟု ၎င်းကဆက်လက်ပြောပြသည်။

သစ်တောဦးစီးဌာနနှင့် Land Core Group တို့ပူးပေါင်းကာ မဲခေါင်ဒေသမြေယာစီမံအုပ်ချုပ်မှုစီမံကိန်း၏ အကူအညီဖြင့် အစိုးရအဖွဲ့၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဆက်စပ်ပတ်သက်သူများ ပူးပေါင်းကာ သက်ဆိုင်သူများအားလုံး ပူးပေါင်းပါဝင်၍ မူဝါဒ၊ ဥပဒေနှင့် ရှေ့ပြေးစီမံကိန်းများ ဆောင်ရွက်ခြင်းဖြင့် သစ်တောမြေအတွင်း မှီတင်းနေထိုင်သူများ၏ မြေယာနှင့်အရင်းအမြစ်ဆိုင်ရာ လုပ်ပိုင်ခွင့်များ တိုးတက်စေခြင်း စီမံကိန်းအစည်းအဝေးကို မော်လမြိုင်မြို့ ရာမညဟိုတယ်၌ မတ်၃၁ ရက်က ကျင်းပခဲ့သည်။

"ယခုစီမံကိန်းဆောင်ရွက်ခြင်းဖြင့် မြေအသုံးချမှုနဲ့ သက်ဆိုင်တဲ့မူဝါဒတွေ၊ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ မြေယာခွဲဝေအသုံးချမှုတို့ကို မှန်ကန်စေဖို့ အထောက်အကူပြုနိုင်မှာဖြစ်ပြီးတော့ မြေယာမှုခင်း၊ အငြင်းပွားမှုတွေကိုလည်း လျှော့ချနိုင်မှာဖြစ်တယ်"ဟု ပြည်နယ်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းက ပြောသည်။

မြန်မာနိုင်ငံတွင် မြေယာစီမံခန့်ခွဲမှုအားနည်းချက်များ၊ စနစ်ကျသောမြေအသုံးချမှု စီမံခန့်ခွဲရေးစီမံကိန်းများ ခိုင်ခိုင်မာမာမရှိသဖြင့် ဒေသခံပြည်သူများအနေဖြင့် မြေအသုံးချမှုဆိုင်ရာ ပဋိပက္ခများကြုံတွေ့နေကြရသည်ဟု ၎င်းကပြောသည်။

ယခုစီမံကိန်းမှတစ်ဆင့် သစ်တောမြေများအတွင်း မှီတင်းနေထိုင်ကြသူများ၏ သစ်တောသယံဇာတများနှင့် မြေယာပိုင်ဆိုင်ခွင့်အပေါ် တရားဝင်အသိအမှတ်ပြုမှု ရရှိနိုင်မည်ဖြစ်သည်။ ရှေ့ပြေးစီမံကိန်းဧရိယာအဖြစ် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။

"သစ်တောဌာနဘက်က နှစ်၃၀ မြေငှားစာချုပ်ပေးလို့ရတဲ့နေရာတွေမှာ ထုတ်ပေးနေတာမှန်ပေမယ့် တောင်သူတွေဘက်ကလည်း ပေါင်ချင်၊ ရောင်းချင်၊ အမွေပေးလို့လည်း ရနိုင်တဲ့ ပုံစံ(၇) သာရချင်ကြတာပါ။ ခုလို တွေ့ဆုံပွဲတွေလုပ်ခြင်းအားဖြင့် တောင်သူတွေအတွက် အကျိုးခံစားခွင့် မဆုံးရှုံးစေဖို့ ဘယ်လို ဖြေလျှော့ပေးမလဲဆိုတဲ့ ဆွေးနွေးချက်ရလဒ်တွေ ထွက်လာနိုင်မှာပါ"ဟု နိုင်ကျန်ရစ်က ပြောသည်။

**မြတ်မွန်ထွေး**



# ညောင်တုန်းမြို့နယ် စံကင်းကျွန်းတွင် နွေစပါးစိုက်ခင်းများရေအခက်အခဲဖြစ်

**ညောင်တုန်း ဧပြီ ၂**

ညောင်တုန်းမြို့နယ် မြောက်ဘက်ခြမ်း စံကင်းကျွန်းအတွင်းရှိ ကျေးရွာများတွင် တောင်သူလယ်သမားများသည် နွေစပါးဧကမြောက်မြားစွာ စိုက်ပျိုးထားရာ နွေစပါးခင်းများတွင် ရေအတွက်အခက်အခဲဖြစ်နေကြရကြောင်း သိရသည်။

"ညောင်တုန်းမြို့မြောက်ဘက်ခြမ်းမှာက နွေစပါးကိုအားကိုးပြီး စိုက်ပျိုးသူများပါတယ်။ မိုးတွင်းရေကြီးချိန်မှာ မိုးစပါးက ရေမြုပ်ခံကြရတော့ နွေစပါးကိုအားခဲပြီး မဖြစ်မနေစိုက်ပျိုးကြရတာပါ။

ဒီနှစ် ချောင်းမြောင်းတွေက ကောနေတော့ ရေရရှိရေးအတွက် အခက်အခဲဖြစ်ကြရတယ်။ တောင်သူလယ်သမားတွေ ကိုယ့်အားကိုယ်ကိုးပြီး ရေရရှိရေးဆောင်ရွက်နေရပါတယ်။ သက်ဆိုင်ရာဌာနတွေအနေနဲ့ အမြန်ဆုံးဆောင်ရွက်ပေးသင့်ပါတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမိုးက ပြောသည်။

ညောင်တုန်းမြို့နယ် စံကင်းကျွန်းဒေသရှိ ကျေးရွာမှာ မိုးရာသီအချိန်အခါတွင် မြစ်ရေနစ်မြုပ်မှုဒဏ်ကို အချိန်ကြာမြင့်စွာခံကြရပြီး မိုးစပါးပျက်စီးဆုံးရှုံးမှုများသဖြင့် နွေစပါးကို အလေးထားဆောင်ရွက်ကြရာ ချောင်းမြောင်းများကောနေမှုကြောင့် ရေအတွက်အခက်ခဲဖြစ်နေကြောင်း သိရသည်။

စံကင်းကျွန်းရှိ ပါလှဲ့ကျေးရွာ၊ လှည်းဆိပ်ကျေးရွာ၊ အနော်ရထာကုန်းကျေးရွာများအပါအဝင် စံကင်း ကျွန်းရှိ ကျေးရွာများမှ နွေစပါးစိုက်ခင်းများ ရေငတ်နေကြရကြောင်း သိရသည်။

စံကင်းကျွန်းရှိ ပါလှဲ့ကျေးရွာမှ တောင်သူလယ်သမားများနှင့် ရေအခက်အခဲရှိသောကျေးရွာများမှ တောင်သူလယ်သမားများသည် နွေစပါးရေရရှိရေးအတွက် ကောနေသောရေသွယ်မြောင်းများကို ကိုယ့်အားကိုယ်ကိုး တူးဖော်ကြကာ ရေရရှိရေးအတွက် ဆောင်ရွက်နေကြရကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

# ကုလားပဲဖြူကြီး (V-2,V-7) ဈေးနှုန်းများ သင်္ကြန်လွန်ကာလအထိ ဈေးမြင့်တက်နိုင်

**မန္တလေး ဧပြီ ၂**

မြန်မာ့ထွက်ကုန် ကုလားပဲဖြူကြီး (V - 2,V - 7)ဈေးနှုန်းများ ယခုမတ်လကုန်မှစ၍ သင်္ကြန်လွန်ကာလတိုင်အောင် ဈေးနှုန်းများ ဆက်လက်မြင့်တက်လာနိုင်ကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

ယခုနှစ်တွင် ရာသီဥတုကြောင့် အထွက်နှုန်းမှာလည်း နည်းပါးသည့်အပြင် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ ဝယ်လိုအား ပြင်းထန်သည့်အတွက် အဆိုပါပဲများသည် ယခုလှိုင်လှိုင်ပေါ်သည့်အချိန်တွင် ဈေးအကောင်းဆုံးဖြစ်နေပြီး မတ်လ ၂၅ ရက်နေ့တွင် ကုလားပဲဖြူကြီး V-2 မှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၈၀၀၀ နှင့် V - 7 မှာ ငွေကျပ် ၁၃၂၀၀၀အထိ မြင့်တက်လာခဲ့သည်။

"မတ်လလယ်တုန်းကတော့ ဈေးအနည်းငယ်ပြန်ကျသွားပေမယ့် အခုလကုန်ပိုင်းကစပြီး သင်္ကြန်ပြီးတဲ့အချိန်အထိ ဈေးကကျစရာအကြောင်းကို မရှိတော့ဘူး။ ဒီအချိန်က ပြည်တွင်းလှောင်သမားတွေနဲ့ ပြည်ပတင်ပို့သူတွေ ဝယ်လက်စုံတဲ့အချိန်ဖြစ်နေလို့ပါပဲ"ဟု ၎င်းက ဆက်လက်ပြောသည်။

ယမန်နှစ်က ယခုလိုလှိုင်လှိုင်ပေါ်ချိန်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ နှင့် ၈၅၀၀၀ ဝန်းကျင်သာရှိခဲ့သော်လည်း ယခုနှစ်တွင် ဈေးအလွန်ကောင်းနေသဖြင့် တောင်သူတွေနှင့်ကုန်သည်များပါ အာရုံစိုက်လုပ်ကိုင်နေရသော ပဲအမျိုးအစားဖြစ်နေကြောင်း ၎င်းက ဆက်လက်ပြောသည်။

ပြီးခဲ့သည့်မတ်လဆန်းပိုင်းတွင် ယင်းပဲဈေးနှုန်းမှာ ငွေကျပ် ၁၃၀၀၀၀ အထိမြင့်တက်လာပြီး လလယ်ပိုင်းတွင် အနည်းငယ်ပြန်ကျလာခဲ့ပြီး ယခုလကုန်ပိုင်းတွင် ပြန်လည်မြင့်တက်လာကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ယခုတစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

## ဝတ်ရည်မွန်(AMIA)
## ဓာတ်ပုံ - သိန်း

မတ်လ နောက်ဆုံးအပတ်မှာတော့ မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံ(RC) ဟာ ဈေးအဆမတန် ကျဆင်းနေပါတယ်။ ပဲတီစိမ်းဈေးကလည်း ဈေးကျဆင်းသွားပြီး ကြက်သွန်ဖြူကလည်း ဈေးအနည်းငယ်ကျဆင်းသွားပါတယ်။ နှမ်းမျိုးစုံကတော့ ဈေးတက်လာပါတယ်။

**မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံနီ (RC) ဈေးကျဆင်း**

မတ်လ နောက်ဆုံးပတ်မှာ မတ်ပဲနဲ့ ပဲစင်းငုံက ဈေးကျဆင်းသွားပါတယ်။ စတုတ္ထပတ်နောက်ဆုံးနေ့မှာ မတ်ပဲ တစ်တန်ကို ငွေကျပ် ၁၁၃၂၀၀၀ ရှိခဲ့ပေမယ့် မတ်လနောက်ဆုံးပတ်မှာတော့ တစ်တန်ကို ငွေကျပ် ၁၁၀၄၀၀၀ သာ ရှိတော့တယ်။

ပဲစင်းငုံကလည်း မတ်လ စတုတ္ထအပတ်မှာ တစ်တန်ကို ငွေကျပ် ၇၇၉၄၀၀ နဲ့ ဈေးပိတ်ခဲ့ပေမယ့် ဒီတစ်ပတ်သောကြာနေ့မှာတော့ တစ်တန်ကို ငွေကျပ် ၇၄၀၀၀၀ သာရှိပါတယ်။ တစ်ပတ်အတွင်း တစ်တန်ကို ငွေကျပ် ၄၀၀၀၀ ကျော် ကျဆင်းသွားခဲ့ပါတယ်။

**ပဲတီစိမ်းဈေး ဆက်တိုက်ကျဆင်း**

ပဲတီစိမ်းက လဆန်းပိုင်းနှစ်ပတ်လုံး ဈေးဆက်တိုက်တက်ခဲ့ပေမယ့် တတိယအပတ်ကစပြီး ဈေးကျဆင်းလာပါတယ်။ တစ်ပိဿာကို ငွေကျပ် ၂၀၅၀ အထိ ဈေးတက်ခဲ့ပေမယ့် မတ်လနောက်ဆုံးပတ် သောကြာနေ့မှာ တော့ တစ်ပိဿာကို ငွေကျပ် ၁၈၅၀ သာရှိတော့တယ်။






**ကြက်သွန်ဖြူ ဈေးကျဆင်း**

ကြက်သွန်ဖြူ ဈေးကလည်းမတ်လတစ်လလုံးနီးပါးအကျဈေးနဲ့ ဈေးငြိမ်နေခဲ့ပေမယ့် မတ်လနောက်ဆုံးပတ်မှာတော့ ထပ်ပြီးဈေးကျဆင်းသွားပါတယ်။ သောကြာနေ့ နောက်ဆုံးပတ်မှာ တစ်ပိဿာကို ငွေကျပ် ၂၉၅၀ အထိ ဈေးကျဆင်းသွားခဲ့ပါတယ်။

**စားအုန်းဆီ**

စားအုန်းဆီကလည်း မတ်လ နောက်ဆုံးပတ်မှာ တစ်ပိဿာကို ငွေကျပ် ၁၀၀ ကျော် နီးပါးဈေးကျဆင်းသွားပါတယ်။ သောကြာနေ့မှာတော့ တစ်ပိဿာကို ငွေကျပ် ၁၈၄၀ သာ ရှိပါတယ်။

**ကုလားပဲလုံးဈေးကျ**

ကုလားပဲလုံးကလည်း မတ်လ စတုတ္ထအပတ်မှာ တစ်ပိဿာကို ငွေကျပ် ၁၉၀၀ နဲ့ ဈေးပိတ်ခဲ့ပေမယ့် မတ်လနောက်ဆုံးပတ်မှာတော့ တစ်ပိဿာကို ငွေကျပ် ၁၈၅၀ သို့ ဈေးကျဆင်းသွားပါတယ်။

**မန်ကျည်းတောင့် (ပခုက္ကူ) ကျဆင်း**

မန်ကျည်းတောင့် (ပခုက္ကူ)က ဈေးဆက်တိုက် တက်ခဲ့ပေမယ့် စတုတ္ထအပတ်ကနေစတင်ပြီး နှစ်ပတ်ဆက်တိုက် ဈေးကျဆင်းသွားခဲ့ပါတယ်။ လတ်တလော ပေါက်ဈေးကတော့ တစ်ပိဿာကို ငွေကျပ် ၁၄၀၀ သာ ဈေးရှိခဲ့ပါတယ်။

# ဒေသထွက် ရာသီပေါ် ခရမ်းချဉ်သီးများ အထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရ

**ပွင့်ဖြူ ဧပြီ ၂**

ပွင့်ဖြူမြို့နယ် မုန်းချောင်းကမ်းပါးဝန်းကျင်အနီးရှိ ကျေးရွာအများစုသည် ဒေသထွက်ရာသီပေါ်သီးနှံများကို ကိုင်းမြေနုများတွင် စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ စင်တင် ခရမ်းချဉ်ပင်များကို အများစုစိုက်ပျိုးလုပ်ကိုင်လျက်ရှိကြသည်။ စင်တင် ခရမ်းချဉ်ခင်း တစ်ဧကကို သုံးရက်တစ်ကြိမ် ဆွတ်ခူးကြပြီး တစ်ကြိမ်ဆွတ်ခူးလျှင် ပိဿာ ၃၀ မှ ၅၀ ကျော်အထိ ထွက်ရှိသည်။ ခရမ်းချဉ်ပင်ပျိုးထောင်စရိတ်၊ စိုက်ပျိုးစရိတ်၊စိုက်ပျိုးရေသွင်းခြင်းနှင့် ပြုစုပျိုးထောင်စရိတ်များအပြင် စင်တင်နိုင်ရန် တိုင်ထောင်၊ တန်းပေးစင်တင်ပေးရသည့် လုပ်အားခစရိတ်များကြောင့် အထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရသဖြင့် ခရမ်းချဉ်စိုက်တောင်သူများ အခက်တွေ့လျက်ရှိသည်။

ဒေသထွက် ခရမ်းချဉ်သီးများ မထွက်ပေါ်မီ တစ်ပိဿာကို ငွေကျပ် ၁၈၀၀ ကျပ်မှ ငွေကျပ် ၂၀၀၀ အထိ ဝယ်ယူစားသုံးခဲ့ရပြီး ရာသီပေါ်ခရမ်းချဉ်သီးများ လှိုင်လှိုင်ထွက်ပေါ်ချိန်တွင် တစ်ပိဿာကို ငွေကျပ် ၈၀ မှ ၁၅၀ သာရောင်းချနေရသဖြင့် စင်တင် ခရမ်းချဉ်စိုက်တောင်သူများ စိုက်ပျိုးစရိတ် ဆုံးရှုံးလျက်ရှိသည်။ အချို့ ခရမ်းချဉ်စိုက်တောင်သူများသည် ဆွတ်ခူးခ အလုပ်သမားစရိတ်မျှပင် ပြန်လည်မရရှိကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

# ဂျပန်အကူအညီဖြင့်သီးနှံများ တန်ဖိုးမြှင့်တင်ရေးစီမံချက်ကိုပြုလုပ်မည်



## မြတ်သူရ(AMIA)၊ ဓာတ်ပုံ-သိန်း

ဂျပန်နိုင်ငံ အကူအညီဖြင့် လယ်ယာထွက်ကုန်များကို တန်ဖိုးမြှင့်တင်ရေး လုပ်ဆောင်ရန်ရှိသည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဌာနဝန်ကြီးဒေါက်တာ အောင်သူကပြောသည်။

"ပြည်ပထွက်ကုန်များနှင့် မြန်မာ့လယ်ယာ ထွက်ကုန်များကို ဈေးကွက်ယှဉ်ပြိုင်တန်ဖိုးမြှင့်တင်ခြင်း လုပ်ငန်းတွေဆောင်ရွက်နိုင်ဖို့အတွက် ဂျပန်နိုင်ငံရဲ့အကူအညီနဲ့ ငါးနှစ်စာစီမံကိန်းကို တစ်ခုကို ရေးဆွဲဆောင်ရွက်သွားဖို့ လုပ်ဆောင်နေခြင်းဖြစ်တယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

"ကုန်ကြမ်းတွေကို ကုန်ချောထုတ်လုပ်တဲ့နေရာမှာအရည်အသွေးမြင့်တဲ့ ထွက်ကုန်ဖြစ်စေဖို့ ဂျပန်ကလည်းကူညီတယ်။ အဲဒါကို ငါးနှစ်စီမံကိန်းနဲ့စမယ်။ လက်ရှိအချိန်မှာ ဝန်ကြီးဌာနအနေနဲ့ အထွက်နှုန်းမြင့်မားရေး၊ အရည်အသွေးမီ မျိုးစေ့မျိုးကောင်းရရှိရေးထုတ်လုပ်မှုကုန်ကျစရိတ်သက်သာစေရေးအတွက် နည်းပညာပေးခြင်း လုပ်ငန်းများကို အဓိကထားဆောင်ရွက်နေတယ်" ဟု ပြည်ထောင်စုဝန်ကြီးကဆက်လက်ပြောကြားသည်။

အစိုးရသစ် လက်ထက်တွင် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် တောင်သူများအား စိုက်စရိတ်ချေးငွေ တိုးမြှင့်ချေးပေးခြင်း၊ မျိုးကောင်းမျိုးစေ့များဖြန့်ဝေပေးခြင်းတို့အပြင်စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ မေးမြန်းနိုင်ရန် ဟော့လိုင်း ဖုန်းနံပါတ်ဖွင့်ပေးထားကြောင်း သိရသည်။

# ကသာမြို့နယ်တွင် မန်ကျည်းသီးမှည့် အဝယ်လိုက်

## ငွေအိုး (ကသာ)

ကသာမြို့နယ်၌ မန်ကျည်းသီးမှည့်များကိုဆေးဖက်ဝင်နှင့် စားသုံးကုန်လုပ်ငန်း အမျိုးမျိုး အသုံးပြုနိုင်ရန်အတွက် ကျေးရွာဒေသများ၌အဝယ်လိုက်ခြင်း များလာသဖြင့် ရောင်းဝယ်သူများမျှော်မှန်းထားသည့် အရေအတွက်ရရှိရန် အခက်အခဲများရှိကြောင်း သိရသည်။

ကသာမြို့နှင့်ကျေးရွာများတွင် နှစ်ရှည်မန်ကျည်းပင်များရှိ အသီးများကို ဖျော်ရည်လုပ်ငန်း၊ ဆေးမန်ကျည်းလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ ဆင်အစားကျွေးရာတွင် အသုံးပြုရန်တို့ဖြင့် ဈေးကွက်စီးပွားရေးကို အခြေပြု၍ ရောင်းဝယ်ခြင်းရှိလာသောကြောင့် မန်ကျည်းအမှည့် အဝယ်လိုက်လာ ခြင်းဖြစ်ကြောင်း သိရသည်။

"ဝယ်ယူခဲ့တဲ့ မန်ကျည်းတွေကို ချက်ချင်း ရောင်းလို့မရသေးတော့ ရောင်းပန်းလှအောင် နေလှန်းပြီး တစ်ပိဿာအိတ်ထည့်သွင်းတာ၊ ၂၅ ပိဿာရှိတဲ့ ပီနံအိတ်အတွင်းထည့်သွင်းတာ မိုးလုံလေလုံတဲ့နေရာမှာထားရှိရပါတယ်။ နယ်တွေမှာ အဝယ်လိုက်သူများတဲ့အတွက် ဝယ်ယူရတဲ့ဈေးနဲ့ ပြန်သွင်းရတဲ့ ဈေးကသိပ်မကွာတော့ အရင်းအနှီးရှိတဲ့သူတွေ တွက်ခြေကိုက်ပါတယ်" ဟုနယ်ဆင်းလိုက်ဝယ်သူတစ်ဦးက ပြောသည်။

မန်ကျည်းသီးမှည့်ကို ယမန်နှစ်က တစ်ပိဿာလျှင်ငွေကျပ် ၂၀၀ မှ အများဆုံး ငွေကျပ် ၄၀၀ ထိရောင်းရပြီး ယခုနှစ်၌ တစ်ပိဿာလျှင်ငွေကျပ် ၇၀၀ (အစေ့ပါ) ထိရောင်းနေရကြောင်း၊ နေပူခြင်း၊ မိုးရွာခြင်း၊ လေတိုက်ခြင်းများကြုံတွေ့ရသဖြင့် မန်ကျည်းသီးများနည်းပါးသွားကာ မန်ကျည်းသီးမှည့် (အစေ့မပါ) ကို တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ပေးဝယ်သူများလည်း ရှိလာကြောင်း မန်ကျည်းသီး ရောင်းသူတစ်ဦးထံမှ သိရသည်။

ထို့အပြင် ကသာမြို့နယ်၌ မန်ကျည်းသီးမှည့်များကို မန္တလေးဘက်မှ ရောင်းဝယ်ရေး ကုန်သည်လုပ်ငန်းရှင်များ လာရောက်၍ ဝယ်ယူမှုမြင့်တက်လျက်ရှိကြောင်း သိရသည်။



# အာဆီယံဒေသတွင်းဈေးကွက်ချိတ်ဆက်ရေး လိုအပ်ချက်များ အလုပ်ရုံဆွေးနွေး

## သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-သိန်း

**နေပြည်တော် ဧပြီ ၂**

အာဆီယံဒေသတွင်း လယ်ယာကဏ္ဍပြောင်းလဲတိုးတက်ရေးနှင့် ဈေးကွက်ချိတ်ဆက်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အားလုံးပါဝင်နိုင်ရေး လိုအပ်ချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၃၁ ရက်က နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်က စားနပ်ရိက္ခာဖူလုံရေးနှင့်လယ်ယာ ကဏ္ဍထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ကျေးလက်ဒေသများ ဆင်းရဲမှုလျော့နည်းသက်သာစေရေးတို့ကို ဝန်ကြီးဌာနအနေဖြင့် ဦးတည်ဆောင်ရွက်နေကြောင်း၊ စားနပ်ရိက္ခာဖူလုံပြည့်ဝစွာ ထုတ်လုပ်နိုင်ရေးသည် သဘာဝအရင်းအမြစ်များနှင့်ရာသီဥတုအခြေအနေပေါ်မူတည်လျက်ရှိပြီး ဒေသတွင်းဈေးကွက်တွင် ဈေးနှုန်းကြီးမြင့်မှုများအပေါ် ထိန်းချုပ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် တိုးတက်လာသော လူဦးရေအတွက် စားနပ်ရိက္ခာများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဖူလုံပြည့်ဝစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး မူဝါဒများ၊ စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံ၏ စီးပွားရေးမူဝါဒတွင် အမျိုးသားရေးနှင့် လယ်ယာကဏ္ဍဆိုင်ရာ ကျေးလက်ဒေသ အစားအစာ လုံခြုံပြည့်ဝရေးဗျူဟာတစ်ခုလည်း အပါအဝင်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စိန်ခေါ်မှုများ၊ အာဆီယံဒေသတွင်း ဈေးကွက်ချိတ်ဆက်ရေးနှင့် စားနပ်ရိက္ခာဖူလုံစေရေးကို ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ သုတေသနပညာရှင်များ၊ တောင်သူလယ်သမားအဖွဲ့အစည်းများနှင့်ပုဂ္ဂလိက ကဏ္ဍများက ဟန်ချက်ညီညီပူးပေါင်း၍ ညီညွတ်စည်းလုံးမှုဖြင့် ရှေ့သို့တက်လှမ်း ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာသူများ၏ ဆွေးနွေးမှုများမှ မြန်မာ့လယ်ယာထွက်ကုန်များ ဈေးကွက်ချိတ်ဆက်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် လယ်ယာကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ရေးဆွဲနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။




ဆက်လက်၍ ဒေသဆိုင်ရာ စီးပွားရေးပညာရှင် Dr. Fabrizio Bresciani နှင့် စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု ဗဟိုအဖွဲ့ဉက္ကဋ္ဌ ဦးတင်ထွဋ်ဦးတို့က အာဆီယံဒေသတွင်း လယ်ယာကဏ္ဍပြောင်းလဲတိုးတက်ရေးနှင့်ဈေးကွက်ချိတ်ဆက်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အားလုံးပါဝင်နိုင်ရေး လိုအပ်ချက်ဆိုင်ရာများအား ဆွေးနွေးတင်ပြကြပြီး IFPRI, SEARCA တို့က ကျွမ်းကျင်ပညာရှင်များ၊ ဆွေးနွေးပွဲတက်ရောက်လာသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

# ဓာတုလွတ် တန်ဖိုးမြင့် သီးနှံ (မိုးကြိုနှမ်း) ဈေးကွက်ဖော်ဆောင်ရေးစီမံချက် မိတ်ဆက်

## သူရထွန်း(ပွင့်ဖြူ)

ဓာတုလွတ် တန်ဖိုးမြင့် သီးနှံ(မိုးကြိုနှမ်း) ဈေးကွက်ဖော်ဆောင်ရေးစီမံချက် မိတ်ဆက်ပွဲအခမ်းအနားကို မတ်လနောက်ဆုံးပတ်က ပွင့်ဖြူမြို့နယ် စိန်ခန်းမ၌ ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်က အမှာစကား ပြောကြားပြီး (OAFADG) အော်ဂဲနစ်စိုက်ပျိုးရေးနှင့် တောင်သူရေးရာဖွံ့ဖြိုး ရေးအစုအဖွဲ့အတွင်းရေးမှူး ဦးညွန့်ဝင်းက စီမံချက် မိတ်ဆက်ပွဲ ပြုလုပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ဓာတုလွတ် စိုက်ပျိုးနည်းဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး (OAF-ADG) အော်ဂဲနစ်စိုက်ပျိုးရေးနှင့် တောင်သူရေးရာ ဖွံ့ဖြိုးရေးအစုအဖွဲ့ဉက္ကဋ္ဌ ဦးစိုးနိုင်က ဓာတုလွတ် တန်ဖိုးမြင့်သီးနှံ (မိုးကြိုနှမ်း) ဈေးကွက်ဖော်ဆောင်ရေး စီမံချက်အကြောင်း ရှင်းလင်းတင်ပြခဲ့ကာ တက်ရောက်လာသော တောင်သူများက စီမံချက်အကြောင်း သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူများတက်ရောက်ဆွေးနွေးခဲ့ကြပြီး မိုးကြိုနှမ်းနှင့်အတူ အခြားသီးနှံများအား ဓာတုဆေးဝါးလွတ် အော်ဂဲနစ် သဘာဝဓာတ်မြေဩဇာများဖြင့် ဘေးထွက်ဆိုးကျိုးကင်းမဲ့သော စားသောက်ကုန်သီးနှံများ၊ တောင်သူများမှ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပြည်ပပို့ကုန် သီးနှံဈေးကွက်ကောင်းမွန်စွာရရှိရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံချက်ရေးဆွဲဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

# ဝယ်လိုအားထက် အစီးထက်ဝက်ကျော် ပြည်တွင်းကအဝင်ရှိနေ

## ကေဇူး AMIA

မူဆယ် ၁၀၅ မိုင်မှာ နေ့စဉ် ဝယ်လိုအားထက် ပိုပြီး တစ်ဆကျော်ရောင်းချဖို့ ကားအဝင်တွေ ရှိနေလို့ ဖရဲကားတွေ ရောင်းမထွက်ဘဲ ကြန့်ကြာနေသည်ဟု ဖရဲသခွားစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။

မူဆယ် ၁၀၅ မိုင် ကနေ တရုတ်ကုန်သည်တွေက ဝယ်ယူနှုန်းမှာ နေ့စဉ်ဖရဲအစီးရေလေးရာဝန်းကျင်နဲ့ သခွားမွှေးအစီးရေ ၁၀၀ ဝန်းကျင်ရှိပြီး မြန်မာပြည်မှ ရောင်းချရန်တက်လာသောဖရဲကားများသည် နေ့စဉ်အစီးရေထောင်ကျော်နေခြင်းကြောင့် ဖရဲကား တွေကြန့်ကြာနေသည်ဟု ပြောသည်။

ဖရဲသခွားအစုအဖွဲ့ဝင် ကိုသစ္စာက "သူတို့က အစီးတစ်ရာလိုချင်တယ်။ ဒီဘက်ကအစီးတစ်ထောင်ရောင်းချင်တယ်ဆိုရင် ဈေးကွက်ရဲ့ သဘောအရ၊ အကောင်းဆုံးအသီးတွေကို အနိမ့်ဆုံးဈေးနဲ့ဝယ်မှာပဲ။ အရည်အသွေးနိမ့်တဲ့အသီးတွေ အရောင်းမထွက်တော့ဘူး။ နောက်နေ့မှာ ထပ်လာတော့ဒီမှာ ဖရဲကားတွေစုပြုံသွားတယ်" ဟုပြောသည်။

အခုလို ဖရဲသခွားကားတွေ အဝင်များပြီး ရောင်းမထွက်နိုင်ဖြစ်နေတာ တစ်လကျော်ကြာမြင့်ပြီဟု ဆိုသည်။ လာမည့်နှစ်များတွင် ထိုသို့ဖရဲထွက်ချိန် မတူညီစေရန် ဒေသအလိုက်အချိန်ပြောင်းလဲ စိုက်ပျိုးကြရန် တိုက်တွန်းလိုက်သည်။

# မှတ်တမ်းတင်ဂုဏ်ပြုခြင်း

၂၀၁၆-၂၀၁၇ ခုနှစ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကောက်ခံရန်လျာထားချက်အား အခွန်ထမ်းပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွန်ထမ်းဆောင်လိုသည့် စိတ်ဓာတ်ဖြင့် နိုင်ငံ့တာဝန်အခွန်ပေးဆောင်ခြင်းကို ကျေပွန်စွာဆောင်ရွက်ခဲ့ခြင်းကြောင့် ၃၀-၃-၂၀၁၇ ရက်တွင် လျာထားချက်အတိုင်း ပြည့်မီကျော်လွန်စွာ အခွန်အရပ်ရပ်ကို ပေးဆောင်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ၊ ကုမ္ပဏီများ၊ တစ်သီးပုဂ္ဂလလုပ်ငန်းရှင်များ၏ နိုင်ငံတော်နှင့်ပြည်သူ့အပေါ် အခွန်တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုအပေါ် အထူးလေးစားဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**



MAEX
MYANMAR AGRO EXCHANGE PUBLIC LTD.
မြန်မာ အက်ဂရိုအိတ်(စ်)ချိန်း ပတ်ဘလစ် လီမိတက်
















## အစုရှယ်ယာ အသိအမှတ်ပြုလက်မှတ် Share Certificate များ ထုတ်ပေးခြင်းအား အသိပေးကြေညာခြင်း

Myanmar Agro Exchange Public Limited မှ (၁၆ - ၁ - ၂၀၁၇) ရက်နေ့မှ (၇ - ၂ - ၂၀၁၇) ရက်နေ့အတွင်း KBZ SC, CB SC, AYA Trust SC, KTz Rh SC များနှင့် Myanmar Agro Exchange Public Limited. ကုမ္ပဏီ ရုံးချုပ်တို့တွင် ကမ်းလှမ်းအစုရှယ်ယာ ဝယ်ယူရန် အဆိုပြုလွှာများ တင်သွင်းထားပြီး အစုရှယ်ယာ ဝယ်ယူခွင့်ရရှိသူများ အတွက် အစုရှယ်ယာ အသိအမှတ်ပြုလက်မှတ် Share Certificate များအား အောက်ပါ အစီအစဉ်များတိုင်း ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) Myanmar Agro Exchange Public Limited. ကုမ္ပဏီရုံးချုပ်သို့ လာရောက်ထုတ်ယူရန် အဆိုပြုထားသည့် အစုရှင်များမှာ အောက်ဖော်ပြပါ အစုရှယ်ယာ အရေအတွက်အလိုက် ယှဉ်တွဲ ဖော်ပြထားသည့် နေ့ရက်များတွင် အမှတ် (၂၆၂-၂၆၄)၊ ပြည်လမ်း၊ အခန်း(၀၄-၀၃)၊ ဘလောက် (အေ)၊ ၄လွှာ၊ ဒဂုန်စင်တာ (၁)၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ကုမ္ပဏီရုံးချုပ်တွင် (နံနက် ၉း၃၀ နာရီ မှညနေ ၄း၃၀ နာရီ) အတွင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| (၁) | အစု (၁) စုမှ အစု (၉) စုအထိ | ( ၃ - ၄ - ၂၀၁၇) ရက်နေ့ |
| (၂) | အစု (၁၀) စုမှ အစု (၁၉) စုအထိ | ( ၄ - ၄ - ၂၀၁၇) ရက်နေ့ |
| (၃) | အစု (၂၀) စုမှ အစု (၄၉) စုအထိ | ( ၅ - ၄ - ၂၀၁၇) ရက်နေ့ |
| (၄) | အစု (၅၀) စုမှ အစု (၉၉) စုအထိ | ( ၆ - ၄ - ၂၀၁၇) ရက်နေ့ |
| (၅) | အစု (၁၀၀) စုမှ အစု (၁၉၉) စုအထိ | ( ၇ - ၄ - ၂၀၁၇) ရက်နေ့ |
| (၆) | အစု (၂၀၀) စုမှ အစု (၅၉၉) စုအထိ | ( ၈ - ၄ - ၂၀၁၇) ရက်နေ့ |
| (၇) | အစု (၆၀၀) နှင့် အထက် | (၁၀ - ၄ - ၂၀၁၇) ရက်နေ့ |

(ခ) မိမိ နေရပ်လိပ်စာသို့ ပေးပို့ရန် အဆိုပြုထားသည့် အစုရှင်များအား သက်ဆိုင်ရာ နေရပ်လိပ်စာများသို့ (၃ - ၄ - ၂၀၁၇)ရက်နေ့မှစ၍ ( Magnate Group Logistics Co., Ltd. ) ( MGL ) ဖြင့် နေရပ်လိပ်စာအရောက် ပေးပို့သွားမည်ဖြစ်ပြီး လက်ခံရရှိကြောင်း အစုရှယ်ယာရှင်ကိုယ်တိုင် လက်မှတ်ရေးထိုးပေးရမည် ဖြစ်ပါသည်။ သက်ဆိုင်ရာမြို့နယ်များရှိ ( Magnate Group Logistics Co., Ltd. ) (MGL) ရုံးခွဲများ နှင့် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေး အပ်ပါသည်။

**မှတ်ချက်**

(၁) ကုမ္ပဏီ ရုံးချုပ်တွင် လာရောက် ထုတ်ယူမည့် အစုရှင်များ အနေဖြင့် -

(က) ကိုယ်တိုင်ဖြစ်ပါက နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့် အတူ လာရောက်ထုတ်ယူရန်။

(ခ) ကိုယ်စားလှယ်ဖြင့် ထုတ်ယူလိုပါက အစုရှယ်ယာရှင်၏ ကိုယ်စားလှယ်လွှဲစာ၊ အစုရှယ်ယာရှင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ ကိုယ်စား ထုတ်ယူသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းတို့နှင့် အတူလာရောက် ထုတ်ယူရမည်ဖြစ်ပါသည်။

(၂) သတ်မှတ်ရက်အတွင်း လာရောက်ထုတ်ယူနိုင်ခြင်းမရှိသောအစုရှယ်ယာရှင်များ အနေဖြင့် (၂၄ - ၄ - ၂၀၁၇) ရက်နေ့နောက်ပိုင်း ရုံးချိန်အတွင်း၌ ကုမ္ပဏီရုံးချုပ်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

KBZSC
CB SECURITIES
AYAtrust Secure for Future
KTzRH

**ဒါရိုက်တာအဖွဲ့**
**မြန်မာအက်ဂရိုအိတ်(စ်)ချိန်းပတ်ဘလစ် လီမိတက် (MAEX)**

အမှတ် ၂၆၂-၂၆၄၊ ပြည်လမ်း၊ အခန်း (၀၄-၀၃)၊ ဘလောက် (အေ)၊ ၄ လွှာ၊ ဒဂုန်စင်တာ (၁)၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၀၃၉၂၈ ၊ ၅၀၃၉၂၉

OK$
သင့်ရဲ့ခရီးစဉ်များကို OK$ ဖြင့် ငွေပေးချေပြီး အလွယ်တကူခရီးသွားလိုက်ပါ..

Columbus TRAVEL & TOUR
Nice Fare Travel
SUN FAR TRAVEL & TOURS CO., LTD.
Oway Travel Services
Amazing Myanma Scenery Air Ticketing & Car Rental Services
travel corner Travels & Tours Co., Ltd
myanmar national airlines
Luxurious Travels & Tours
Exotic MYANMAR TRAVEL
Dandaryi Travel & Tours Co.,Ltd
Cherry Chapter Myanmar +959 77507750 Travels & Tours
MINGALAR HERITAGE
Excellent Trip TRAVEL & TOURS CO.,LTD
Global Vacation Tourism Services Co., Ltd.
LEISURE Travel & Tours
TWILIGHT TRAVELS & TOURS CO.,LTD.
Asia Milestone Travels & Tours Co., Ltd.
ကြယ်နန်းတော် အဆင့်မြင့် ခရီးသွားလုပ်ငန်း
Yoe Yoe Lay Travels
ရွှေဝင်ရွှေမှုံ Travel & Tours
MK MAKHAN
Take Me To Myanmar Tour & Car Rental
Great GOLDEN STAR Travels & Tours Co.,Ltd.
ASIA SAILING Travel&Tours
CROTON relax . explore . discover
First Mandalar Travels & Tour
FlyMe Fly Me Travel & Tours Co.,Ltd.
EL DORADO
EMERALD MYANMAR Travels & Tours Co., Ltd.
Royal TRAVEL & TOURS
okdollarapp
www.okdollar.com

BLUE DIAMOND CEMENT
ဘိလပ်မြေ
BLUE DIAMOND CEMENT
STRENGTH FOREVER




ဘလူးဒိုင်းမွန်းဘိလပ်မြေကို ကိုရီးယားမှ ထိပ်တန်းအင်ဂျင်နီယာများနှင့်
ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုဖြင့်
မြန်မာပြည်တွင် ဂုဏ်ယူဝင့်ကြွားစွာ ထုတ်လုပ်ပါသည်။
WWW.BLUEDIAMONDCEMENT.COM
09-777-777-688
WWW.FACEBOOK.COM/BLUEDIAMONDCEMENT

## မွေးသက္ကရာဇ်အမှန်

ဦးဇော်မင်းသူ၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ် ပွတ်သာရွာ အလက(ခွဲ) ဆဋ္ဌမတန်း(ဖြေထားဆဲ)မှ မောင်ဘုန်းမြင့်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၁၁-၂၀၀၅ ဖြစ်ပါကြောင်း။

## ကွန်ဒိုငှားမည်

ဘောက်ထော် ပြည်သာယာ
ဆေးရုံလမ်း အကျယ် ၁၅၃၀
ဆက်သွယ်ရန်
ဖုန်း- ၀၉-၄၂၁၁၇၈၉၀၈၊
၀၉-၄၄၀၅၄၆၉၈၀

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ လူနေရပ်ကွက် ဇ၀နသိဒ္ဓိရပ်ကွက်၊ မြေကွက်အမှတ် ဥ-၆၈၀၁ ဦးနေထက်အောင်ကျော် (ဘ)ဦးအောင်ကျော် ၉/မထလ(နိုင်)၂၁၈၀၉၇ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်အေးအေးမြင့် (ဘ) ဦးသိန်းမြင့် ၁၂/ကမရ(နိုင်)၀၁၉၃၉၂မှမြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/2577 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရှာသာကြီး)

## မာလာတင်

## အမျိုးသမီးကိုယ်ကာယအလှသင်တန်း

| | | |
|---|---|---|
| | စာရင်းလက်ခံပြီ | လူဦးရေကန့်သတ်သည် |
| | ၂-၅-၂၀၁၇ စမည် | အမှတ် (၂၉၇) အခန်း (၆) |
| စုံစမ်းချိန် | နံနက် (၉)နာရီ | မဟာဗန္ဓုလပန်းခြံလမ်း |
| | မှ | ရန်ကုန် |
| | ညနေ ၃နာရီ | ဖုန်း-၃၈၄၉၂၄၊ ၃၇၉၇၃၅ |
| | အတွင်း | ၀၉-၄၄၄၀၆၉၃၅၅၊ ၀၉-၂၅၄၂၀၃၀၃၇ |

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/ခ၊ လူနေရပ်ကွက်အမှတ် ကမာရွတ်၊ မြေကွက်အမှတ် ၆၀၊ ဧရိယာ ၀ ဒသမ ၀၃၁ အကျယ်အဝန်း၊ ဂရန်ရှိ မြေပိုင်မြေကွက်ဟုခေါ်တွင်သော လှိုင်မြို့နယ်၊ ၁၆ ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ် ၈၆/က မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်အုံးခင်က အမည်ပေါက်ပြီး ဒေါ်အေးအေးကြူ ၁၂/လမန(နိုင်)၀၂၄၁၇၅က ဆက်လက်ပိုင်ဆိုင်လာကာ ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေများကို အပြေအကျေပေးချေကာ လက်ရောက်ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးမိုးမင်းဆွေ LL.B, D.B.L | ဒေါ်ခင်မာနွယ်LL.B, D.B.L |
| (စဉ်-၂၈၆၄၁) | (စဉ်-၃၁၀၇၀) |

ဦးအောင်မျိုးသူ LL.B (စဉ်-၄၆၅၄၅)
အထက်တန်းရှေ့နေများ
Royal Ruby Law Firm
အမှတ် ၃၆၊ မိုးမခလမ်း၊ မှန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၀၂၂၁၁၂၊ ၀၉-၄၃၁၆၇၂၉၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်နည်းပညာတက္ကသိုလ်
# ဘွဲ့လွန်ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ၂၀၁၇ခုနှစ် ဇွန် ၁ရက်မှစတင်၍ အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

| စဉ် | ဖွင့်လှစ်မည့်ဌာန | | ဖွင့်လှစ်မည့်သင်တန်းများ | ပညာအရည်အချင်းလိုအပ်ချက် |
|---|---|---|---|---|
| (၁) | မြို့ပြအင်ဂျင်နီယာ | (က) | Post-Graduate Diploma (Structural Engineering) | B.E(Civil) |
| | | (ခ) | Post-Graduate Diploma (Water Resources Engineering) | B.E(Civil) |
| | | (ဂ) | Post-Graduate Diploma (Geotechnical Engineering) | B.E(Civil) |
| | | (ဃ) | Post-Graduate Diploma (Transportation Engineering) | B.E(Civil) |
| | | (င) | Post-Graduate Diploma (Construction Management Engineering) | B.E(Civil) |
| | | (စ) | Post-Graduate Diploma (Environmental Engineering) | B.E(Civil/Chemical) |
| | | (ဆ) | Post-Graduate Diploma (Environmental Planning and Management) | All B.E/B.Arch/M.B.,B.S/ B.D.S/M.Sc.(Chem)/ M.Sc.(IC)/M.Sc(Zoo)/ M.Sc.(Marine Biology)/ B.Sc (Forestry/B.Agr.Sc) |
| (၂) | လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ | | Post-Graduate Diploma(Renewable Energy Systems) | B.E(EP,EC) |
| (၃) | အီလက်ထရွန်နစ် အင်ဂျင်နီယာ | | Post-Graduate Diploma(Electronic and Communication Engineering) | B.E(EC) |
| (၄) | မက္ကာထရွန်နစ် အင်ဂျင်နီယာ | | Post-Graduate Diploma (Biomedical Engineering) | B.E(IT,EC,Mech,McE,EP)/ M.S(Engg:Phys)/M.Sc(Phys, Specialization in Electronics)/ BachelorofMedicalTechnology (B.Med.Tech.)/ သက်ဆိုင်ရာ လုပ်ငန်းတွင်လုပ်သက်(၃)နှစ်ရှိပြီး သော B.Sc.(Phys)(Hons) |
| (၅) | ဓာတုအင်ဂျင်နီယာ | | Post-Graduate Diploma(Food Technology) | B.E(Chemical)/M.B.,B.S/ B.V.S/B.Ag./B.Pharm./ B.Med.Tech.ဘွဲ့ရရှိသူများ၊ အစားအာဟာရ ဆိုင်ရာလုပ်ငန်းတွင် လုပ်သက် (၃)နှစ်ရှိပြီးသောB.Sc. (IC,Chy,Zoo,Bot)/B.S (BioT.) ဘွဲ့/ အလားတူဘွဲ့ရရှိ ထားသူများ |
| (၆) | ချည်မျှင်နှင့်အထည် အင်ဂျင်နီယာ | | Post-Graduate Diploma(Textile Finishing Technology) | B.E(Tex) |
| (၇) | သတ္တုတူးဖော်ရေး အင်ဂျင်နီယာ | | Post-Graduate Diploma(Environmental Impact Assessment and Environmental Management System) | All B.E/B.Arch/M.B.,B.S/ M.Sc/B.Sc.(Forestry.Phys, Chy,Bot,Zoo)/B.Agr.Sc. ဘွဲ့/အလားတူဘွဲ့ရရှိထားသူများ |
| (၈) | သတ္တုဗေဒ အင်ဂျင်နီယာ | (က) | Post-Graduate Diploma(Experimental Archaeometallurgy) | B.E(Met)/B.Sc(Chy)/ B.Sc.(Geol)/ B.A(Archaeo) |
| | | (ခ) | Post-Graduate Diploma (Extractive Metallurgy) | B.E(Met)/B.E(Mn)/ B.Sc.(Geol) |
| | | (ဂ) | Post-Graduate Diploma (Adaptive Metallurgy) | B.E(Met)/B.E(Mech) |
| (၉) | အင်ဂျင်နီယာ ဘူမိဗေဒ | | Post-Graduate Diploma (Engineeing Geology) | B.Sc(Geol)(Hons)/B.Sc (Geol)(Q)/B.Tech. (Civil. Min,Pet)သက်ဆိုင်ရာလုပ်ငန်း တွင် လုပ်သက် (၃)နှစ်ရှိပြီးသော B.Sc(Geo) ဘွဲ့ရရှိသူများ |

၂။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့်မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး(၃ဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/ မိတ္တူတင်ပြနိုင်ရမည်။)

(ခ) ပညာအရည်အချင်းလိုအပ်ချက်ပါဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ)တို့ကိုတင်ပြရမည်။

(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

၃။ သတ်မှတ်လျှောက်လွှာပုံစံများကို ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၃-၄-၂၀၁၇ရက် (တနင်္လာနေ့)မှစတင်ရယူနိုင်ပြီး ၂၈-၄-၂၀၁၇ရက် (သောကြာနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၅-၅-၂၀၁၇ရက်(သောကြာနေ့)တွင်ထုတ်ပေးမည်။

၄။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုမည့်ဘာသာရပ် | ဖြေဆိုမည့်အချိန် |
|---|---|---|
| ၈-၅-၂၀၁၇ရက်(တနင်္လာနေ့) | အင်္ဂလိပ်စာ | ၉း၀၀နာရီမှ ၁၂း၀၀နာရီ |
| ၉-၅-၂၀၁၇(အင်္ဂါနေ့) | သက်ဆိုင်ရာဘာသာရပ် | ၉း၀၀နာရီမှ ၁၂း၀၀နာရီ |

၅။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရန် အမည်စာရင်း (Short List)ကို ၂၄-၅-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင်ထုတ်ပြန်မည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၂၆-၅-၂၀၁၇ရက် (သောကြာနေ့) မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင်ပြုလုပ်မည်ဖြစ်ပါသည်။ ဘွဲ့လွန်ဒီပလိုမာသင်တန်း တက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၃၁-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် ထုတ်ပြန်ကြေညာမည်။

၆။ ဘွဲ့လွန်ဒီပလိုမာသင်တန်းများသည် တစ်နှစ်သင်တန်းဖြစ်ပြီး ဘွဲ့လွန်ဒီပလိုမာသင်တန်းအသီးသီး၌ မဟာဘွဲ့သင်တန်းတက်ရောက်ရန် အရည်အချင်းပြည့်မီစွာ အောင်မြင်သူများအား ၎င်းဘာသာရပ်တွင် မဟာဘွဲ့ တစ်နှစ်သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။

၇။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန် ဖုန်း-၀၁-၆၄၂၄၃၃နှင့် ၀၁-၉၆၆၅၇၅၃တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး
## တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီမှအသိအမှတ်ပြုသည့် Consultant Team နှင့် QA/QC Firm များအတွက်
## လျှောက်လွှာခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီးအတွင်း တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီမှ တာဝန်ယူစစ်ဆေးလျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများတွင် အငြင်းပွားဖွယ်ရာ လုပ်ငန်းအချို့ ပေါ်ပေါက်လာပါက စစ်ဆေးဆောင်ရွက်နိုင်ရန်အတွက် အထက်ဖော်ပြပါ ပညာရှင်အဖွဲ့များအား တာဝန်ပေးအပ်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဆောင်ရွက်လိုသူများသည် အမှတ် ၄၊ ရွှေစေတီလမ်း (မြန်မာ့စီးပွားရေးဘဏ်အနီး)၊ပုသိမ်မြို့၊ ဆက်သွယ်ရန် ဖုန်း-၀၄၂-၂၁၁၁၈သို့ ဆက်သွယ်၍ သိရှိလိုသောအချက်များကို စုံစမ်းမေးမြန်းပြီး ၁၀-၄-၂၀၁၇ ရက် နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

## မင်းလှဓမ္မရိပ်သာကျောင်း
## သင်္ကြန်တရားစခန်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း၊ မင်းလှဓမ္မရိပ်သာကျောင်း သင်္ကြန်တရားစခန်းကို ဧပြီ ၁၂ ရက်မှ ၂၀ ရက်အထိ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ကြီး ညွှန်ကြားပြသခဲ့သော နည်းစနစ်အတိုင်း ကမ္မဋ္ဌာနာစရိယ ဆရာတော်များက ဟောပြောပြသကြမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများကိုယ်တိုင် လာရောက်ကြိုတင်စာရင်းပေးရပါမည်။ အမျိုးသားများ ဒုလ္လဘရဟန်းဝတ်အားထုတ်ရပါမည်။ သင်္ကန်းပရိက္ခရာကို ရိပ်သာမှ ကုသိုလ်ယူလှူဒါန်းပါမည်။

**စာရင်းပေးရန် နောက်ဆုံးရက်** - ဧပြီ ၇ ရက်

**ဆက်သွယ်ရန် ဖုန်း-၀၁-၅၄၀၂၈၉၊ ၀၉-၅၅၄၄၅၄၄၈၇၊ ၀၉-၄၃၁၁၆၅၈၀၊ ၀၉-၄၃၀၄၉၂၂၄**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၃/၂၀၁၇)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား တင်ဒါခေါ်ယူလိုပါသည်-

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**

စက်နှင့်စက်အရန်ပစ္စည်းများ- Air Conditioner (10) Sets, Level Transmitter (2) Nos, Fire Fighting Truck (2) Units.

**နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း**

**စက်နှင့်စက်အရန်ပစ္စည်းများ-**

LPG Viking Pump with Motor (Filling Pump), Spare for PA Compressor & Turbine, MP Carbonate Solution Pump with Motor & MP Absorbent Return Pump with Motor, Instrument Air Compressor with Motor & $N_2$ Compressor with Motor, River Water Pump with Motor Complete Set, Carbonate Solution Pump With Motor, Industrial Water Pump With Motor, Distillation Testing Unit, Condensate Feed pump with Motor Complete Set, Differential Pressure Type Level Indicator, Flow Control Valve with Pneumatic Positioner, Heat Exchanger (Cooler) Tube Bundle, Boiler Unit, Cryogenic Pump with Motor Complete Set.

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၄-၂၀၁၇ရက်

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၅-၂၀၁၇ရက်၊ ၁၂း၀၀နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် (၄၄)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

## စတုဘုမ္မိက သင်္ကြန်တွင်း (၇)ရက်တရားစခန်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ပြည်သာယာလမ်း၊ စတုဘုမ္မိက မဂ္ဂင်ရိပ်သာ၌ ဗုဒ္ဓအလိုကျ ရွှေမင်းဝံ၄က်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဓာနနာယက ဘဒ္ဒန္တကုမာရ သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယမှ တရားစခန်းကို ဧပြီ ၁၂ ရက်မှ ဧပြီ ၁၉ ရက်နံနက်အထိ ကျင်းပမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများ မှတ်ပုံတင်နှင့်တကွ ၁၁-၄-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ၄နာရီအရောက် သတင်းပို့ကြပါရန်နှင့် ဆက်သွယ်လိုပါက ဖုန်း-၀၁-၅၇၁၉၂၉၊ ၀၉-၄၂၀၃၉၇၄၆၊ ၀၉-၄၂၀၂၃၉၈၀၀တို့နှင့် ဆက်သွယ်နိုင်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ရဲလင်းထိုက် ၈/တတက(နိုင်)၂၅၁၅၇၈၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၃၀၀၃၁၁၅**

## ပျောက်ဆုံးကြောင်း

ကျွန်မ မယဉ်ယဉ်အေး ၈/မတန(နိုင်)၁၃၀၀၆၉၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၅၀၃၀၈၀၇**

## Myanmar ICT Development Corp.,Ltd. (MICTDC)
# ကြေညာချက်

မြန်မာသတင်းအချက်အလက် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း လီမိတက် (MICTDC) ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုများကို ၄-၄-၂၀၁၇ရက် (အင်္ဂါနေ့)မှစ၍ (ရုံးချိန်)အတွင်း လာရောက်ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ယခင်နှစ်များမှ အစုရှယ်ယာအမြတ်ဝေစုများ ထုတ်ယူရန်ကျန်ရှိနေသည့် အစုရှယ်ယာရှင်များသည်လည်း မိမိတို့၏အမြတ်ဝေစုများအား လာရောက်ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ (အစုရှယ်ယာလက်မှတ်ကတ်ပြားမူရင်း၊ မှတ်ပုံတင်မူရင်းများ ယူဆောင်လာပေးပါရန်)

အသေးစိတ်သိရှိလိုပါက ဘဏ္ဍာရေးဌာန၊ (MICTDC) Office, MICT Park၊ ပင်မဆောင်၊ တက္ကသိုလ်များ၊ လှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၅၂၂၇၂~ ၀၁-၆၅၂၂၇၄၊ ၀၁-၆၅၂၂၇၈၊ ၀၁-၆၅၂၂၇၉သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် S/8790 Toyota DYNA BU 85 Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဖိုးနီ ၉/မနတ(နိုင်)၁၀၃၀၅၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/3656 Toyota Corolla S/W ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးသူ ၁၂/မဂဒ(နိုင်)၁၁၀၃၃၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## Invitation for Bids

Date:4th April 2017

Bid No. MR/BD/108

1. The Government of the Republic of the Union of Myanmar has received ODA Loan from Japan International Cooperation Agency (**JICA**). The Bids are invited by Myanma Railways for Electric Power Works.

| Sr. No. | Invitation for Bids | Description | Issuing Date | Closing Date and Time | Non-refundable Document Fee |
|---|---|---|---|---|---|
| 1 | Bid No. MR/BD/108 | CP 108: Electric Power Supply Works for 37 stations between Mahlwagon and Taungoo, Mahlwagon & Ywathagyi Substations and HT Lines. | 4.4.2017 | 5.6.2017 (2:00 PM) | 1,350,000 Kyats |

2. The Eligible Bidders who has good working record in Myanmar for Electric Power Works.
3. Interested eligible Applicants may obtain the documents on the submission of a written application to the Tender Office in the head office of Myanma Railways at Nay Pyi Taw Railway Station Compound, Pobba Thiri Township, Nay Pyi Taw, Myanmar, during office hour from 09:30 a.m to 4:30 p.m. Monday to Friday.(except holidays)
4. Bid must be delivered to the address above mentioned on or before the closing date and time.
5. Technical Bids will be opened on 5th June 2017 at 2:00 p.m at the office as stated above.

Managing Director
Myanma Railways, Ministry of Transport and Communications
Nay Pyi Taw Railway Station Compound,
Pobba Thiri Township, Nay Pyi Taw, Myanmar
Telephone: +95-67-77024,
Facsimile number: +95-67-77164
Electronic mail address: gmengnm.rail@mrt.gov.mm, dgmplan.rail@mrt.gov.mm (not for submission but for clarification)

## နတ်လှူသာစုခေါ်စေသော်



ဖျာပုံမြို့ (၄)ရပ်ကွက်၊ သီရိမင်္ဂလာကံဦးပရိယတ္တိစာသင်တိုက်အတွင်း၌ ဆောက်လုပ်ဆဲ ပရိယတ္တိ ပဋိပတ္တိသာသနာပြုဓမ္မာလင်္ကာရ နှစ်ထပ်ကျောင်းဆောင်အတွက် ဖျာပုံမြို့ ဒုတိယလမ်းနေ ဦးဟိုဟင်း-ဒေါ်ရှုချွန် (ဂျိုးကြာလျှပ်စစ်)မိသားစုတို့မှ ၂၇-၃-၂၀၁၇ရက်က ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခဉာဏ(ဂန္ထဝါစကပဏ္ဍိတ)ထံ နဝကမ္မဝတ္ထုငွေအလှူတော်ငွေကျပ်သိန်း(၄၀) လှူဒါန်းပါသည်။ နတ်လှူသာစုခေါ်စေသော်။ ။

**ဆက်သွယ်လှူဒါန်းရန်** **ပဓာနနာယကဆရာတော်** **ဖုန်း -၀၉-၄၂၂၄၄၃၆၂၆**
**စာချဆရာတော်ဦးဝေရောစန** **ဖုန်း-၀၉-၄၂၂၄၆၃၃၇၃**

## ကွမ်းခြံကုန်းမြို့၊ ရွှေကျင်(ဂျား)ကျောင်း ပရိယတ္တိစာသင်တိုက်ဆရာတော်၏ ဂုဏာဝိသိဋ္ဌပူဇာသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်/ဖိတ်ကြားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသော "မဟာဂန္ထဝါစကပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသော ကွမ်းခြံကုန်းမြို့ ရွှေကျင်(ဂျား)ကျောင်း ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ(ရွှေကျင်) ဘဒ္ဒန္တပညာဝရ(သာသနဓဇဓမ္မာစရိယ)အား ကွမ်းခြံကုန်းမြို့နယ်နှင့် ရပ်ဝေးရပ်နီးမှ တပည့်ရဟန်း သံဃာတော်များနှင့် ဒါယကာ ဒါယိကာမတို့မှ မဟာဂန္ထဝါစကပဏ္ဍိတဂုဏာဝိသိဋ္ဌပူဇာကို ၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၄ ရက်၊ ၂၉-၄-၂၀၁၇ ရက် (စနေနေ့)တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်တော်မူကြပါရန် လေးစားစွာ ပင့်လျှောက်/ဖိတ်ကြားအပ်ပါသည်။

**အလှူငွေများထည့်ဝင်လိုပါက-**

၁။ ဦးရဲတင့် ၁၂/ကခက(နိုင်)၀၀၃၃၁၃ ဖုန်း-၀၉-၇၉၉၃၉၉၉၆၀
၂။ ဦးစောထွန်း ၁၂/ကခက(နိုင်)၀၀၃၄၅၁ ဖုန်း-၀၉-၇၉၉၃၉၃၀၀၂
၃။ ဦးမျိုးမင်း ၁၂/မရက(နိုင်)၀၁၆၂၅၆ ဖုန်း-၀၉-၇၉၉၃၉၃၁၀၃ တို့သို့ဆက်သွယ်၍ CB Bank (ကွမ်းခြံကုန်းဘဏ်ခွဲ)မှတစ်ဆင့် လှူဒါန်းနိုင်ကြပါသည်။

**ပူဇော်ပွဲကျင်းပရေးကော်မတီ**

## မဟာစည်သာသနာ့ရိပ်သာ သင်္ကြန်ကာလ တရားစခန်းဝင်ရောက်မည့် ယောဂီများသိရှိရန်

၁။ (၈-၄-၂၀၁၇)နေ့မှ(၁၇-၄-၂၀၁၇)နေ့ထိ သင်္ကြန်တရားစခန်းကာလအဖြစ် သတ်မှတ်ပါသည်။
၂။ သင်္ကြန်တရားစခန်းကာလအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရန်ရှိပါသဖြင့် ပုံမှန်ရက်ရှည် တရားအားထုတ်လိုသော ယောဂီများအား လက်ခံခြင်းကို (၁-၄-၂၀၁၇) နေ့မှ (၁၇-၄-၂၀၁၇) နေ့အတွင်း ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ပါသည်။
၃။ သင်္ကြန်ကာလ တရားစခန်း ဝင်ရောက်လိုသော ယောဂီများအား (၈-၄-၂၀၁၇) နေ့မှ (၁၃-၄-၂၀၁၇) (အကြိုနေ့) အတွင်း နံနက်(၉)နာရီမှ ညနေ(၄)နာရီအထိ နေရာချထားရေးအဖွဲ့တွင် စာရင်းသွင်း ဝင်ရောက်နိုင်ပါသည်။ လူဦးရေကန့်သတ် ထားပါ၍ သတ်မှတ်လူဦးရေ ပြည့်ပါက လက်ခံနိုင်မည်မဟုတ်ကြောင်း သိစေအပ်ပါသည်။
၄။ တရားစခန်းဝင်မည့်သူကိုယ်တိုင် -နိုင်ငံသားစိစစ်ရေးကဒ် (မူရင်း) ၊သင်္ကြန်ကာလ အလှူငွေ ၅၀၀၀ိ/-ဖြင့်စာရင်း ပေးသွင်းပါရန် မေတ္တာရပ်ခံပါသည်။ (ကျန်းမာရေး မကောင်းသူများနှင့် အသက်(၁၂)နှစ်အောက်ယောဂီများ လက်မခံပါ။) မှတ်ပုံတင်မရရှိသေးသော (၁၂)နှစ်နှင့် (၁၈)နှစ်ကြား ကျောင်းသား / ကျောင်းသူများ၊ ကျောင်းသားကတ်ယူဆောင်လာကြပါရန်။
၅။ သင်္ကြန်ကာလ တရားစခန်းရက်အတွင်း ရိပ်သာအတွင်းမှ ပြင်ပသို့ထွက်ခြင်း၊ အိမ်ပြန်ခြင်းများ လုံးဝ (လုံးဝ) ခွင့်ပြုမည်မဟုတ်ပါ။
၆။ ဆက်သွယ်ရမည့်လိပ်စာ၊ ဖုန်းနံပါတ်များကို အပြည့်အစုံပေးရပါမည်။ ရိပ်သာမှ ချမှတ်ထားသော စည်းကမ်းများကို လိုက်နာနိုင်ရပါမည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ၊အမှတ်(၁၆)သာသနာ့ရိပ်သာလမ်း

## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ အထက (၁)၊ အဋ္ဌမတန်း (B)မှ ကျောင်းဝင်အမှတ် (၀၆၁၁၁) မအေးစန္ဒာခိုင်၏ဖခင် ဦးလီချိန်ကွမ်း(ခ) ဦးလီချိန်ကျွမ်း ၁၃/လရန(နိုင်)၀၉၂၈၈၄ သည် တစ်ဦးတည်းဖြစ်ပါသည်။

**ဦးလီချိန်ကွမ်း(ခ)ဦးလီချိန်ကျွမ်း**
**၁၃/လရန(နိုင်)၀၉၂၈၈၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/1455 Wai Mandalar L/T (WMLT-03) P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းထွန်း ၁၃/လရန(နိုင်)၁၄၂၀၂၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(လားရှိုး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဦးမောင်သောင်း ၁၃/တခလ(နိုင်)၀၀၀၁၇၈ ပိုင် ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အနီ ဆိုင်အမှတ် ၂၄၇၊ စတုတ္ထထပ် (၅-၁၄၉၈၇)နှင့် ဆိုင်ခန်းချအမိန့်/ငွေသွင်းချလန်စာရွက်များမှာ လမ်းမတော်မြို့နယ်အတွင်း ခရီးသွားလာရင်း ပျောက်ဆုံးသွားပါ၍ အသစ်ပြန်လည်လျှောက်ထားနိုင်ရေးအတွက် ကန့်ကွက်မှုရှိ မရှိအား အသိပေးအကြောင်းကြား ကြော်ငြာအပ်ပါသည်။ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **ဦးမောင်သောင်း**
**ဖုန်း-၀၉-၇၈၅၁၈၁၄၄၂**

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ တမာပင်ငွကျေးရွာနေ မောင်သန်းနိုင်စိုး (ဘ)ဦးမှတ်တင် ၅/ယမပ(နိုင်)၀၈၆၄၆၇ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါကြောင်း။

**ဖုန်း-၀၉-၇၉၃၃၉၆၇၈၆**

## ပျောက်ဆုံးကြောင်း

ကျောက်တံခါးမြို့နယ်၊ မှန်တမ်းကျေးရွာနေ မကေသွယ်ဝင်း (ဘ)ဦးနိုင်ဝင်း ၇/ကတခ(နိုင်)၂၀၃၉၁၂၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါကြောင်း။

**ဖုန်း-၀၉-၇၉၃၃၉၆၇၈၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**တာချီလိတ်မြို့နယ်တရားမရုံး**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂**

မယုယုလှိုင် နှင့် မောင်အောင်မင်းစိုး
**တရားလို** **တရားပြိုင်**

တာချီလိတ်မြို့၊ ဝမ်မိုင်ရွာ အညာသားလေးမုန့်ဖုတ်လုပ်ငန်းနေ မောင်အောင်မင်းစိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဧပြီ ၂၄ ရက် (၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် မတ် ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ကိုကိုနိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**တာချီလိတ်မြို့နယ်တရားရုံး**

## ချစ်သမီးလေး မေဦးစီး (ခ) ဖြိုးပြည့်ပြည့်စံအတွက် မွေးနေ့ဆုမွန်လွှာ

တစ်ဦးတည်းသော ချစ်သမီးရတနာလေး **မေဦးစီး(ခ)ဖြိုးပြည့်ပြည့်စံ** Grade-8(A)၊ အထက (၄)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၏ ၃-၄-၂၀၁၇ ရက်တွင်ကျရောက်သော (၁၄)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှစ၍ အသက် ၁၂၀ တိုင် သံသရာဝဋ်ဆင်းရဲအမျိုးမျိုးမှ ကင်းလွတ်ဝေးကာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၊ ဘေးဘယာဝေးကွာစွာဖြင့် ဖေဖေ၊ မေမေတို့နှင့်အတူ ကင်းထောက်မယ်လေးပီသစွာ တိုင်းပြည်၊ ဘာသာ၊ သာသနာ၊ မိသားစုအကျိုး ဆတက်တိုး၍ ထမ်းဆောင်နိုင်သော နိုင်ငံ့သမီးကောင်းရတနာလေးဖြစ်ပါစေရန် အစဉ်ဆုမွန်ကောင်းတောင်းလျက်-

သမီးလေးမွေးနေ့ကုသိုလ်အထိမ်းအမှတ် ရန်ကုန်မြို့၊ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာနှင့် သမိုင်း(မရမ်းခြံ) အောင်ဓမ္မရိပ်သာကျောင်းတိုက်ကြီးတို့၌ ထာဝရ ဆွမ်း၊ ဆေး၊ ပဒေသာပင်များ လှူဒါန်းပေးမှုတို့အတွက်

**နတ်လှူသာစုခေါ်စေသော် (သာဓု)**[၃]

**ချစ်ဖေဖေ- ဦးကိုကိုကြီးနှင့် ချစ်မေမေ-ဒေါ်စံပယ်လှ**
**လေးလေး- ဒေါ်နီနီလှနှင့် မမ-သီတာအေး**

# အထူးကျေးဇူးတင်ရှိပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတော်ကြီးမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဘက်စုံထူးချွန်လူရည်ချွန် (၅)ဦးအဖြစ်-

* မောင်အောင်ကောင်းမြတ် (သုံးထပ်ကွမ်းဘက်စုံပညာထူးချွန်)၊ တက္ကသိုလ်ဝင်တန်း
* မချမ်းမြေ့သီရိ (သုံးထပ်ကွမ်း ဘက်စုံပညာထူးချွန်)၊ တက္ကသိုလ်ဝင်တန်း
* မနန်းအိဝေလွင် (နှစ်ထပ်ကွမ်း ဘက်စုံပညာထူးချွန်)၊ နဝမတန်း
* မောင်ရွှေထော်ထော် (ဘက်စုံပညာထူးချွန်)၊ နဝမတန်း
* မောင်လင်းဘုန်းပြည့် (ဘက်စုံပညာထူးချွန်) အဋ္ဌမတန်း

တို့ ထွက်ပေါ်လာခဲ့ပါသည်။ ယခုကဲ့သို့ ဘက်စုံပညာထူးချွန် (လူရည်ချွန်)များဖြစ်အောင် ဦးဆောင်လမ်းညွှန် သင်ကြားပြသဆိုဆုံးမပေးခဲ့ကြပါသော ကျောင်းအုပ်ဆရာမကြီးဒေါ်လှလှဝင်းနှင့် ဆရာ ဆရာမအားလုံးတို့အား အထူးပင် ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။

- ဦးသိန်းငွေ (မုဒိတာ electronic)နှင့် ဇနီး ဒေါ်ခင်သန့်စင်မာ (ရွှေနန်းတော်ရွှေဆိုင်)
- ဦးအေးထွန်း (တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်ပွင့်ဖြူဇင် (အထက်တန်းရှေ့နေ)
- ဦးစိုးပိုင် (electronic)နှင့် ဇနီး ဒေါ်ကေသီမြင့်
- ဦးအောင်ကျော်မိုး (ဥက္ကဋ္ဌ-ရစက ရေယာဉ်)နှင့် ဇနီးဒေါ်ပပလှိုင် (ရွှေထော်ထော်စာရေးကိရိယာ)
- ဦးခင်မောင်စိုး(ဆင်ကဖီး)နှင့် ဇနီး ဒေါ်လှဲ့လှဲ့ဝင်း



ယမန်နှစ်က မန္တလေးသင်္ကြန်ပွဲတော်တွင် နိုင်ငံခြားသားများ ပါဝင်ဆင်နွှဲနေသည်ကို တွေ့ရစဉ်

# ရိုးရာသင်္ကြန်အစစ်အမှန်ကို ပြန်လည်ဖော်ထုတ်၍ နိုင်ငံတကာခရီးသွားများပါဝင်ဆင်နွှဲနိုင်ရန် ဆွဲဆောင်သွားမည်

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**မန္တလေး ဧပြီ ၂**

ယခုနှစ် မန္တလေး သင်္ကြန်ပွဲတော်တွင် မြန်မာတို့၏ရိုးရာသင်္ကြန်အစစ်အမှန်ကို ပြန်လည်ဖော်ထုတ်၍ သင်္ကြန်ကာလအတွင်း မန္တလေးမြို့သို့ရောက်ရှိနေသော နိုင်ငံတကာခရီးသွားများပါဝင်ဆင်နွှဲလာစေရန် ဆွဲဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)ဥက္ကဋ္ဌ ဦးမင်းနိုင်က ပြောကြားသည်။

အဆိုပါအစီအစဉ်တွင် မြန်မာနိုင်ငံဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)၊ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)၊ မန္တလေးစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းနှင့် မန္တလေးညော့်လမ်းညွှန်အသင်းတို့မှ ပူးပေါင်းပါဝင်ကြပြီး မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်တွင် မြန်မာတိုင်းရင်းသားများနှင့်အတူ နိုင်ငံခြားသားများ ရင်းနှီးပျော်ရွှင်စွာ ရေကစားစေခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ပိုမိုသိရှိလေ့လာခွင့်ရရှိကာ ခရီးသွားမြှင့်တင်ရေးလုပ်ငန်းအတွက်လည်း ဆွဲဆောင်သွားနိုင်ရန်ရည်ရွယ်ချက်များပါဝင်ကြောင်း သိရှိရသည်။

*စာမျက်နှာ ၇ ကော်လံ ၄* ●

# အာရှ ယူ-၁၉ ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်၌ မြန်မာနှင့် တောင်ကိုရီးယားအသင်း တွေ့ဆုံ

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်**

**ရန်ကုန် ဧပြီ ၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အာရှ ယူ-၁၉ ဘော်လီဘောပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည် ဒုတိယနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ကျင်းပရာ မြန်မာအသင်းက ဂျပန်ကို ရှုံးနိမ့်ခဲ့ပြီး ကွာတားဖိုင်နယ်တွင် တောင်ကိုရီးယားအသင်းနှင့် ကစားရမည်ဖြစ်သည်။

ဒုတိယနေ့ပွဲများတွင် ဂျပန်အသင်းက မြန်မာအသင်းကို သုံးပွဲပြတ်၊ အီရန်အသင်းက တရုတ်(တိုင်ပေ) အသင်းကို သုံးပွဲပြတ်၊ ဩစတြေးလျအသင်းက ထိုင်းအသင်းကို သုံးပွဲ-တစ်ပွဲ၊ တောင်ကိုရီးယားအသင်းက တရုတ်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ဂျပန်အသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ ၁၅-၂၅ မှတ်၊ ၉-၂၅ မှတ်၊ ၁၆-၂၅ မှတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ကွာတားဖိုင်နယ်အတွက် အဆင့်သတ်မှတ်ရန်ကစားသည့် ဒုတိယအဆင့်အုပ်စုပွဲများတွင် နှစ်ပွဲစလုံးရှုံးနိမ့်ခဲ့သောကြောင့် ကွာတားဖိုင်နယ်တွင် အုပ်စု (F) ၌ ပထမရရှိလာသည့် တောင်ကိုရီးယားအသင်းနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲများကို ဧပြီ ၃ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၁၀ နာရီတွင် ဂျပန်နှင့် တရုတ်(တိုင်ပေ)၊ မွန်းလွဲ ၁၂ နာရီခွဲတွင် တောင်ကိုရီးယားနှင့် အိမ်ရှင်မြန်မာ၊ ညနေ ၃ နာရီတွင် ထိုင်းနှင့် အီရန်၊ ညနေ ၅ နာရီခွဲတွင် တရုတ်နှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။



မြန်မာနှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်နေစဉ်



# ရန်ကင်းတောင်တက် ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲကျင်းပ

**တင်မောင်(မန်းကိုယ်ပွား)**

**မန္တလေး ဧပြီ ၂**

မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး စက်ဘီးဆပ်ကော်မတီတို့ကြီးမှူး၍ ရန်ကင်းတောင်တက်ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲကို ဧပြီ ၂ ရက် နံနက် ၆ နာရီက မန္တလေးမြို့ ၇၈ လမ်းရှိ အိုစတိုးရှေ့တာလွှတ်စုရပ် နေရာ၌ ကျင်းပသည်။ ပြိုင်ပွဲသို့ မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင်၊ ရန်ကုန်တို့မှ ပြိုင်ပွဲဝင်သက်တမ်းအလိုက် စက်ဘီးစီးအားကစား ဝါသနာရှင်များ ၂၅၀ ကျော်တို့က သတ်မှတ်နေရာတွင်နေရာယူကြပြီး မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက အချက်ပြသေနတ်ပစ်ဖောက်၍တာလွှတ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် စက်ဘီးစီးအားကစားသမားတို့သည် စုရပ်မှ ၇၈ လမ်းအတိုင်း ၂၆ လမ်း၊ လမ်း ၈၀၊ ၁၂ လမ်းမှ ဂေါက်ကွင်းလမ်း ထိုမှ ရွှေကျင်ကွေ့မတ္တရာ ကားလမ်းမှ အရှေ့ဘက် ရန်ကင်းတောင်ပေါ် နဂါးရုံဘုရားအနီး သတ်မှတ်နေရာအထိ စီးနင်းယှဉ်ပြိုင်ပန်းဝင်ခဲ့ကြရာ အလှူရှင်များက sport-x အားဖြည့် အချိုရည်များပေးဝေခဲ့ကြကြောင်း သိရသည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ❍

